မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှု

Invest Myanmar

Tapping A New Asian Tiger

A Myanmar Times Special Feature - September 2012

နောက်ဆုံးမျက်နှာစာ

တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်လာသော မြန်မာ

နှစ်ပေါင်း ၅၀ ကျော်ကြာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နေးကွေးခဲ့ရာမှ နောက်ဆုံး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံရန် တံခါးဖွင့်ပေးလိုက်ပြီ ဖြစ်သည်။ အရှေ့တွင် တရုတ်နိုင်ငံနှင့် အနောက်တွင် အိန္ဒိယနိုင်ငံ တို့ကဲ့သို့ အင်အားကြီးနိုင်ငံများအကြား တည်ရှိနေသော မြန်မာနိုင်ငံ အနေဖြင့် စွမ်းအင်၊ သတ္တုတူးဖော်ရေး အခြေခံအဆောက်အအုံ၊ ငါးလုပ်ငန်း အမြင် ကဏ္ဍပေါင်းများစွာတို့တွင် ရင်းနှီးမြှုပ်နှံရန် မယုံနိုင်လောက်သော အခွင့်အရေးများပေးနေပြီ ဖြစ်သည်။ ထို့အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့က အာရှ၏ နောက်ဆုံး မျက်နှာစာဟု မြန်မာနိုင်ငံကို အပည်ပေးထားပေသည်။ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရန် အတွက် လမ်းညွှန်စာစောင်တင်ခုအနေဖြင့် အတွင်း စာမျက်နှာများတွင် ဆက်လက် ဖတ်ရှုပါရန်။

သတင်း



ယူရိုကွန်ဖရင့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲ နေပြည်တော်တွင် စက်တင်ဘာ ၁၂-၁၃ ကျင်းပစည်

စွမ်းအင်

၁၉၈၈ ခုနှစ်မှ နိုင်ငံခြား အရန်ငွေ သုညနီးပါးမှ ယခုအခါ ဒေါ်လာ ၇.၂ ဘီလီလျံအထိ ရှိလာသည်မှာရေနံနှင့် ဓာတ်ငွေ့က အဓိကကျ

ဆောက်လုပ်ရေး

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ကောင်းကျိုးလား၊ ဆိုးကျိုးလား။ ပြည်တွင်းလုပ်ငန်းရှင်များ အခွန်ကင်းလွတ်ခွင့် တန်းတူရလိုကျ။

ရေလုပ်ငန်း

နာဂစ်ဒဏ်ခံရပြီး နောက်ပိုင်း ပြည်တွင်း ရေလုပ်ငန်းရှင်များက ပြည်ပရင်းနှီးမြှုပ်နှံမှုများကို စောင့်မျှော်နေကြ

အထူးစီးပွားရေးဇုန်

အထူးစီးပွားရေးဇုန် ဒေါ်လာဘီလျံပေါင်းများစွာ ရင်းနှီးရမယ် မြန်မာနိုင်ငံက အထူးစီးပွားရေး ဇုန် စီမံကိန်းတွေလည်း လှုပ်လှုပ်ရှားရှားဖြစ်လာပြီ။

ဆက်သွယ်ရေး

ပြည်တွင်း ဆက်သွယ်ရေး ကုမ္ပဏီ သုံးခုက ပြည်ပ ကုမ္ပဏီများနှင့် ဖက်စပ် လုပ်ကိုင်ကြတော့မည်။

ယခု အထူးထုတ် ၂၄ မျက်နှာ အပါအဝင် စုစုပေါင်း ၁၈၈ မျက်နှာ

ရင်းနှီးမြှုပ်နှံလိုသူတွေအနေနဲ့ ဒွိဟဖြစ်ပြီး စောင့်နေရင် နောက်ကျမှာပဲ

စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က မြန်မာနိုင်ငံရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍပြည်ပမှ လာရောက် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး မြန်မာ့ဝိုင်း(မ်)မှ သတင်းထောက် နော်စေးဖောစါးနဲ့ အခုလို ဆွေးနွေးထားပါတယ်။

*** လက်ရှိစွမ်းအင်ကဏ္ဍကို ဘယ်လိုသုံးသပ်ပါသလဲ။**

မြန်မာနိုင်ငံရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ အလားအလာက အရှေ့တောင်အာရှမှာဆိုရင် တော်တော်များများ တွင်တွင်ကျယ်ကျယ် လုပ်နေကြတဲ့ တနိုင်ငံ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတွေထက်စာလို့ရှိရင် မြန်မာနိုင်ငံက ဘာမှ များများစားစား မလုပ်ရသေးဘူး။ များများစားစား မလုပ်ရသေးတဲ့ အပြင်ရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေကလည်း နောက်ထပ်တွေ့ဦးမယ်ဆိုတဲ့ အလားအလာတွေ ဖော်ပြနေတော့ အတော်များများက စိတ်ဝင်စားနေကြတယ်။

စိတ်ဝင်စားတဲ့အလျောက် အခုဆိုရင် သတင်းစာတွေမှာလည်းပါတယ်။ ဟိုးအရင်တုန်းက လာချင်ပေမယ့်လည်း အခြေအနေအရ မလာနိုင်ကြတဲ့ ရေနံကုမ္ပဏီကြီးတွေ ရှဲလ်၊ ဆတပ်ဝါးတို့ ဘီပီတို့ ဘီဂျီတို့အကုန်လုံး တော်တော်များများက ဝင်လာကြမယ်ဆိုတဲ့ အနေအထားမျိုးရှိတယ်။

*** ဘယ်လိုအနေအထားမျိုး ဝင်လာကြမယ် ဆိုတာ ရှင်းပြပေးပါ။**

တချို့က မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ အမျိုးမျိုးတော်တော်လေး ပြောဆိုတာရှိတယ်။ ဒါပေမယ့် အဲဒီပြောဆိုနေတဲ့ကြားထဲကကိုပဲ အဲဒီနိုင်ငံက ကုမ္ပဏီကြီးတွေ လာကြမယ် လုပ်ကြမယ်ဆိုတဲ့ အနေအထားဟာ ကျွန်တော်တို့အနေနဲ့ တော်တော်တန်တန် မြန်မာနိုင်ငံအပေါ်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့အလားအလာနဲ့ပတ်သက်လို့ အပြင်က တော်တော်ကို ကောင်းလွန်းအားကြီးလို့ လာကြတာပေါ့လေ။ အခု မြန်မာနိုင်ငံကိုလည်း ပြောနေကြတာပေါ့လေ။ ယခင်က လုပ်ခဲ့တဲ့ ၁၉၉၀ ကစပြီးတော့ နိုင်ငံခြားကုမ္ပဏီနဲ့ တွင်တွင်ကျယ်ကျယ်လေး လုပ်လာတဲ့အခါမှာ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းဟာ transparency ပေါ့။ အဲဒါကို တချို့က ပြောကြတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဒီလုပ်ငန်းမှာ ထဲထဲဝင်ဝင် လုပ် လာတဲ့လူဖြစ်တာပေါ့။ အစိုးရဝန်ထမ်းဟောင်း တစ်ယောက်အနေနဲ့ အစိုးရဘက်ကို ကာကွယ်ပြောတာထက် ပညာရှင်တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့တစ်တွေဟာ အဲဒီအခြေအနေတုန်းက မြန်မာနိုင်ငံကို ဆန်ရှင်ကရော၊ ယူရိုကရော ချထားတဲ့အခါမှာ ကျွန်တော်တို့သယံဇာတကိုရောင်းလို့ရတဲ့ ငွေကြေး။ ကျွန်တော်တို့ အင်မတန်ကို ထိကထိုက်တန်တန်ရမယ့် ရောင်းရငွေလေးတောင်မှ မြန်မာနိုင်ငံကို သွင်းလာဖို့နဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံက ဆန်ရှင်လုပ်တဲ့အတွက် သွင်းလို့ မရခဲ့ဘူး။ စာချုပ်တွေ ချုပ်တာတောင် ယူအက်စ်ဒေါ်လာကို အခြေခံပြီးအရောင်းအဝယ်လုပ်ကြမယ်ပြောဆိုကြပြီး အမေရိကရဲ့ ပိတ်ဆို့မှုကြောင့်မို့လို့ အမေရိကန်ဒေါ်လာ ဖြည်တွင်းကို ဝင်လို့မရတဲ့ အခြေအနေရှိခဲ့တယ်။ အဲဒီလိုမရတဲ့ အခြေအနေမှာ ကျွန်တော်တို့က အကုန်လုံး လုပ်နေကြတဲ့ ရေနံကုမ္ပဏီကြီးတွေ အဝါအဝင်သူတို့က ဖြစ်နိုင်ရာဖြစ်နိုင်ကြောင်းအနေနဲ့ ရအောင်လုပ်ပြီးတော့ ငွေကြေးကို လွှဲပေးတယ်။ တစ်ဆင့်တက်လာတဲ့ အခါ ဘာလဲဆိုတော့ ယူအက်စ်ဒေါ်လာတွေ ပြည်ပက ပြည်တွင်းကို တင်သွင်းရုံမကတော့ဘဲ ယူအက်စ်ဒေါ်လာကို မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ transaction တွေမှာ မသုံးရတော့ဘူးဆိုတဲ့ အဖြေအနေပေါ့။ အဲဒီလိုဖြစ်တဲ့အချိန် ယူရိုဒေါ်လာကို ပြန်ပြောင်းသွားတယ်။ ပြောင်းတဲ့အခါမှာ conversion rate နဲ့ ပတ်သက်ပြီးတော့ အတက်အကျတွေမှာ ခံလိုက်ရတာမျိုး၊ အခကြေးငွေတွေပေးရတဲ့အတွက် ငွေကြေးတွေ အကုန်အကျခံရတာမျိုး စသဖြင့် နစ်နာတဲ့အပိုင်းတွေ ရှိတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့တစ်တွေဟာ ကိုယ့်သယံဇာတကို ရောင်းတဲ့အခြေအနေမှာ ရသင့်ရထိုက်တဲ့ ဒီတန်ဖိုးတန်ကြေးကိုရအောင် လုပ်ခဲ့ရတဲ့အခါမှာ transparency ဆိုတာ ကျွန်တော်တို့က လုပ်လို့မရတဲ့ အဖြေအနေမျိုး ရှိတာပေါ့။ ပြောရမယ်ဆိုရင် အရင်တုန်းက အတူတူလုပ်ကြရတဲ့ တိုတယ်ရေနံကုမ္ပဏီတွေ၊ ပက်ထရိုးနာ့စ်တို့ သူတို့တွေက လိုက်လိုက်လျောလျောနဲ့လုပ်ခဲ့ကြလို့ ဒီကနေ့ဆိုရင် ဝန်ကြီးကိုယ်တိုင်တောင် ပြောတယ်။ နိုင်ငံခြားအရန်ငွေ (Foreign Reserve) ၇ ဒသမ ၂ ဘီလျံတောင်မှ ရှိနေပြီ။

*** ဟိုတုန်းကနဲ့ အခုအချိန် ဓာတ်ငွေ့ရောင်းရတဲ့အပေါ် ရှင်းပြပေးပါ။**

ကျွန်တော်တို့ ၁၉၈၈၊ ၈၉၊ ၉၀ တုန်းကဆိုရင် နိုင်ငံခြားအရန်ငွေ(အက်ဖ်အာ) မရှိသလောက်ပဲ။ အခု result က ၇ ဒသမ ၂ ဘီလျံဒေါ်လာ။ ဦးလှထွန်း ပြောတာ။ ဒီဝမာဏရတာက ဆန်ရောင်းလို့ပဲ ရတာမဟုတ်ဘူး။ ဓာတ်ငွေ့ရောင်းလို့ရတဲ့ အထဲက။ ကမောက်ကမ မဖြစ်အောင် ပညာရှင်တွေနဲ့ ပြည်သူ့ဝန်ထမ်းတွေ လုပ်ခဲ့ကြတာ။

ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

No.	Particular	Permitted Enterprises		
		No.	Approved Amount (US$ in Million)	%
1	Power	5	18,873.72	46.69
2	Oild and Gas	104	13,815.38	34.18
3	Mining	64	2,794.46	6.91
4	Manufacturing	160	1,753.95	4.34
5	Hotel and Tourism	45	1,064.81	2.63
6	Real Estate	19	1,056.45	2.61
7	Livestock and Fisheries	25	324.358	0.8
8	Transport and Communication	16	313.272	0.77
9	Industrial Estate	3	193.113	0.48
10	Agriculture	7	173.101	0.43
11	Construction	2	37.767	0.09
12	Other Services	6	23.686	0.06
	Total	**456**	**40,424.07**	**100**



Reference: UMFCCI

အခုဆိုရင် အတော်များများ Foreign investment က မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရမလား။ မလုပ်ရဘူးလားဆိုတာ သူတို့ ဒွိဟဖြစ်နေတဲ့ အချိန်မှာ။ နောက်ဆုံး မြန်မာနိုင်ငံရဲ့ နိုင်ငံရေး နောက်ဆုံးအဆုံးအဖြတ်ပေးမှာက ပြည်သူလူထုပဲ။ ပြည်သူလူထုကလည်း ဒီလိုလုပ်ချင်နေကြတာပဲ။ လုပ်ချင်တော့ ဒီလိုလမ်းကြောင်းကိုဖြစ်အောင် သွားကြမှာပဲ။ ဘယ်လိုပဲဖြစ်နေ၊ ဖြစ်ခဲ့တာတွေ ဖြစ်ခဲ့ပြီးပြီ။ နောက်ထပ်ဖြစ်ဆိုလည်း ဖြစ်လာမှာ မဟုတ်တော့ဘူး။ သွားကြမှာပဲ။ သွားတဲ့အခါ ဒီမိုကရေစီလမ်းကြောင်းပေါ် အနေးနဲ့အမြန် ရောက်ဖို့ပဲရှိပါတယ်။ ဒီလမ်းကြောင်းရောက်တာနဲ့အမျှ ရင်းနှီးမြှုပ်နှံတာနဲ့ ပတ်သက်လို့ ပြောကြ ဆိုကြတာလည်းပဲ မဖြစ်လောက်ပါဘူး။ သယံဇာတရောင်းပြီး ငွေကြေးတွေ ဝင်လာတဲ့အခါမှာ အဲဒီနိုင်ငံရဲ့ ထုတ်ကုန်ပစ္စည်းတွေက non-resource အရောင်းအဝယ် နည်းသွားမယ်။ ထုတ်လုပ်မှုနည်းသွားမယ်။ export လုပ်တာ နည်းသွားမယ်။ ငွေကြေးတန်ဖိုးလည်း ကျမယ်ပေါ့။ မြန်မာပြည်က အဲဒီလိုမဟုတ်ဘူး။ ကျွန်တော်တို့တွေ export လုပ်တယ်ဆိုတာ Resource ဘေ့စ်တွေ export လုပ်တာ။ ကျွန်တော်တို့က ဘာတက်ကနော်လော်ဂျီမှ မရှိပါကား။ မရှိတော့ ကျွန်းသစ်လို ကျောက်စိမ်းလိုဟာမျိုး ရီဆို့စ်ဘေ့စ်ပဲ ပို့နေရတာပေါ့။ ပြီးခဲ့တဲ့ကာလမှာ အကြောင်းအမျိုးမျိုးကြောင့် စီးပွားတိုးတက်ရေးအနေနဲ့ ပြင်သာထင်သာ မရှိပေမယ့်လို့ တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ ဖြစ်လာတာပဲ။ ရုတ်ရုတ်သဲသဲမဖြစ်ဘူး။ ကမ္ဘာက အံ့သြယူရတဲ့အနေအထားမျိုးဖြစ်သွားတာပဲ။

*** မြန်မာနိုင်ငံကို လာရောက် ရင်းနှီးမယ့် ရေနံနဲ့ သဘာဝဓာတ်ငွေ့ကုမ္ပဏီတွေကို ဘာပြောချင်လဲ။**

သူတို့အနေနဲ့ ရင်းနှီးမြှုပ်နှံရမယ် မနှံရဘူးဆိုတာ ဒွိဟဝင်ပြီးတော့ စောင့်နေကြမယ် ဆိုရင်တော့ တဖြည်းဖြည်းနောက်ကျမှာပဲ။ အရင်ကလည်း ဖြစ်ပြီးပြီ။ သူတို့မလာရင် ဒီပြင်လူတွေ လာကြမှာပဲ။ အခုအချိန် မြန်မာပြည်က နိုင်ငံရေးအရ ပွင့်လင်းလာပြီဖြစ်တဲ့အချိန် အရှေ့တောင်အာရှမှာရှိတဲ့ တိုင်းပြည်တွေကရော အရှေ့အာရှမှာရှိတဲ့သူ အတော်များများရော လာကြတာပဲ။ ယူရိုကလည်း လာကြတာပဲ။ အဲဒီတော့ ကိုယ်မလာရင် သူများတွေလာကြမှာပဲ။ ကျွန်တော်တို့ အနေနဲ့ကတော့ များများစားစားလာစေချင်တာပေါ့။ အပြိုင်အဆိုင်ရှိမှ ဈေးကောင်းရသလို တိုးတက်တာပေါ့။ ပြောချင်တာက လာကြပါ။

*** စွမ်းအင်ကဏ္ဍမှာ responsible investment နဲ့ ပတ်သက်ပြီး သူတို့ကို ဘယ်လိုပြောချင်လဲ။**

Responsible investment ဆိုတာနဲ့ ပတ်သက်ပြီး နှစ်ခုရှိတယ်။ တစ်ခုကရတဲ့ revenue ဟာ ပြည်သူတွေအတွက် ခံစားပိုင်ခွင့်၊ နောက်တစ်ခုက Corporate social responsibility ပေါ့လေ။ အဲ့ဒါကလည်း community နဲ့ ပတ်သက်ပြီးတော့ အကုန်လုံး လုပ်စေချင်တဲ့ သဘောမျိုးပေါ့။ လုပ်သင့်တဲ့ အတိုင်းအတာသည် အခြားတိုင်းပြည်မှာရှိတဲ့ အတိုင်းတာထက် စာရင် ပိုပြီးနည်းမလား များမလားဆိုတာ သူတို့ အသိဆုံးပေါ့။ ကုမ္ပဏီအနေနဲ့က သူတို့ဘာတွေလုပ်တယ်ဆိုတာကို ပြောလိုကလည်း မပြစ်ဘူး။ ပြောမယ်ဆို အရင်တုန်းက လုပ်ရှားမှုတွေ ပြောနေကြတာ။ military government ကို သက်ဆိုးရှည်အောင် လုပ်တယ်ဆိုတဲ့သဘောမျိုး ပြောနေကြတာ။ အမှန်တော့ မဟုတ်ဘူး။ သူလည်း community လုပ်ငန်းမှာရှိတဲ့ ပြည်သူတွေ ခံစားနိုင်ဖို့ လုပ်တဲ့အပိုင်းရှိတာပေါ့။ အနည်းအများတော့ questionable ပေါ့။ ဒီလုပ်ကွက်တွေ လေလံကို စက်တင်ဘာလကုန်လောက်မှာ ဖြစ်နိုင်မယ်လို့ ကြားရတယ်။

• မြန်မာနိုင်ငံရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ဌာနဆိုင်ရာ အကြီးအကဲတွေအနေနဲ့ တကယ်ပဲ လာတာကို မြန်ဆန်အောင် နည်းလမ်းတွေ ဘယ်လိုရှိလဲဆိုတာ ဝေဝန်ပေးပါ။

ဒီတစ်ခုက အချိန်ဆွဲနေလေ ခုနက ပြောသလို ဖြစ်မှာပေါ့။ အဲဒီလိုမျိုးမဖြစ်အောင် ရင်းနှီးမြှုပ်နှံမှ လုပ်ရမှာပေါ့။ ဝွင်ပွင့်လင်းလင်းပြောရမယ်ဆို corruption က ကျွန်တော်ဖြင်သာတဲ့နေရာတွေမှာတော့ မရှိရိုးအမှန်ပဲ။ ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ဘဝပေါ့။ မရှိဘူး။ ကျွန်တော်လည်း ထိပ်ပိုင်းမှာ ဝင်ထွက်သွားလာ လုပ်ကိုင်ခဲ့တာပဲ။ မရှိပါဘူး။ ဒါပေမယ့် ဒီလုပ်ငန်းတစ်ခုကို one stop services သဘောမျိုး လုပ်နိုင်မယ်ဆိုရင်တော့ ခုနကပြောတဲ့ မသမာမှုတွေက စိုရှင်းရှင်းလင်းလင်း ဖြပ်တာပေါ့။

*** လူတော်တော်များများ နိုင်ငံရေး စိတ်ဝင်စားလာတယ်။ ရေနံနဲ့ ဓာတ်ငွေ့မှာ လုပ်နေတဲ့သူတွေအတွက်ရော ဘယ်လိုသုံးသပ်လဲ။**

၁။ နိစ္စဓူဝ ပုံမှန်လိုက်ကိုင် စားသောက်နေတဲ့ သူတွေအားလုံးအနေနဲ့ နိုင်ငံရေးမှာ စိတ်ဝင်စားလာတဲ့အချက်နဲ့ ပတ်သက်ပြီး။ ကျွန်တော်တို့ဆီက ဖြစ်ပျက်သွားခဲ့တဲ့ ကိစ္စနဲ့ဆို ဟိုးအရင်တုန်းက အချိန်မျိုးဆိုရင် တစ်နိုင်ငံလုံး ဟန်းဟန်းတောက်ပါ။ အဲဒီအခါမှာ အံ့သြလောက်အောင်ပဲ ပြည်သူလူထုက ဘာမှရေးကြီးခွင်ကျယ်နဲ့ ပြန့်နှံမသွားဘူး။ ကွန်တိန်းဖြစ်နေတယ်။ အဲ့ဒါကြည့်မယ်ဆို လူတွေသည် တိုင်းပြည်ကောင်းရာ ကောင်းကျိုးအတွက်ဆိုရင် သတိဟာ ချိုးနှိမ်ပြီးတော့ ကိုနေကြတာ။ တိုင်းပြည်ကြီး လမ်းကြောင်းပေါ် ပုံမှန်သွားနိုင်အောင်ဆိုပြီး။ ရေနံမှာလည်း ပဂ္ဂလိက လုပ်ချင်တယ်ဆိုပြီး စွမ်းအင်ဝန်ကြီး ဌာနမှာ စာရင်းသွင်းထားတဲ့ အဖွဲ့ အစည်းပေါင်း ၆၀ နီးပါးလောက်ရှိတယ်။ တော်တော်များများကတော့ ရေနံလုပ်ငန်းမှာ စိတ်ဝင်စားတယ်လို့ ပါတယ်။ အထူးသဖြင့် တော်တော်များများ မချင့်မရဲဖြစ်နေတာက မီးမရတာတို့၊ ဓာတ်ငွေ့ မရှိတာတို့ဆိုတဲ့ သဘောမျိုးဖြစ်နေတာကိုး။ ဓာတ်ငွေ့မရှိတာများ ဘာလို့ ပြည်ပကို ရောင်းနေသေးလဲ၊ ရေအားလျှပ်စစ်ရှိတာ ပြည်ပကို ဘာလို့ရောင်းနေသေးလဲဆိုတဲ့ မေးခွန်းတွေမေးကြတာကိုး။ အထူးသဖြင့် ဓာတ်ငွေ့နဲ့ပတ်သက်တာပြောရမယ်ဆိုရင် ရတနာဓာတ်ငွေ့နဲ့စပြီး တွေ့ပြီး ဖွံ့ဖြိုး လုပ်ငန်းလုပ်မယ်ဆိုပြီး စစဉ်းစားခဲ့ကြတုန်းက ရတနာဓာတ်ငွေ့ကထွက်မယ့် ပမာဏက ကုဗပေ သန်းပေါင်း ၉၁၁၊ ၁,၀၀၀ လောက် ထွက်မယ့်ဟာမျိုး။ နောက်တစ်ခါ အဲလောက်ထုတ်မှုလည်းပဲ လုပ်ငန်းအတွင်းမှာ investment လုပ်ထားကြတဲ့ ကုမ္ပဏီကြီးတွေနဲ့က သူတို့ရဲ့ အရင်းကို ခန့်မှန်းထားတဲ့ အတောအတွင်းမှာ ကြေမှာ။ အဲဒီလိုပမာဏထုတ်ပြီး ရောင်းလိုက်တဲ့ အခါမှာလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးရမှ သူတို့ထွက်ထားတဲ့ တွက်ကိန်းကို ပင်မှာ။ ဒီလောက်ထွက်နိုင်တဲ့ ဝမာဏကို စုပ်ယူနိုင်တဲ့ industry ကျွန်တော်တို့မှာ မရှိဘူး။ ကုဗပေ ၉၀၀၊ ၁,၀၀၀ လုပ်မယ့်ဟာအတွက် industry လုံးဝမရှိဘူး။ ကျွန်တော်တို့ အများဆုံးလုပ်နိုင်တာက ၂၀၊ ၃၀၊ ၄၀ ပဲ။ အခုထိလည်း အဲလောက်ပါပဲ။ နောက်တစ်ခါ ကိုယ့်ဟာကိုယ် ဇွတ်လုပ်ပြီး ကိုယ်ကိုယ်တိုင် ဝယ်ပြီး သုံးမယ်ဆိုလို့ရှိရင် ကြိုက်ဈေးမပေးနိုင်ဘူး။ ကျွန်တော်တို့တွေက ထိုင်းကို ရောင်းခြင်းအားဖြင့် ကုဗပေ ၀,၀၀၀ ကို ခြောက်ဒေါ်လာ အထက်လောက် ရတဲ့အချိန်မှာ အဲဒီပမာဏကိုမပေးနိုင်ဘူး။ အကြမ်းအားဖြင့်ပေါ့။

အဲဒီလို အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်တိုင်းပြည်က ထွက်တဲ့ ဓာတ်ငွေ့ကို ကိုယ်ကိုယ်တိုင် မသုံးခဲ့နိုင်ဘူး။ အဲ့ဒါကိုတွေ တချို့က အပေါ်ကနေကြည့်ပြီးတော့ မမြေမင်ဖြစ်ပြီးတော့ ကိုယ်မှာရှိရဲ့သားနဲ့ ဒါတွေထုတ်ရောင်းနေလို့ ဖြစ်မလားပေါ့။ ခုနကပြောတဲ့ အကြောင်းအချက်တွေက ထုတ်မရောင်းရင်ကို မပြစ်တဲ့ အခြေအနေ။ အခုဆိုရင်တော့ ၀၀ ဒေါ်လာအထက် ရှိနေပြီ။ ရေနံဈေးနှုန်းတက်ရင် တက်တယ်။ ■

ရင်းနှီးမြှုပ်နှံမှု အထူးထုတ် အချပ်ပို

Editors:
Myo Lwin, Ben White
Writers:
Htar Htar Khin, Victoria Bruce, Naw Say Phaw Waa, Sandar Lwin, Aye Thida Kyaw, Aye Sapay Phyu, Su Hlaing Tun, Soe Sandar Oo, Tim Harcourt

Design and DTP:
Tun Min Soe,
Tin Zaw Htway,
Khin Zaw, Ye Htay,

Photographers:
Kaung Htet, Min Zaw

Cover Photo:
Boothee

For enquires and feedbacks
Contact:
myolwin@myanmartimes.com.mm
whitecb@gmail.com

CNQC

Since 1952

Qingjian International (Myanmar) Group Development Co., Ltd.

Business scope: project design, contracting, real estate development and investment, international logistics.

We adhere to high standards and strict requirements of Singapore, and aim to provide you with first-class services.

Address: No22.U Chit Mg Housing,U Chit Mg Road,
Tamwe Township,Yangon

Telephone: +95-1-554046 Fax: +95-1-554048

Mobile: +95-9-421142233

E-mail:cnqcmyanmar@gmail.com

One-stop Construction Service From Singapore , Serve Myanmar

Qingjian International (South Pacific) Group Development Co. Pte Ltd

Incorporated in Singapore in 1999, Qingjian International has risen from a small contractor to a large scale company with a current workforce of more than 2000 staffs.

The company is also certified the highest grade A1 as a General Builder by the Building and Construction Authority of Singapore and aspires to issue IPO in Singapore in 2013.

The company entered Myanmar in March 2011 and incorporated Qingjian International (Myanmar) Group Development Co., Ltd following Singapore's advanced managerial model.

Our core values: Honesty, Dedication, Creation of Excellence, Win-Win Cooperation, and Harmonious Development

Project Design & Build

Real Estate Development

International Trade

Financing & Investment

Pre-casting

ဆောက်လုပ်ရေး

မြန်မာဆောက်လုပ်ရေး လောကအတွက် ကောင်းဖို့လား၊ ဆိုးဖို့လား

နိုင်ငံခြားသား လုပ်ငန်းရှင်တွေနည်းတူ ပြည်တွင်း လုပ်ငန်းရှင်တွေကိုလည်း အခွန်ကင်းလွတ်ခွင့် တန်းတူ ပေးဖို့ ဆောက်လုပ်ရေးလောကက အလိုရှိနေကြပါတယ်။

ထားထားခင်

မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ သံသယကင်းကင်းနဲ့ ပင်လာနိုင်ဖို့က နိုင်ငံရဲ့ တည်ငြိမ်မှုနဲ့ အစိုးရဘက်က ပွင့်လင်းမြင်သာမှု ကောင်းကောင်းရှိဖို့က အဓိကပါပဲလို့ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေကလည်း သဘောတူကြပါတယ်။

ဒီအချက်နှစ်ချက်ပေါ်မှာ မူတည်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ အသုံးဝင်နိုင်မယ်လို့ လုပ်ငန်းရှင်တွေက ဆိုပါတယ်။

ဒီအချက်တွေနဲ့ ပြည့်စုံနေပြီဆိုရင် နိုင်ငံခြားသား လုပ်ငန်းရှင်တွေက ကိုယ့်တိုင်းပြည်ပေါ်မှာ စိတ်ချယုံကြည်စွာ လာရောက်ရင်းနှီးကြမှာ ဖြစ်တယ်လို့ တော်ဝင်မိသားစုဆောက်လုပ်ရေးရဲ့ ဥက္ကဋ္ဌ ဦးကိုကိုထွေးက မြန်မာတိုင်း(မ်)နဲ့ တွေ့ဆုံရာမှာ ပြောကြားသွားပါတယ်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုတာက ပိုက်ဆံအများကြီးနဲ့ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံကြတာ၊ ဒီတော့ အစိုးရကနေ ဒီအတွက်အာမခံချက်ပေးဖို့လိုတယ်၊ ပြောချင်တာကတော့အစိုးရ အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ခိုင်မာနေဖို့ လိုတယ်၊ နောက်ပြီး မြန်မာပြည်နယ်စပ်မှာဖြစ်နေတဲ့တိုက်ပွဲ ကိစ္စတွေပေါ့၊ဒါတွေကလာရောက်ရင်းနှီးမြှုပ်နှံသူတွေကိုထိခိုက်နိုင်တယ်၊ စိုးရိမ်ကြတာတွေရှိတယ်၊နောက်ပြီးအစိုးရရဲ့ ပွင့်လင်းမြင်သာရှိမှုတွေပေါ့။

"ခိုင်မာတဲ့ဥပဒေတွေရှိဖို့လည်း လိုအပ်တယ်၊ ဘဏ်နဲ့ပတ်သက်တဲ့ဥပဒေ၊ ငွေကြေးနဲ့ ပတ်သက်တဲ့ ဥပဒေတွေ ခိုင်မာမှုရှိရဲ့လားဆိုတာလိုအပ်တယ်၊ နောက်ပြီးမြေယာနဲ့ ပတ်သက်တဲ့ ဥပဒေတွေအပါအဝင်ပေါ့"လို့ ဥက္ကဋ္ဌ ဦးကိုကိုထွေးက ဖြည့်စွက် ပြောပါတယ်။

လက်ရှိအစိုးရအနေနဲ့လာရောက် ရင်းနှီးမြှုပ်နှံသူတွေအတွက် ဘယ်လောက် အတိုင်းအတာအထိ အာမခံချက်ပြည့်ဝတဲ့ လုပ်ကိုင်ခွင့်ရရှိနိုင်မှာလဲ၊ ဆိုတဲ့အချက်ကိုလည်း ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်လျက် ရှိနေတယ်လို့ သူက ပြောပါတယ်။

"နိုင်ငံရေးတည်ငြိမ်မှု၊ အေးချမ်းသာယာမှု၊ ပွင့်လင်းမြင်သာမှုတွေမှာ လိုအပ်နေသေးတယ်လို့ ယူဆတဲ့သူတွေကတော့ ဆက်လက် စောင့်ကြည့်နေကြဦးမှာပဲလို့ထင်တယ်။ အခုအချိန်မှာ ရင်းနှီးမြှုပ်နှံမှုတွေစလုပ်ဖို့ အစပျိုးထားတဲ့ သူတွေကတော့ အပွင့်လင်းဆုံးပြောရမယ်ဆိုရင် နေရာလာဦးထားတာပါပဲ"ဟု ဦးကိုကိုထွေးက ပြောပါတယ်။

သူ့ခန့်မှန်းတာကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေထွက်လာပြီဆိုရင် အမှန်တကယ်စတင် ပင်ရောက်လာမှာက အမေရိကန်၊ဥရောပနဲ့ ဂျပန်ကုမ္ပဏီတွေ အရှိန်အဟုန်နဲ့ ဝင်လာနိုင်တယ်လို့ဆိုပါတယ်။

"မြန်မာနိုင်ငံက သယံဇာတတွေပေါများ ကြွယ်ဝတယ်၊ အလုပ်သမားတွေပေါတယ်၊ နောက်ပြီး စီးပွားရေးဈေးကွက် တိုးချဲ့နိုင်မှာ မြန်မာနိုင်ငံက အကောင်းဆုံးထဲမှာပါဝင်တဲ့ အနေအထားမှာရှိတယ်၊ ဒါပေမယ့်အပေါ်မှာ ပြောခဲ့တဲ့အချက်တွေကြောင့် တချို့ရင်းနှီးမြှုပ်နှံသူတွေက လက်တွန့်နေကြတယ်"လို့ ဦးကိုကိုထွေးက ပြောပါတယ်။

ထည့်သွင်းစဉ်းစားရမယ့် အပိုင်းမှာ ပြည်ပလုပ်ငန်းရှင်တွေလာတဲ့အခါ ပြည်တွင်းလုပ်ငန်းရှင်တွေ မနစ်နာစေဖို့ကိုပါ အစိုးရက ကြည့်ရှုပေးသင့်တယ်လို့ဆိုပါတယ်။

"ရင်းနှီးမြှုပ်နှံမှုတွေ ပင်လာပြီဆိုရင် ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ သူတို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် နည်းပညာပါလာမယ်၊ ကိုယ့်နိုင်ငံကလည်း လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းရည်ရှိပြီး စနစ်တကျ လုပ်ကိုင်နိုင်တဲ့သူတွေ လိုလာမယ်၊ ကျွမ်းကျင်မှုရှိတဲ့သူတွေ လိုအပ်လာမယ်၊ သူတို့နဲ့ ပူးပေါင်းလုပ်ဆောင်ရတဲ့ အခါမှာ ကိုယ့်နိုင်ငံကလူတွေ အလုပ်အကိုင်လည်း ရရမယ်၊ အကျိုးလည်း ရှိရမယ်၊ ဒီမျိုးအချက်တွေကို မြည်တွင်းလုပ်ငန်းရှင်တွေဘက်က ပြင်ဆင်ထားဖို့လိုတယ်၊ ဒါတွေအတွက် အစိုးရဘက်ကလည်းပံ့ပိုးပေး ဖို့လိုတယ်"လို့လည်း ဦးကိုကိုထွေးက ရှင်းပြပါတယ်။

လက်ရှိအချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ(မူကြမ်း)အဆင့်ထွက်ရှိလာပေမယ့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေအတွက် ဥပဒေ ထွက်မလာသေးတာကလည်း မမျှတတဲ့အခြေအနေတစ်ရပ်မြစ်တယ်လို့ သူက ဆိုပါတယ်။

"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေကိုပဲ ဦးစားပေးထားပြီး တိုင်းရင်းသားလုပ်ငန်းရှင် တွေကိုတော့အခွင့်အရေးမပေးတဲ့အတွက် မကျေနပ်တဲ့ဝေဖန်သံတွေထွက်လာတယ်၊ ဒီတော့တိုင်းရင်းသားလုပ်ငန်းရှင်တွေကို အခွင့်အရေး ဖော်ဆောင်ပေးဖို့ကအစိုးရမှာ တာဝန်ရှိတယ်"လို့ သူက လက်ရှိရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အားနည်းချက်တွေကို ထုတ်ဖော်ပြော ဆိုလိုက်ပါတယ်။

"တိုင်းရင်းသားနဲ့ နိုင်ငံခြားသားယှဉ်ရင် တိုင်းရင်းသားကို ဦးစားပေးသင့်တယ်၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေထက် အရင်တောင် ထွက်သင့်တယ်လို့ပြောချင်တယ်၊ တိုင်းရင်းသားနဲ့ နိုင်ငံခြားသားယှဉ်ရင် တိုင်းရင်းသားကို ဦးစားပေးသင့်တယ်ဆိုတာက တော့ နိုင်ငံသားတိုင်းခံယူရမယ့် ခံယူချက်ဖြစ်သင့်တယ်လို့ပြောချင်တယ်"လို့ ပြောပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမူကြမ်းမှာ ကိုယ့်နိုင်ငံက တိုင်းရင်းသားလုပ်ငန်းရှင်တွေ အတွက်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပြဋ္ဌာန်းထားတာ မတွေ့ရဘူးလို့လည်း ဦးကိုကိုထွေးက ပြောပါတယ်။

"ပြည်တွင်းက ကျွမ်းကျင်ဝန်ထမ်းနဲ့အလုပ်သမားတွေ အလုပ်ရရှိအောင် အခွင့်အရေးကို ဖော်ဆောင်ပေးတဲ့ ဥပဒေမြစ်ပလာဘူး၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်တယ်ဆိုတာ ကိုယ့်တိုင်းပြည်အကျိုးရှိချင်လို့၊ သူတို့ဆီက အခွန်အခတွေ၊ ငွေရမ်းခတွေရရှိအောင် ပြဋ္ဌာန်းပေးနိုင်ရမယ်။

"နောက်ပြီးတော့ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို အခွန်ကင်းလွတ်ခွင့်ပေးတယ်၊ ပြည်တွင်းလုပ်ငန်းရှင်တွေကိုလည်း ဒီလိုအခွင့်အရေးမျိုးပေးမယ်ဆိုရင် ပြောချင်တာက လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို ဒီလိုသာ အခွန်ကင်းလွတ်ခွင့် ပေးနေမယ်ဆိုရင် နိုင်ငံတော်မှာ အခွန်ကင်းလွတ်ခွင့် မပြုသင့်တဲ့ လုပ်ငန်းတွေကို အခွန်ကင်း လွတ်ခွင့်ပေးနေသလို မြစ်နေတယ်၊ အခွန်ကင်းလွတ်ခွင့်မပေး သင့်တဲ့လုပ်ငန်းတွေကို ကင်းလွတ်ခွင့်ပေးနေတယ်ဆိုတဲ့ ဥပဒေကြီးဖြစ်နေတယ်လို့ ဆိုပါတယ်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု ဥပဒေမူကြမ်းတွင် လိုအပ်ချက်များကို ပြုပြင်ပြင်ဆင်ရေးနှင့် ပတ်သက်ပြီး အကြံပြုခဲ့သည့်သူကို မိမိကိုယ်ကျိုးစီးပွားကို ကာကွယ်လွန်းနေသလားဟုပင် စွပ်စွဲပြောဆိုမြင်းခံခဲ့ရပါတယ်ဟု သူက ဆက်လက်ပြောဆိုပါတယ်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပင်ရောက်လာရင် ပြည်တွင်းလုပ်ငန်းရှင်တွေ အကျိုးစီးပွားပျက်စီးတော့မှာပဲဆိုပြီးတော့ စိုးရိမ်ကြောင့်ကြမှုတွေနဲ့လာပြီးပြောတာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မလာ ရောက်အောင် တားဆီးပိတ်ပင်နေတယ်၊ ဒီလိုမဟုတ်ပါဘူး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက တကယ်လိုအပ်ပါတယ်၊ လိုအပ်တဲ့နေရာမှာ လိုအပ်တဲ့ပုံစံနဲ့ လိုအပ်သလို လုပ်သင့်တယ်လို့ အကြံပေးတာမြစ်ပါတယ်လို့ သူက ဆိုပါတယ်။

အလားလုပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတာကို အပြုသဘော ဆောင်တဲ့ဘက်က ကြိုဆိုသင့်ပေမယ့် နိုင်ငံအတွက်အကျိုးရှိမယ့် အကြောင်းအရာတွေကို ဦးစွာစဉ်းစားပြီးမှ ရင်းနှီးမြှုပ်နှံမှုကို သဘောတူညီသင့်တယ်လို့ သရီးဖရန့်ဆောက်လုပ်ရေးမှ ဒါရိုက်တာ ဦးကိုကိုလေးက ပြောပါတယ်။

စင်ကာပူနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ထားပြီး ၁၉၉၉ ခုနှစ်မှစတင်ကာ စီမံကိန်းကြီးပေါင်း ၆ပ ကျော်တည် ဆောက်ခဲ့တဲ့စင်ကာပူနိုင်ငံ အခြေစိုက် CNQC ကုမ္ပဏီရဲ့ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ ဆောင်ရှန်ဖန်းက မြန်မာ နိုင်ငံမှာ လာရောက်မြှုပ်နှံရတဲ့ ရည်ရွယ်ချက်က အစိုးရသစ်လက်ထက်မှာ ပိုမိုကောင်းမွန်တဲ့စီးပွားရေး အခွင့်အလမ်းတွေ ဖန်တီးနိုင်မှုနဲ့ ဒီနိုင်ငံရဲ့ဆောက်လုပ်ရေးလောကကို ပိုမိုတိုးတက်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေကြောင့်လို့ ပြောပါတယ်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံရတဲ့အဓိကရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲကျင်းပပြီးစီးသွားလို့ အစိုးရသစ်လက်ထက်မှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ ပွင့်လာတဲ့အတွက် ဆောက်လုပ်ရေးလောကကို ပိုမိုတိုးတက်စေဖို့ရည်ရွယ်ပါတယ်၊ ဒါ့ပြင် ဒီနိုင်ငံမှာရှိတဲ့ဆောက်လုပ်ရေးကုမ္ပဏီတွေကို ဆောက်လုပ်ရေးနည်းပညာတွေ၊ ဆောက်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းနဲ့ အရည်အသွေးတိုးတက်ဖို့ အတွက်ပါ ရည်ရွယ်ပါတယ်"လို့ သူက ပြောပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလာရောက်လုပ်ကိုင်ရတာဟာကောင်းခွန်တဲ့ အကျိုးဖြစ်ထွန်းမှုများစွာကို ဖန်တီးရရှိနိုင်မှာဖြစ်တယ်လို့ သူက မျှော်လင့်ထားသလို အစပိုင်းဖြစ်လို့ အားနည်းချက်တွေလည်း ရှိကောင်းရှိနိုင်ပါတယ်။

"အားနည်းချက်တွေထက် အားသာချက်တွေကပိုများမယ်လို့ ကျွန်တော် လုံးဝယုံကြည်မိပါတယ်၊ ကျွန်တော်မြင်မိသလောက် ဒီနိုင်ငံက လူတွေကလူနေမှု အဆင့်အတန်းမြင့်မြင့်မားမား နေထိုင်လိုကြပြီး အစိုးရကလည်းခေတ်စနစ်နဲ့ လျော်ညီတဲ့ အဆောက်အအုံစံချိန်စံညွှန်းတွေကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်၊ ဒါကနိုင်ငံခြားကုမ္ပဏီတွေ ဒီမှာလာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်လိုက်တဲ့ အဓိကအချက်ပါပဲ"လို့ ပြောပါတယ်။

ယခင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ နည်းပါးမှုကြောင့် ပြည်တွင်းမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်သားတွေဟာ နည်းစနစ်တကျမရှိပဲ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု နည်းပါးတဲ့အတွက် building code ကို ဒီနိုင်ငံမှာ အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်ဖို့ လိုတယ်လို့ သူက ထောက်ပြပါတယ်။ ■

ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဆောက်လုပ်ရေးအင်ဂျင်နီယာများက စံချိန်စံညွှန်းပြည့်မီရေးအတွက် စစ်ဆေးနေစဉ်။ **ဓာတ်ပုံ – မြန်မာတိုင်း(မ်)**

> "ဒီနိုင်ငံမှာရှိတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေကို ဆောက်လုပ်ရေးနည်းပညာတွေ၊ ဆောက်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းနဲ့ အရည်အသွေးတိုးတက်ဖို့ . . ."

ပွင့်လင်းမြင်သာမှုနဲ့ နိုင်ငံရေးတည်ငြိမ်မှု မျှော်လင့်လျက်ရှိ

အေးသီတာကျော်

နိုင်ငံရေး၊ စီးပွားရေးပိုင်းမှာ လက်လှမ်းမီလာတဲ့ ဖြေလျှော့မှုတွေ၊ မြုပြင်ပြောင်းလဲမှုတွေ ဆက်တိုက်ဆိုသလို ဖြစ်လာတာမို့ မြန်မာနိုင်ငံဟာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေရဲ့ စိတ်ဝင်တစားစောင့်ကြည့်စရာ ဖြစ်လာပါတယ်။

မြန်မာအစိုးရက နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေ ဝင်ရောက်လာဖို့ အားပေးလျက်ရှိပြီး ၁၉၈၈ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ပြန်လည်ရေးဆွဲခဲ့ပါတယ်။

ဒီဥပဒေကို ဩဂုတ်လဆန်းပိုင်းမှာ ပြည်သူ့လွှတ်တော်ကို တင်သွင်းခဲ့ကာ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နဲ့ သမ္မတထံ အဆင့်ဆင့်ကိုတင်ပြီးရင် အမြန်ဆုံးထွက်လာနိုင်ဖို့ရှိတယ်လို့ သတင်းစာတွေမှာ ရေးသားဖော်ပြထားပါတယ်။

တောင်ကိုရီးယားသံရုံးရဲ့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီးပွားရေးဌာနရဲ့ တာဝန်ရှိသူတစ်ဦးကတော့ တောင်ကိုရီးယားရင်းနှီးမြှုပ်နှံသူတွေဟာ ဥပဒေပေါ်ပေါက်လာတာနဲ့ သေချာပေါက်ရောက်လာတော့မယ်လို့ မြန်မာတိုင်း(မ်)ကို ပြောကြားသွားပါတယ်။

“လုပ်ငန်းရှင်တွေက ဥပဒေထွက်ပြီးတာနဲ့ ဝင်လာမှာပါ။ ဘဏ်တွေနဲ့ ဆောက်လုပ်ရေးတမ္ပဏီတွေက လာဖို့ ရှိတယ်။ အမ်အိုင်စီ (မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်)က တာဝန်ရှိသူတွေနဲ့လည်း တွေ့ပြီးသွားပါပြီ။ လိုအပ်တဲ့ စာရွက်စာတမ်းတွေလည်း အားလုံးပြင်ဆင်ပြီးနေပါပြီ”လို့ သူက ပြောပါတယ်။

ထိုပြင်တရုတ်နဲ့ဗီယက်နမ်က သူတို့ရဲ့အိတ်ဖိနပ်၊ အထည်ချုပ်စက်ရုံတွေဟာ နိုင်ငံတွေအနက်က လုပ်အားခအချို သာဆုံးဖြစ်တဲ့ မြန်မာနိုင်ငံကို ပြောင်းရွှေ့လာဖို့ စီစဉ်နေတယ်လို့ပြောပါတယ်။

ကိုရီးယားထိပ်တန်းကုမ္ပဏီတွေ ဖြစ်တဲ့ အက်စ်ကေတယ်လီကွန်း၊ ဆမ်ဆောင်း၊ ဝူရီဘဏ်စတာတွေဟာ ပြီးခဲ့တဲ့လတွေက မြန်မာနိုင်ငံကို လာရောက်လေ့လာပြီး ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အချို့အချက်အလက်တွေက ရင်းနှီးမြှုပ်နှံသူတွေ ပင်ရောက်ဖို့ လက်တွန့်သွားအောင် တားဆီးနေပါသေးတယ်။

အဓိကအချက်က ဒီနိုင်ငံရဲ့ မြေဈေးပါပဲ။ အိမ်နီးချင်းဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယားတို့ထက် သိသိသာသာမြင့်နေတယ်လို့ လုပ်ငန်းရှင်တွေက ပြောပါတယ်။

“ဘယ်နိုင်ငံမှာပဲ သွားလုပ်လုပ် သူတို့နိုင်ငံရဲ့ ဥပဒေကို လိုက်နာရမှာက ထုံးစံပဲ။ နိုင်ငံတကာအဆင့်နဲ့နှိုင်းယှဉ်ရင် ဒီကမြေဈေးက အရမ်းများတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံခြားလုပ်ငန်းရှင်တွေ လာပြီးရင်းနှီးမြှုပ်နှံဖို့ဆိုရင် ဒီအချက်ကို အတော်စဉ်းစားရမယ်။ မြေနေရာကျဉ်းတဲ့ အင်ဒိုနီးရှားထက်တောင် ဈေးကြီးနေတာက အခက်အခဲတစ်ခုပဲ”လို့ မြန်မာလုပ်ငန်းရှင်နဲ့ ချုပ်ပြီးအထည်တွေရဲ့ အရည်အသွေးကို စစ်ဆေးတဲ့ လုပ်ငန်းဖက်စပ်လုပ်ကိုင်သူ ကုဝါဟာရကုမ္ပဏီ ဥက္ကဋ္ဌမစ္စတာဟိုင်ဒီတိရိကူဝါဟာရက မြန်မာတိုင်း(မ်)နဲ့ ခေတ္တတွေ့ဆုံရာမှာ ပြောကြားသွားပါတယ်။

ထိုင်းသံရုံးရဲ့ စီးပွားရေးရာသံမှူး မစ္စတာ ပလာဂျရ်ဆူပီနီးကမှ မြန်မာနိုင်ငံရဲ့မြေဈေးဟာ ထိုင်းနိုင်ငံထက် နှစ်ဆလောက်ကို များနေတဲ့အတွက် ထိုင်းဘက်ကရင်းနှီးမြှုပ်နှံချင်သူတွေမှာ အခက်အခဲဖြစ်နေတယ်လို့ပြောပါတယ်။

“ဒီအချက်နဲ့ပတ်သက်လို့ မြန်မာအစိုးရနဲ့လည်းပြောကြည့်ဖူးပါတယ်။ ကိုယ်ပိုင်ထင်မြင်ချက်ကိုပြောရရင် မြန်မာအစိုးရအနေနဲ့ ကိုယ်ပိုင်မြေလွတ်တွေ ချန်ထားသင့်တယ်။ အဲဒီကနေ ကောင်းကောင်း စီမံနိုင်ပါတယ်။ တစ်ဖက်မှာလည်း အစိုးရမြေတွေများလာရင် ဈေးနှုန်းအလိုလို ကျသွားနိုင်ပါတယ်”လို့ သူက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

အခြားအရေးတကြီး လိုအပ်ချက်တွေဖြစ်တဲ့ အခြေခံအဆောက်အအုံမြှည့်စုံမှုအားနည်းခြင်း ဆိုတဲ့ ခေါင်းစဉ်အောက်မှာလည်း လျှပ်စစ်မီးမှန်မှန်မရခြင်း၊ လမ်းပန်းဆက်သွယ်ရေးနဲ့ တယ်လီကွန်းဆက်သွယ်ရေး အားနည်းခြင်းစတာတွေအပြင် ဥပဒေထွက်ပေါ်လာဖို့နဲ့ သက်ဆိုင်ရာစည်းမျဉ်း စည်းကမ်းတွေ ခေတ်နဲ့အညီပေါ်ထွက်လာဖို့ သတင်းအချက်အလက်တွေ အလုံအလောက် ရဖို့စတဲ့ အချက်တွေလည်း ပါပါတယ်။

> မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ဖော်ပြချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုခဲ့ချိန်ကစပြီး ၂၀၁၂ ခုနှစ်၊ ဇွန်လအထိ နှစ်နှစ်ဆယ်ကျော်အတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၄၁ ဘီလျံ . . .

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ဖော်ပြချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုခဲ့ချိန်ကစပြီး ၂၀၁၂ ခုနှစ်၊ ဇွန်လအထိ နှစ်နှစ်ဆယ်ကျော်အတွင်း ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၄၁ ဘီလျံကျော် ရှိပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းဝင်ရောက်ပြီးသားဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေမှာ သယံဇာတအခြေခံတဲ့ ရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်းအတော်လေးပါဝင်ပြီး နိုင်ငံသားတွေအပေါ်မှာ နည်းပညာနဲ့ အလုပ်အကိုင်အခွင့်အလမ်းဖြစ်ပေါ်စေမယ့် ရင်းနှီးမြှုပ်နှံမှုမျိုးကတော့ အတော်လေးနည်းနေပါသေးတယ်။

ယူကေစတဲ့ အနောက်အုပ်စုကရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာရင်တော့ ဒီဆယ်စုနှစ်ပိုင်းအတွင်းလာနေကျ ဒေသတွင်းနိုင်ငံတွေထက်စာရင် သဘာဝပတ်ပန်းကျင်ထိန်းသိမ်းမှုနဲ့ အလုပ်သမား အခွင့်အရေးရရှိနိုင်မှုတို့အပေါ် ပိုပြီး အလေးထားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်လို့ စီးပွားရေးပညာရှင်ဦးမော်သန်းကလည်း သီးသန့်တွေ့ဆုံခန်းမှာ ပြောကြားသွားပါတယ်။

“သယံဇာတ တစ်ခုတည်းတင်မဟုတ်ဘဲ မြန်မာနိုင်ငံက တခြားထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့လို့ရတယ်ဆိုတာကို အစိုးရအနေနဲ့ မျက်စိဖွင့်ပေးဖို့လိုတယ်။ နိုင်ငံအနေနဲ့ပါ အကျိုးစီးပွားမြစ်မယ့်ဟာကို မြင်သာအောင် တိုင်းပြည်အစိုးရက ကွင်းဆင်းဈေးကွက်လေ့လာပေးဖို့လိုမယ်”လို့ သူကပြောပါတယ်။

မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး ဒရက်မစ်ချယ် ဩဂုတ်လလယ်ပိုင်းက ရန်ကုန်မှာ မီဒီယာတွေနဲ့တွေ့ဆုံတုန်း က မြန်မာနိုင်ငံတွင်းကို ရေရှည်မျှော်ကိုးတဲ့ အမေရိကန်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ဖို့ အရေးအကြီးဆုံးနှစ်ချက်ကတော့ ပွင့်လင်းမြင်သာမှုရှိဖို့ လိုအပ်မြင်းနှင့် နိုင်ငံတွင်း တည်ငြိမ်မှုရှိဖို့ လိုအပ်ခြင်းတို့ပဲဖြစ်တယ်လို့ ပြောပါတယ်။ ■

Pride I S M

A tremendous achievement in Edexcel IGCSE Exam June 2012 and GCE A' Level Exam January 2012.
One step nearer to achieving your future goals.

Edexcel IGCSE
Min Thaw Zin.......... 6A*, 1A
Mret Wai Khine....... 6A*, 1A
Naing Thant Phyo... 6A*
Phway Sandi San.... 4A*, 1A, 2B
Radha.................... 4A*, 1B, 1C, 1D
Eighdi Aung 3A*, 3A, 1C
Rachel Fish 3A*, 1A, 1B, 1C
Khine Min Htwe...... 1A*, 4A, 1D
Thinzar Wai Hnin Pan... 1A*, 3A, 1B, 2C
Tun Ye Aung................. 1A*, 3A, 1B, 2D
Wanna Shein 4A, 2B
Khine Thinzar Mg Mg... 4A, 2C
Megha 1A, 2B, 3C, 1D, 1E

GCE Advanced Level
Hsu Hnin Wai............1A*, 2A, 1B
Yamone Oo................1A, 1C, 1E

Pre-School Tel: 01-221 267, 01-530 640, 09-730 283 22
Primary Tel: 01-530 641, 01-503 688, 09-730 283 44
Secondary Tel: 01-530642, 01-530 767
Mandalay Tel: 02-788 73, 02-788 74

The Management
Pride I S M
www. pismmyanmar.com

ခရီးသွားလုပ်ငန်း

နိုင်ငံတကာ လေကြောင်းလိုင်းတွေ ပြည်တွင်း ပြည်ပ ခရီးစဉ်သစ်တွေ စီစဉ်နေ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ထိုင်းလေကြောင်းမှ လေယာဉ်ဆိုက်ရောက်လာစဉ်။ **ဓာတ်ပုံ-မြန်မာတိုင်း(မ်)**

ခရီးသွားလုပ်ငန်း တိုးတက်လာရင် မြန်မာပြည်သူတွေအတွက် အလုပ်အကိုင်တွေလည်း တိုးတက်လာမှာပါ။

ဇော်ဝင်းသန်း

ပြီးခဲ့တဲ့နှစ်တွေအတွင်း နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုတွေက မြန်မာကို ခရီးသွားဈေးကွက်သစ်တွေဆီ အရောက်လှမ်းနိုင်အောင် လမ်းဖွင့်ပေးခဲ့ပါတယ်။

မြန်မာ့ခရီးသွားကဏ္ဍအပေါ် ကန့်ကွက်ပိတ်ပင်မှုအများစု မရှိတော့တာနဲ့အတူ မြန်မာနိုင်ငံဟာ ခရီးသွားလာဖို့ချည်းသာမက ခရီးသွားလုပ်ငန်းအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက်ပါ စိတ်ဝင်စားစရာ လကြိုက်များတဲ့ နေရာတစ်ခု ဖြစ်လာနေပါပြီ။

"မြန်မာနိုင်ငံကို လုံးဝအောင်မြင်မှုရမယ့် နေရာတစ်ခုလို့ ယူဆနေကြတဲ့ ဟိုတယ်လုပ်ငန်းစုတွေ အမှန်ကို အများအပြားရှိနေတာပါ။ သူတို့တင်မက လူတိုင်းက ဒီလိုမြင်ကြမယ်လို့ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ထက် တစ်နှစ်ကို ခရီးသွားဧည့်သည်အရေအတွက် အဆ ၄၀ ပိုများတဲ့ ထိုင်းနိုင်ငံလိုပဲ မြန်မာဟာလည်း မကြာသေးမီကာလအတွင်း ဒီလိုတိုးတက်လာဖို့ အလားတူအခွင့်အလမ်းတွေ ရှိနေပါတယ်။ ဒါပေမယ့် ဟိုတယ် အခန်းအရေအတွက် မလုံလောက်မှု၊ အခြေခံအဆောက်အအုံ၊ ဘဏ်စနစ်တွေနဲ့ ပတ်သက်ပြီး လုပ်စရာအလုပ်တွေကတော့ အများကြီး ရှိနေသေးတယ်"လို့ ဓကအမ်အေ ဟိုတယ်လုပ်ငန်းစုရဲ့ အထွေထွေမန်နေဂျာနဲ့ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာဖရန်ဂျန်မက်က ပြောပါတယ်။

သူက ခရီးသွားကဏ္ဍအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ အများကြီးကို ရရှိနိုင်စေမယ်လို့ ဆိုပါတယ်။

"၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုက အခုထိအတည် ပြုချက်မရသေးတာကို ကျွန်တော်နားလည်ထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်တဲ့ ပြဿနာတွေကိုလည်း ကျွန်တော်နားလည်ပါတယ်။ တကယ်လို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွန်ကင်းလွတ်ခွင့်တွေ ရှိမယ်ဆိုရင် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအတွက်လည်း အခွန်ကင်းလွတ်ခွင့်တွေ ရှိရမှာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ မမျှတတဲ့ ယှဉ်ပြိုင်မှုမျိုးကို မဖန်တီးသင့်ဘူး။နောက်တစ်ခုက မြန်မာဟာ တခြားနိုင်ငံတွေရဲ့ နှစ်ရှည်လများ ဝိတ်ဆို့မှုတွေကို ခံခဲ့ရတာကြောင့် ပြည်တွင်းလုပ်ငန်းတွေနဲ့ နိုင်ငံခြားကုမ္ပဏီတွေအတွက် စီးပွားရေးလုပ်ရာမှာ ကွာခြားမှုကြီးတွေ ရှိနေပါတယ်။ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မယ့် စွမ်းဆောင်ရည်အတွက် စိန်ခေါ်မှုတွေရှိလာနိုင်ပါတယ်။ ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမရရှိတာဟာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးသွားစေနိုင်တယ်။ ဒါ့ပြင် နိုင်ငံအတွင်း ငွေအရင်းအနှီး ဘယ်လောက်များများ ထည့်ပင်လို့ရသေးလဲဆိုတာကိုလည်း ကျွန်တော်တို့ကြည့်ဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်း မပေးတာဟာ ဘဏ္ဍာငွေ လုံလုံလောက်လောက် မရရှိနိုင်တာကြောင့် စီးပွားရေးဖွံ့ဖြိုးမှုကို ကန့်သတ်သွားစေနိုင်တာပေါ့"လို့ သူကဆိုပါတယ်။

နောက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကနေ အကျိုးအမြတ်တွေ ရရှိနိုင်မယ့် စီးပွားရေးကဏ္ဍတွေ အများကြီးရှိနေတယ်လို့လည်း သူက ပြောပါတယ်။

"ကဏ္ဍအားလုံးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ မဖွင့်ပေးသင့်ဘူးဆိုရင်တောင် အစိုးရ ပန်ဆောင်မှုလုပ်ငန်းတွေနဲ့ ဆက်သွယ်ရေးစနစ်တွေလို အစိုးရထိန်းချုပ်မှု တစ်ဝက်အောက်မှာ ထားပေးသင့်တယ်လို့ ကျွန်တော်ထင်တယ်။ အခြားနိုင်ငံအများစုနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၂၀၁၂ စံချိန်စံညွှန်းတွေအရ မြန်မာနိုင်ငံမှာ တယ်လီဖုန်းနဲ့ အင်တာနက်စနစ်တွေဟာ မလုံလောက်သေးပါဘူး။ နိုင်ငံတကာဖုန်းခေါ်ဆိုမှု၊ မြန်ဆန်စိတ်ချရတဲ့ အင်တာနက်ဆက်သွယ်မှုတွေလို ပန်ဆောင်မှုကဏ္ဍတွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်တွေပါပဲ"လို့ သူကပြောပါတယ်။

ဒါပေမယ့် နိုင်ငံတကာကလေကြောင်းတွေ၊ ဟိုတယ်လုပ်ငန်းစုတွေနဲ့ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းတွေဟာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရပ်ရပ်အပေါ် အနီးကပ်စောင့်ကြည့် အကဲခတ်နေကြပါတယ်။

ဥရောပနဲ့ အရှေ့အာရှ လေကြောင်းလိုင်းကုမ္ပဏီတွေအပါအဝင် နိုင်ငံတကာလေကြောင်းလိုင်းတွေဟာ မြန်မာနိုင်ငံအတွက် လေကြောင်းလိုင်းပြေးဆွဲမှုတွေ စတင်မယ့် စီမံကိန်းတွေကို ထုတ်ဖော်ကြေညာထားတာလည်းရှိပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံမှာ လက်ရှိ ပျံသန်းမြေးဆွဲနေတဲ့ လေကြောင်းလိုင်းကုမ္ပဏီတွေဟာ နေပြည်တော်၊ ပုဂံနဲ့ မန္တလေးမြို့တွေဆီ လေယာဉ်ပျံသန်းမယ့် စီမံကိန်းတွေကို စီစဉ်ဆောင်ရွက်နေကြပါတယ်။

ဒီလိုတိုးတောင်းလှတဲ့ အချိန်အတွင်းမှာပဲ ရန်ကုန်ကို လေကြောင်းပြေးဆွဲမယ့် ပထမဆုံး နိုင်ငံတကာလေကြောင်းကုမ္ပဏီကတော့ တောင်ကိုရီးယားက Korean Airlines ပဲဖြစ်ပါတယ်။ ဒီလေကြောင်းခရီးစဉ်တွေကို စက်တင်ဘာ ၁၃ ရက်နေ့ကစပြီး စတင်ပျံသန်းမှာဖြစ်ပြီးတော့ ရန်ကုန်နဲ့ ဆိုးလ်မြို့ကြား အပတ်စဉ် အင်္ဂါ၊ ကြာသပတေး ၊စနေနဲ့ တနင်္ဂနွေတွေမှာ ပြေးဆွဲပေးမှာ ဖြစ်ပါတယ်။

နောက်ပြီး အောက်တိုဘာလအတွင်း မြန်မာနိုင်ငံမှာ ရန်ကုန်နဲ့မန္တလေး ခရီးစဉ်အတွင်း လေကြောင်းပြေးဆွဲကြမယ့် နိုင်ငံတကာလေကြောင်းလိုင်း အချို့ကတော့ AirAsia ၊ ဟောင်ကောင် အခြေစိုက် Cathay Pacific ၊ တရုတ်(တိုင်ပေ)က EVA၊ ဂျပန်က All Nippon Airways(ANA) နဲ့ Qatar Airways တို့ပဲ ဖြစ်ပါတယ်။

ဒါ့ပြင် ဖရန့်ဖတ်မှ ရန်ကုန်ကြား ပြေးဆွဲမယ့် ဂျာမနီလေကြောင်းလိုင်း Condor၊ ဘင်္ဂလားဒေ့ရှ်က Biman Airlines ၊ Srilanka Airlines ၊ Parkistan Airlines နောက်ပြီး ရန်ကုန်နဲ့ ဖိလစ်ပိုင်မြို့တော် မနီလာကြား လေကြောင်းခရီးစဉ်ကိုလည်း ဒီနှစ်မကုန်ခင် စတင်ဖို့ စီစဉ်ထားပါတယ်။

ဟိုတယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရ နိုင်ငံတကာ ဟိုတယ်လုပ်ငန်းစုတွေဟာလည်း မြန်မာနိုင်ငံကို လူသိပ်မသိသေးတဲ့ ခရီးသွားနိုင်ငံတစ်ခုအဖြစ် ရှုမြင်နေ ကြပါတယ်။

ထိုင်းနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ဟိုတယ်လုပ်ငန်းကြီးဖြစ်တဲ့ Central Plaza Hotel ဟာ မြန်မာနိုင်ငံမှာ အကျိုးတူဖက်စပ်လုပ်နိုင်မယ့် အခွင့်အလမ်းတစ်ရပ်ကို စဉ်းစားနေပါတယ်။ Central Plaza ဟိုတယ်လုပ်ငန်းကြီးဟာ ဟိုတယ်ပေါင်း ၃၁ ခုနဲ့အပန်းဖြေစခန်းတွေကို ထိုင်းနိုင်ငံနဲ့ အခြားနိုင်ငံတွေမှာ ဖွင့်လှစ်ထားပြီး ဒီထဲက လုပ်ငန်း ၁၆ ခုဟာ စီမံခန့်ခွဲမှုစာချုပ်တွေအရ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီဟိုတယ်လုပ်ငန်းကြီးမှာ အကျိုးတူ ဖက်စပ်လုပ်ငန်းအတွက် မြန်မာနိုင်ငံမှာ အခွင့်အလမ်းတွေ ရှာဖွေနေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တစ်ဖွဲ့ရှိပြီး ဒီနှစ်မကုန်ခင်ပဲ သူတို့ရဲ့ စီမံကိန်းတွေကို အပြီးသတ်ဆောင်ရွက်နိုင်တော့မှာပါ။

နောက်ပြီး Westin၊ Sheraton and Le Meridien နဲ့ Marriott International တို့လို ဟိုတယ်ခွဲတွေ ဖွင့်လှစ်ထားတဲ့ အမေရိကန်အခြေစိုက် Star Wood Hotels & Resorts အပါအဝင် နိုင်ငံတကာဟိုတယ်လုပ်ငန်းစုတွေဟာ မြန်မာနိုင်ငံမှာ ဟိုတယ်တွေ ဖွင့်လှစ် လုပ်ကိုင်ဖို့ စိတ်ပင်စားမှုရှိနေတာကို ပြသနေကြပါတယ်။

အကျိုးကျေးဇူးများတဲ့ စည်းမျဉ်း ဥပဒေတွေက မြန်မာနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပိုမြီးဆွဲဆောင်နိုင်လိမ့်မယ်လို့ ရန်ကုန် Chatrium ဟိုတယ်ရဲ့ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မေမြတ်ခွန်ဝင်း က ပြောပါတယ်။

"နိုင်ငံတကာဟိုတယ်လုပ်ငန်းစုတွေဆီက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ စိတ်ဝင်စားနေကြတာဟာ မြန်မာ့ခရီးသွားလုပ်ငန်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်တဲ့ လက္ခဏာတစ်ခုပါ။ သူတို့ရဲ့ မြန်မာနိုင်ငံအပေါ် စိတ်ပင်စားမှုတွေဟာ ကျွန်မတို့တိုင်းပြည် ခရီးသွားလုပ်ငန်းရဲ့ပုံရိပ်ကို အဆင့်မြှင့်တင်ပေးနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးတာက အကျိုးအမြတ်များတဲ့ အခွန်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ မူဝါဒစည်းမျဉ်းတွေနဲ့အတူ အစိုးရက ဒီလို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေကို တွန်းအားပေးလုပ်ဆောင်သင့်တယ်"လို့ သူကပြောပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကလည်း ရန်ကုန်မြို့အတွင်း ဟိုတယ်အခန်းအရေအတွက် နည်းပါးမှုကို ဖြေရှင်းပေးဖို့အတွက် ရန်ကုန်မြို့လယ်က အစိုးရပိုင် သမိုင်းပင်အဆောက်အအုံတွေကို တင်ဒါပေးခဲ့ပါတယ်။

ကော်မရှင်က ဒီအဆောက်အအုံတွေကို သက်တမ်းကြာ ငှားရမ်းမှုတွေနဲ့ ဟိုတယ်တွေအဖြစ် ဖွင့်လှစ်နိုင်ဖို့အတွက် လေလံဆွဲဖို့ ပြည်တွင်းနဲ့ ပြည်ပကုမ္ပဏီတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။

"ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆောက်အအုံငှားရမ်းလုပ်ကိုင်ခွင့် သက်တမ်းကို ၁၅ နှစ် သက်တမ်း နှစ်ခါတိုးပေးနိုင်တဲ့ အလားအလာရှိတဲ့အတွက် ဒီအဆောက်အအုံတွေကို နှစ် ၃၀ လောက် ငှားရမ်းလုပ်ကိုင်နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ စည်းမျဉ်းတွေအရ အဆောက်အအုံရဲ့ မူရင်းဖွဲ့စည်းတည်ဆောက်ပုံနဲ့ ဗိသုကာလက်ရာတွေကိုတော့ ပြောင်းလဲခွင့်ပြုမှာ မဟုတ်ပါဘူး"လို့ အမ်အိုင်စီက ပြောခွင့်ရပုဂ္ဂိုလ်က ပြောပါတယ်။

ဒါ့ပြင် နိုင်ငံပိုင်အဆောက်အအုံတွေကိုလည်း ဆောက်လုပ်ပေးဖွယ်ရာရှိပြီး ဈေးပြိုင်တင်ဒါတွေလည်း ထပ်ဖွင့်ပေးဖွယ်ရာရှိပါတယ်လို့ သူက ပြောပြပါတယ်။

မြန်မာနိုင်ငံမှာ လိုင်စင်ရဟိုတယ် ၇၃၁ လုံးရှိပြီး ဟိုတယ်အခန်းပေါင်း ၂၅,၀၀၂ ခန်း ကျော်ရှိတယ်လို့ ဝန်ကြီးဌာနရဲ့ ၂၀၁၁ ခုနှစ်အထိ စာရင်းဇယားမှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ ဟိုတယ်ဇုန်အရေအတွက် တိုးချဲ့မယ့် အစီအစဉ်တွေကို ဝန်ကြီးဌာနက ဒီနှစ်အစောပိုင်းမှာ ကြေညာခဲ့ပါတယ်။ အခုအချိန်အထိတော့ ကမ္ဘာလှည့်ခရီးသည် အသွားအများဆုံးဒေသတွေမှာ ဟိုတယ်ဇုန် ၁၁ ခု ဖန်တီးပေးခဲ့ပြီး နောက်ထပ် ဆောက်လုပ်ပေးဖွယ်ရာလည်း ရှိပါတယ်။

ဘာသာပြန်သူ (printed: **ဘာသာနိုးနှင့် သိဒ်မင်းထွန်း၊ ဘာသာပြန်သည်။**) ■

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်။ **ဓာတ်ပုံ-မြန်မာတိုင်း(မ်)**

ရင်းနှီးမြှုပ်နှံသူ နည်းစရာအကြောင်းတော့ မရှိပါဘူး

- ဦးကြည်မြင့်

ပြဋ္ဌာန်းမည့် ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ပတ်သက်ပြီး ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်၊ လသာမြို့နယ်မှ ပြည်သူ့လွှတ်တော်အမတ် ဦးကြည်မြင့်ကို မြန်မာတိုင်း(မ်) သတင်းထောက် စုလှိုင်ထွန်း က တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

*** မကြာမီအတည်ပြုတော့မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဦးကြည်မြင့်အနေနဲ့ ဘယ်လိုသုံးသပ်လိုပါသလဲ။**

ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုစလုံးက ကိုယ့်ဘက်ကတော်တော်လေး လိုက်လျောထားပါတယ်။ ပထမဥပဒေက နဝတက အမိန့်ဒီဂရီနဲ့ ထုတ်မြန်ခဲ့တာပါ။ အဂ်လိပ်ဥပဒေကို အခြေခံခဲ့တာပါ။ အဲဒီမှာလည်း သူ့ခေတ်သူ့ကာလအရ အတိုင်းအတာတစ်ခုအထိ လွတ်လပ်ခွင့်ပေးခဲ့တယ်။ သို့သော်လည်းပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ လာသူနည်းတယ်။ အခုတစ်ခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်တင်တယ်။ အဲဒီကနေ သဘောတူပြီး သမ္မတထံတင်ထားပါတယ်။ ခုတင်ထားတဲ့ဥပဒေကြမ်းက ဂျပန်ကဘောဂဗေဒအတိုင်ပင်ခံလုပ်ငန်း တစ်ခုကအာမခံနဲ့ရေးပေးတာ။ သူ့ပေါ်မှာအခြေပြုပြီးတော့ ရင်းနှီးမြှုပ်နှံသူ ဘယ်လောက်လာမယ်ဆိုတာတော့ ပြောလို့မရဘူး။ ရင်းနှီးမြှုပ်နှံသူ နည်းစရာအကြောင်းတော့မရှိပါဘူး။

*** နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ နည်းခြင်း၊ များခြင်းကို ဘယ်လိုသုံးသပ်ပါသလဲ။**

ရင်းနှီးမြှုပ်နှံသူနည်းတယ်ဆိုတာက နိုင်ငံရေးအခြေအနေအရ ဖြစ်တယ်။ တိုင်းပြည်တည်ငြိမ်မှုနည်းသေးတယ်ပေါ့နော်။ ခုချိန်မှာလည်းရင်းနှီးမြှုပ်နှံမှုက ဥပဒေနဲ့မဆိုင်ဘူး ရှေ့မှာ နိုင်ငံရေး အခြေအနေ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်သွားမယ့် အလားအလာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူလာတာများတယ်။ တကယ်တမ်း နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်ဆိုတာက ဘာကိုကြည့် သလဲဆိုရင် ၀။ တိုင်းပြည် ဘယ်လောက်တည့်ငြိမ်သလဲဆိုတာပဲကြည့်တယ်။ နောက်တစ်ချက်က တိုင်းပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေတည်ငြိမ်သလားဆိုတာ ထပ်ကြည့်တယ်။ ဥပဒေကခဏခဏပြောင်း တယ်ဆိုသူတို့က လာလုပ်မှာမဟုတ်ဘူး။ ၃။ အချက်က တိုင်းပြည်မှာ တရားဥပဒေ စိုးမိုးမှုရှိသလား။ ဥပဒေတော့ ပြဋ္ဌာန်းထားပါရဲ့ လက်တွေ့အကောင်အထည်ဖော်တဲ့အခါကြတော့ ဥပဒေစိုးမိုးမှု မရှိဘူး၊ မသွားဘူး၊ အခိန့်အာဏာ အတိုင်းသွားတယ်၊ အထက်ကတစ်မျိုး အောက်က တစ်မျိုးလားဆိုတာ သူတို့ကစောင့်ကြည့်မှာပဲ။ အဲဒါပေါ်မှာပဲ အလာအသွားက နည်းမှာပဲ။ ဒီအချက်က မြန်မာနိုင်ငံမှာအခု လောလောဆယ် အတော်အရေးပါတယ်။

*** အစိုးရရဲ့ ဒီမိုကရေစီကျင့်သုံးမှု၊ သန့်ရှင်းတဲ့ အုပ်ချုပ်ရေးပုံဖော်မှုတွေကို ဘယ်လိုရှုမြင်ပါသလဲ။**

အခုဆိုရင် နိုင်ငံတော်က အစိုးရကောင်းသန့်ရှင်းသော အုပ်ချုပ်မပုံစံတွေ ပုံဖော်မှုတွေပိုပြင်မအောင် အရေးယူ ဆောင်ရွက်မှုတွေ မြင်ရလိမ့်မယ်။ အစိုးရပုံရိပ်ကောင်းအောင် ယုံကြည်မှုရအောင် အားထားရတဲ့အစိုးရဖြစ်တယ် ဆိုတာက လက်ရှိအချိန်အပြောင်းအလဲတွေနဲ့ မြင်နေရပါပြီ။ နိုင်ငံတော်မှာ ဒီမိုကရေစီရဲ့ လွတ်လပ်စွာ ကျင့်သုံးမဖြစ်တဲ့အနေနဲ့ ဝန်ကြီးအပြောင်းအလဲတွေ လွှတ်တော်နဲ့ ခရိုင်ရဲ့အရေးကိစ္စတွေပြင်နေရပါပြီ။ ရင်းနှီးမြှုပ်နှံမမှာ တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ အစိုးရရဲ့ပုံရိပ်ကောင်းအောင်ကြိုးပမ်းအားထုတ်မှုတွေကြောင့် လာမယ့်သူတွေများတယ်။ ADB ဆိုလည်း ၂၀၀၃-၀၄ မှာ မြန်မာနိုင်ငံရဲ့ တိုးတက်မှုက ၆ ဒသမ ၃ ရာခိုင်နှုန်း လောက်တိုးတက်လာမယ်လို့ မှန်းထားပါတယ်။

*** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပင်လာရင် တိုင်းရင်းသားလုပ်ငန်းရှင်တွေ ထိခိုက်မယ်လို့ ထင်ပါသလား။**

ရင်းနှီးမြှုပ်နှံဥပဒေမှာ ထည့်ထားပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေ မလုပ်နိုင်တဲ့ လုပ်ငန်းမှသာလျှင်လုပ်ပိုင်ခွင့်ရမှာပါ။ လက်ရှိအချိန်မှာ တိုင်းရင်းသား လုပ်ငန်းရှင်တွေကို နိုင်ငံတော်က လက်တွဲခေါ်နေရတဲ့ အနေအထားပါ။ သူတို့အတွက်ဒေါ်လာဈေးတွေကအစ ဆွတင်ပေးထားရတယ်။ ဒါဆိုလည်းလူနည်းစုတစ်စုကောင်းစားဖို့အတွက် လူများစုဖြစ်တဲ့ ပြည်သူတွေကိုချနင်းပြီး လုပ်ပေးထားတာပါ။ အဲလိုပေါ်လစီမျိုးတွေနဲ့ ကျားကန်ပေးထားရတာ။ ဒါပေမယ့် ၂၀၁၅ ဖြစ်တဲ့ Asean Free Trade ကျရင်နိုင်ငံတကာနဲ့ ယှဉ်ပြိုင်မှုတွေ များလာမယ်။ အဲလိုလုပ်လို့ မရတော့ဘူး။ လုပ်လို့မရဘူးဆိုတာကလည်း ငါကတိုင်းရင်းသားဖြစ်တယ်၊ ငါထို့ဝန်ကြီးကိုကပ်ပြီး ဒီလိုလုပ်လို့ရတယ်ဆိုရင် နိုင်ငံခြားသားက သူတို့ထက်ပို လုပ်နိုင်တယ်ဆိုတာ တိုင်းရင်းသားတွေ မေ့မထားပါနဲ့။ ကိုယ်တွေကလည်း ကိုယ့်တိုင်းရင်းသားတွေအတွက် ဥပဒေနဲ့ ကာဗာပြစ်အောင် လုပ်ထားပေးတယ်။ ယှဉ်ပြိုင်မှုတွေ များလာမယ့်အနေအထား ရောက်ရင် အစိုးရကိုမှီခိုတဲ့ပုံစံတွေနဲ့ တစ်သက်လုံးလုပ်လို့ မရတော့ဘူး။ သူတို့က ငွေလုံးငွေရင်းနဲ့ ဝင်လာမယ်ဆို ကိုယ့်ဘက်ကလည်း ငွေလုံးငွေရင်းနဲ့ရှာနိုင်ဖို့အတွက် ဉာဏ်သုံးကြပါ။

*** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရောက်လာရင် ကိုယ့်နိုင်ငံသားလုပ်သားတွေ အကျိုးအတွက်ရော မိုကောင်းလာနိုင်ဖို့ ရှိမရှိကို ဘယ်လိုသုံးသပ်ထင်မြင်ပါသလဲ။**

ကိုယ်နိုင်ငံသား လုပ်သားတွေအတွက် အခြေခံလစာကို ကုန်ဈေးနှုန်းနဲ့(CPI) တွက်ချက်ပြီးပေးရမယ်ဆိုတာ ဥပဒေမှာ ထည့်ထားပါတယ်။ ကျွမ်းကျင်မှုအဆင့်အရလည်း တိုးမေးရမယ်ဆိုတာထည့် ထားပါတယ်။ လစာတိုးတောင်းတယ်ဆို ဘာကိုအခြေခံပြီး တောင်းတာလဲ။ ဒါကြောင့် အနိမ့်ဆုံးလုပ်ခဥပဒေကြမ်းကို တင်ထားပြီးပြီ။ အဲဒီမှာက သက်ဆိုင်ရာ ဒေသမှာ ပေါက်တဲ့ကုန်ဈေးနှုန်းအရ ပြည်နယ်တိုင်းအစိုးရတွေက အနိမ့်ဆုံး လစာကိုသတ်မှတ်ရမယ်။ အခြေခံလုပ်သားတွေအတွက် ပြည့်စုံလုံလောက်တဲ့ လစာဖြစ်ရမယ်။

*** တိုင်းရင်းသားလုပ်ငန်းရှင်နဲ့ နိုင်ငံခြားလုပ်ငန်းရှင်တွေရဲ့ အားသာချက် အားနည်းချက်တွေကို ဘယ်လိုရှုမြင်ပါသလဲ။**

နိုင်ငံခြားလုပ်ငန်းရှင်တွေမှာ နည်းပညာရှိတယ်၊ ဈေးကွက်ရှိတယ်၊ မြည့်စုံအောင် ရင်းနှီးမြှုပ်နှံနိုင်တဲ့အနေအထား ရှိတယ်။ ဒါသူတို့တွေရဲ့ အားသာချက်တွေ၊ ကိုယ်တို့မှာက နည်းပညာမရှိဘူး ဈေးကွက်မရှိဘူး။ ဒီမှာကွာသွားပြီ။ ဒါပေမယ့် စိုးရိမ်စရာမရှိဘူး။ လိမ်မာပါးနပ်ဖို့ပဲလိုတယ်။ သူတို့လာလုပ်သွားတယ်ဆို နည်းပညာကျန်ခဲ့မယ်၊ ထုတ်လုပ်တဲ့ ပစ္စည်းက ပေါက်ပြီးသားဆို ဈေးကွက်လည်းရမယ်။ သတ်မှတ်နှစ်ပြည့်ပြီးရင် ဒီလုပ်ငန်းကကျန်ခဲ့မယ်။ ကိုယ့်လက်ထဲရောက်လာမယ့် ကိစ္စတွေပါ။

Let's Win Win Together !

C B BANK

CB BANK ၏ နိုင်ငံတကာဘဏ်လုပ်ငန်းမှုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများ

❯ နိုင်ငံခြားငွေဝန်ဆောင်မှု
- နိုင်ငံခြားငွေ ဝယ်ယူခြင်း၊ ရောင်းချခြင်း။
- နိုင်ငံခြားငွေ စာရင်းပြောင်းခြင်းလက်ခံဆောင်ရွက်ပေးခြင်း။
- (CB BANK ၏ Customer အချင်းချင်းစာရင်းပြောင်းခြင်း)
- (CB BANK ၏ Customer စာရင်းမှ MICB, MFTB သို့စာရင်းပြောင်းခြင်း)
- နိုင်ငံခြားစာရင်းရှင်အပ်ငွေစာရင်းဖွင့်လှစ်ခြင်း
  (က) အမေရိကန်ဒေါ်လာ (သို့)အက်ဖ်အီးစီ
  (ခ) ယူရိုဒေါ်လာ
  (ဂ) စင်ကာပူဒေါ်လာ
  နိုင်ငံခြားငွေစာရင်းရှင် စာရင်းငွေသွင်းခြင်း/ငွေထုတ်ခြင်း။

❯ နိုင်ငံခြားငွေလွှဲဝန်ဆောင်မှု
(က) ပြည်ပမှလွှဲပို့ငွေများအား Customer စာရင်းသို့ထည့်သွင်းပေးခြင်း။
(ခ) Customer ၏နိုင်ငံခြားစာရင်းမှငွေကိုပြည်ပသို့ ငွေလွှဲပေးပို့ခြင်း။

❯ သွင်းကုန်လုပ်ငန်း
- သွင်းကုန်ငွေလွှဲစာတမ်းဖွင့်လှစ်ပေးခြင်း။
- သွင်းကုန် Bill များလက်ခံဆောင်ရွက်ပေးခြင်း။
- သင်္ဘောတင်အာမခံစာရွက်စာတမ်းထုတ်ပေးခြင်း။

❯ ပို့ကုန်လုပ်ငန်း
- ပို့ကုန်ကြိုတင်ငွေပေးချေခြင်းစနစ်ဖြင့် Customer Account ထဲသို့ Export Proceed ရငွေထည့်သွင်းပေးခြင်း။
- ပို့ကုန်ငွေလွှဲစာတမ်းစနစ်ဖြင့် LC Advising ပြုလုပ်ခြင်း။
- Export Bill များအား နိုင်ငံခြားဘဏ်များမှငွေတောင်းခံပေးခြင်း။

ဘဏ်ရုံးချုပ်
အမှတ်-(၃၃၄/၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊ လသာမြို့နယ်၊ရန်ကုန်မြို့။
Tel : (95-1) 377 529, 377 538
Fax : (95-1) 377 871, 377 872
E-mail : ibs@cbbankmm.com
Website : www.cbbankmm.com
Facebook: www.facebook.com/CBBankmyanmar

သတ္တုတွင်းကဏ္ဍ

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စောင့်ကြည့်နည်းပဲ ကျင့်သုံးနေကြဆဲ

ဇူလိုင်လတွင်းက နိုင်ငံခြားကုမ္ပဏီ ၂၅၀ ကျော်လောက် သတ္တုတွင်းလုပ်ငန်းက ရမယ့် အခွင့်အလန်းတွေကို လေ့လာဖို့ ရန်ကုန်မြို့မှာ ကျင်းပတဲ့ မြန်မာ့သတ္တု တူးဖော်ရေး လုပ်ငန်းရှင် များ ညီလာခံကို တက်ရောက်ခဲ့ကြတယ်။

ဇော်ပိုင်ညီးသား ဘရစ်

တစ်ချိန်က အိုင်ဗင်ဟိုးစီမံကိန်းဖြစ်သော မုံရွာကြေးနီတူးဖော်ရေးစီမံကိန်းတွင် မြေသယ်ကားကြီးများ ဥဒဟိုသွားလာနေသည်ကို ၂၀၀၈ ခုနှစ်က တွေ့ရစဉ်။ **ဓာတ်ပုံ–မင်း**

ပြည်ပသတ္တုတူးဖော်ရေး ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံရဲ့ တိမ်မြုပ်နေတဲ့ အဖိုးတန်ဓာတ်သတ္တု အမြောက်အမြားကို ဖော်ထုတ်လိုကြတဲ့ အတွက် မြန်မာနိုင်ငံရဲ့ မဖော်ထုတ်ရသေးတဲ့ တွင်းထွက်ပစ္စည်း တူးဖော်ရေးလုပ်ငန်းကို တော်တော်လေး စိတ်ဝင်စားနေကြပါတယ်။

နိုင်ငံရဲ့ ရှာဖွေဖော်ထုတ်မြင်းမပြုရသေးတဲ့ နယ်မြေတစ်မြင်တစ်ခွင်မှာ ပတ္တမြား၊ ကျောက်စိမ်းစတဲ့ အဖိုးတန် တွင်းထွက်ရတနာတွေ၊ ရွှေ၊ ငွေ၊ ကြေးနဲ့ ခဲစတဲ့ အဖိုးတန်ပြီး အမြေခံကျတဲ့ ဓာတ်သတ္တုတွေအပြင် ကျောက်မီးသွေးလို မရှိမဖြစ် စွမ်းအင်အရင်းအမြစ်တွေရှိရာ အဖိုးတန် ရတနာသိုက်တွေ ခိုအောင်းတည်ရှိနေနိုင်ပါ တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

နိုင်ငံတကာက တွင်းထွက်ပစ္စည်း တူးဖော် ထုတ်လုပ်တဲ့ ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံရဲ့ ကြွယ်ဝတဲ့ တွင်းထွက် အရင်းအမြစ်တွေကနေ အကျိုးအမြတ် ရှာဖို့ အခွင့်အလမ်းတွေကို အသေအချာလေ့လာထားကြပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ကန့်သတ်ထားတဲ့ စည်းမျဉ်းတွေဟာ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုတွေကို သိသိသာသာထိန်းချုပ် ထားပါတယ်လို့ အများက ပြောကြပါတယ်။

နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို အကာအကွယ်ပေးနိုင်တဲ့တရား ဥပဒေနဲ့ လိုအပ်တဲ့ အခြေခံအဆောက်အအုံ အလုံအလောက် မရှိခြင်းအပြင် အကျိုးအမြတ်များပြားတဲ့ ကျောက်မျက်အရင်းတူးကဏ္ဍမှာ နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံမှုကို ပိတ်ထားပြီး ရွှေနဲ့ ကျောက်မီးသွေးလို ပစ္စည်းတွေနဲ့ သတ္တုရိုင်းတင်ပို့မှုတွေမှာလည်း တားမြစ်ချက်တွေရှိနေတဲ့ ထုတ်လုပ်မှုပေါ် ခွဲဝေခံစားရေး စာချုပ်ပါကန့်သတ်ချက်တွေ အပါအဝင် ရင်းနှီးမြှုပ်နှံမှုကိုဟန့်တားထားတဲ့ စည်းမျဉ်းတွေကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့ နိုင်ငံခြားသားကုမ္ပဏီ တော်တော်များများဟာ အမြေအနေ 'စောင့်ကြည့်'တဲ့ နည်းလမ်းကိုပဲ သုံးနေရပါတယ်။

နိုင်ငံခြားကုမ္ပဏီနဲ့ မြန်မာကုမ္ပဏီ အကြား အဓိကပြဿနာကတော့ မြန်မာနိုင်ငံရဲ့ ၁၉၉၄ သတ္တုတွင်းဥပဒေအရ သတ်မှတ်ထားတဲ့ အမြတ်ခွဲဝေမှု အချိုးအစား ၃၀-၇၀ ပဲဖြစ်ပါတယ်။ ဒီဥပဒေအရ နိုင်ငံခြားသားကုမ္ပဏီကို အစုရှယ်ယာဝင်အဖြစ် မသတ်မှတ်ပေမယ့် နိုင်ငံခြားသား ကုမ္ပဏီရဲ့ အမြတ်ဝေစုမှာ လုပ်ကွက် ငှားရမ်းခငွေနဲ့ ပင်ငွေခွန်တွေကို နုတ်ထားတဲ့အပြင်တူးဖော် ရရှိတဲ့ အရင်းအမြစ်တွေအားလုံးရဲ့ဝေစုကိုလည်း မြန်မာကုမ္ပဏီက ရာခိုင်နှုန်း အမြောက်အမြားယူထားပါသေးတယ်။

“အဓိပ္ပာယ်ကတော့ လုပ်ငန်းရှင်ဟာငွေတွေ ပုံပြီးရင်းထားရသလို အဆောက်အအုံတည်ဆောက်ရေးမှာလည်း လုံးပရင်းထားရပါတယ်။ ဒါ့ပြင် လုပ်ကွက်ငှားရမ်းခပေးရတဲ့အပြင် လုပ်ငန်း ရှယ်ယာကိုလည်း အစိုးရကို အခမဲ့ပေးရသလိုပါပဲ”လို့ ကျောက်မီးသွေး တူးဖော်ရေးနဲ့ ပတ်သက်ပြီး ဩစတြေးလျ ရင်းနှီးမြှုပ်နှံသူတချို့ ကိုယ်စား မြန်မာနိုင်ငံကို လာရောက်လေ့လာခဲ့တဲ့ Global Resources Corporation Limited မှ စတီဗင် အဲဗရက်က ပြောပါတယ်။

“လူတွေဟာ အခြေခံစနစ်အရလည်း ရင်းနှီးမြှုပ်နှံမှုမလုပ်ချင် ပါဘူး။ ဒီလိုမျိုးအိမ်ရှင်နိုင်ငံက ဝေစုအများကြီး ယူတာမျိုးမရှိရင်လည်း ဘယ်လိုနည်းနဲ့မှ မလုပ်ချင်ကြပါဘူး”လို့ ရရှိလာမယ့် အရင်းအမြစ်တွေကို ဘယ်လိုခွဲဝေယူကြမယ် ဆိုတာနဲ့ပတ်သက်ပြီး အစိုးရနဲ့ သဘာဝသယံဇာတတွေ တူးဖော် ထုတ်လုပ်မယ့်ကုမ္ပဏီတွေကြား ချုပ်ဆိုကြတဲ့ ထုတ်လုပ်မှုပေါ်ခွဲဝေခံစားရေး စာချုပ်နဲ့ ပတ်သက်ပြီး ပြောပါတယ်။

ရရှိလာတဲ့ ရေနံအရင်းအမြစ်ကို ပြည်တွင်း စွမ်းအင်ဖြန့်ဖြူးရေးမှာ အသုံးပြုနိုင်တာကြောင့် တခြားနိုင်ငံတွေမှာဆို ပီအက်စ်စီကို ရေနံတူးဖော်ရေးလုပ်ငန်းတွေမှာသာ ချုပ်ဆိုကြပြီး သတ္တုတူးဖော်ရေး လုပ်ငန်းတွေအတွက်တော့ ချုပ်ဆိုခြင်းမရှိကြဘူးလို့ သူက ရှင်းပြပါတယ်။

ဇူလိုင်လမှာ နိုင်ငံခြားကုမ္ပဏီ ၂၅၀ ကျော်လောက်ဟာ မြန်မာ့သတ္တုတွင်း လုပ်ငန်းကဏ္ဍက ရရှိနိုင်မယ့် အခွင့်အလမ်းတွေကို လေ့လာစူးစမ်း ကြဖို့ ရန်ကုန်မြို့မှာကျင်းပတဲ့ မြန်မာသတ္တုတူးဖော်ရေးလုပ်ငန်းရှင်များ ညီလာခံကို တက်ရောက်ခဲ့ကြပြီး ပညာရှင်တွေ၊ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ မြန်မာ့ သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ကြပါတယ်။ တက်ရောက်လာကြတဲ့ လုပ်ငန်းရှင်တွေရဲ့ ထက်ဝက်လောက်ဟာ သတ္တုတူးဖော်ရေးကုမ္ပဏီတွေက ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ သတ္တုတွင်းလုပ်ငန်းမှာ မဖော်ထုတ်ရသေးတဲ့ အရင်းအမြစ်တွေအများကြီးရှိပေမယ့် ပီအက်စ်စီ၊ ကုန်သွယ်မှုပိတ်ပင်မိန့်နဲ့ သဘာဝ အရင်းအမြစ် ရှာဖွေတူးဖော်ခွင့်ပါမစ်ရဖို့ လျှောက်လွှာတင်တဲ့လုပ်ငန်းစဉ်တွေမှာ မွင့်လင်းမြင်သာမှု မရှိတာတွေဟာ လုပ်ငန်းရှင်တွေရဲ့ အမြင်မှာ မြန်မာနိုင်ငံဟာ တခြားအာရှနိုင်ငံတွေ ဖြစ်တဲ့ ဖိလစ်ပိုင်၊ ဒါမှမဟုတ် အင်ဒိုနီးရှားလို နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံတာလောက် အကျိုးအမြတ်မများဘူးလို့ထင်ကြတယ်လို့ ရင်းနှီး မြှုပ်နှံသူတော်တော်များများက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

အစိုးရဝန်ထမ်း တာဝန်ရှိပုဂ္ဂိုလ် တချို့ကတော့ အရာအားလုံးကိုဆွေးနွေး ညှိနှိုင်းခွင့် ရှိတယ်လို့ ရှင်းပြထားတဲ့ အတွက် မြန်မာနိုင်ငံမှာ ဥပဒေနဲ့ လက်တွေ့လုပ်ငန်းက သပ်သပ်စီ ဖြစ်နေတယ်လို့ပြောပြပြီး ဥပဒေဘောင်အတွင်းက ပြတ်ပြတ်သားသားမရှိတဲ့ ကဏ္ဍတွေနဲ့ ဝတ်သက် ပြီး ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။

“နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေဟာ သက်ဆိုင်ရာ သတ္တုတွင်းဌာနတွေနဲ့ ထုတ်လုပ်မှု ပေါ်ခွဲဝေခံစားရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်း နိုင်ပါတယ်”လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ကျွမ်းကျင်သူ တစ်ဦးဖြစ်တဲ့ ဒေါ်သူဇာက ပြောပါတယ်။

ပီအက်စ်စီပါ တခြားစည်းမျဉ်းတွေကိုလည်း နိုင်ငံခြားကုမ္ပဏီနဲ့ မြန်မာ အစိုးရကြား ဆွေးနွေး ညှိနှိုင်းလို့ရတယ်လို့ ရန်ကုန်အခြေစိုက် ဥပဒေအကြံပေး ကုမ္ပဏီပီအင်န်အေ အာရှရဲ့ မန်းနေးဂျင်း ပါတနာ အလက်ဆီယို ပိုလက်စရီက ပြောပါတယ်။

“ရင်းနှီးမြှုပ်နှံသူတွေ ဘယ်လောက် ဆွေးနွေး ညှိနှိုင်းနိုင်တယ်၊ ထုတ်လုပ်မှု ခံစားခွင့် ဘယ်လောက်ရနိုင်တယ် ဆိုတာ ရှာဖွေဖော်ထုတ်မယ့် တွင်းထွက် ပစ္စည်း အမျိုးအစားပေါ် မူတည်ပါ တယ်”လို့ သူက ပြောပြပါတယ်။

ပုံမှန်အားဖြင့် မြန်မာအစိုးရဟာ ဇင့်လို တွင်းထွက်ပစ္စည်းမျိုး ရှာဖွေ တူးဖော်ရေး လုပ်ငန်းတွေထက် ရွှေတွင်း လို လုပ်ငန်းတွေမှာတော့ အကျိုး အမြတ်အများကြီး ယူပါတယ်လို့မစ္စတာ ပိုလက်စရီက ပြောပါတယ်။

ပိုင်ရှင်ရဲ့ လုပ်ပိုင်ခွင့်နဲ့ ကန့်သတ်မှု ဝိတ်ပင်ခိုန့်တွေလို မသေချာမရေရာမှု တွေပါဝင်တဲ့ ပီအက်စ်စီဟာ နိုင်ငံခြား သားရင်းနှီးမြှုပ်နှံသူတချို့အတွက်တော့ ရင်းနှီးမြှုပ်နှံမှုမလုပ်ဖြစ်အောင် တားဆီး ပိတ်ပင်ထားတဲ့အရာတွေ ဖြစ်ပါတယ်။

“အရာအားလုံးကို ညှိနှိုင်းလို့ရတဲ့ ပုံပေါ်ပါတယ်။ ဒါပေမယ့် အကျိုးအမြတ် မရှိဘူးဆိုရင် ဘယ်သူမှလာပြီး ရင်းနှီး မြှုပ်နှံမှု မလုပ်ချင်ကြပါဘူး”လို့ အမည် မဖော်လိုတဲ့ ဩစတြေးလျ ရင်းနှီးမြှုပ်နှံသူ တစ်ဦးကပြောပါတယ်။ ဒါ့ပြင် ကုမ္ပဏီ တော်တော်များများဟာ သတ္တုတွင်း ဥပဒေသစ်ရဲ့ စည်းမျဉ်းတွေမှာ သူတို့ အဓိကစိုးရိမ်တဲ့ကိစ္စကို ဖြေရှင်းပေးနိုင် လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ မြန်မာ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စောင့်ကြည့်တဲ့ နည်းလမ်းကိုပဲ သုံးနေကြပါတယ်လို့ သူက ပြောပြပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိဥပဒေဟာ သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းကြီး တွေကို မဆွဲဆောင်နိုင်ပေမယ့် အလတ် စားနဲ့ အသေးစားကုမ္ပဏီတွေကတော့ ပထမဦးဆုံးရင်းနှီးမြှုပ်နှံသူတွေဖြစ်လာ နိုင်ဖို့နဲ့ မြန်မာ့တွင်းထွက်ပစ္စည်းကဏ္ဍ ကို သွေးတိုးစမ်းဖို့အတွက် အသေအချာ စီစဉ်ထားပြီးဖြစ်နေပြီလို့ ဆွေးနွေးပွဲမှာ နာယကအဖြစ် ဆောင်ရွက်ခဲ့တဲ့ မဲလ်ဘန်းအခြေစိုက် Five Corners Consulting ကုမ္ပဏီအထွေထွေ မန်နေဂျာ ရစ်ချတ်တေလာက ပြောပါ တယ်။

ငွေကြေးတောင့်တင်းတဲ့ ဓာတ် သတ္တုရှာဖွေတူးဖော်ရေး ကုမ္ပဏီငယ် လေးတွေဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံ ကာ ဓာတ်သတ္တုတွေ စူးစမ်းရှာဖွေပြီး ဓာတ်သတ္တု အမြောက်အမြားတည်ရှိရာ သိုက်မှာ အခြေတည်နိုင်ပါက ရလာတဲ့ တွင်းထွက်တွေကို သတ္တုတွင်းကုမ္ပဏီ ကြီးတွေမှာ အမြတ် ယူပြီး ရောင်းချဖို့ ရည်ရွယ်ချက်နဲ့ လာရောက် စွန့်စား ရင်းနှီးမြှုပ်နှံနိုင်ကြပါတယ်လို့ သူက ပြောပါတယ်။

“သတ္တုတူးဖော်ရေးလုပ်ငန်းငယ် တွေဟာ အများကြီးရင်းရတဲ့စူးစမ်း ရှာဖွေရေးလုပ်ငန်းတွေကို နိုင်ငံ တစ်နိုင်ငံအတွင်းမှာ ဝင်ရောက်လုပ်ကိုင် ချင်လာအောင် လှုံ့ဆော်ပေးနိုင်တဲ့အရာ တွေအဖြစ် အဓိကအရေးပါတဲ့ ကဏ္ဍ ကနေပါဝင်ပါတယ်။ သူတို့နောက်ကနေ ကုမ္ပဏီကြီးတွေ လိုက်လာတာကို တွေ့ရမှာပါ”လို့ မစ္စတာ တေလာက ပြောပါတယ်။

“ကုမ္ပဏီကြီးတွေဟာ သတ္တုတွင်း ဥပဒေအစပျိုးတဲ့အဆင့်မှာ နေရာ တစ် နေရာမှာရှိနေပြီး တကယ်လို့ မြန်မာ နိုင်ငံက သတ္တုတွင်းလုပ်ငန်း ကဏ္ဍကို ဆွဲဆောင်မှုရှိပြီး ပွင့်လင်းတဲ့စနစ်ကို ကျင့်သုံးနိုင်မယ်ဆိုရင် သူတို့ဟာ အဲဒီ လမ်းကြောင်းအတိုင်း လိုက်လာမှာ ဖြစ်တဲ့အတွက် အလား အလာကောင်း တဲ့နိုင်ငံမှာ ကုမ္ပဏီကြီးတွေလည်း ပါဝင် လာတာကို တွေ့ရမှာပါ”လို့ သူက ပြောပါတယ်။

သတ္တုတူးဖော်ရေးလုပ်ငန်းငယ် တစ်ခုဟာ မြန်မာနိုင်ငံမှာ စွန့်စား ရင်းနှီးမြှုပ်နှံဖို့စီစဉ်နေပြီး ဒီကဏ္ဍကနေ အချိုးကြီးရဖို့ မျှော်လင့်ထားပါ တယ်။

“မြန်မာနိုင်ငံမှာ လာရောက်စွန့်စား ရင်းနှီးမြှုပ်နှံပြီး သတင်းကောင်းတွေကို ပြန်လည် ဖောက်သည်ချပေးနိုင်မယ့် စူပါဟီးရိုးတွေ လိုနေပါတယ်”လို့ကနေဒါ ကုမ္ပဏီ Northquest ရဲ့ ဥက္ကဋ္ဌနဲ့ စီအီးအိုဖြစ်သူ ဂွန်နော့က ပြောပါ တယ်။

Northquest ကုမ္ပဏီဟာ မြန်မာ နိုင်ငံ အလယ်ပိုင်းဝေးလံခေါင်ဖျား ဒေသမှာ ရွှေကြောတူးဖော်ရှာဖွေရေး လုပ်ကိုင်ခွင့် လျှောက်ထားပြီး မကြာ ခင်မှာ သတ္တုတွင်းဝန်ကြီးဌာနဆီက လုပ်ပိုင်ခွင့်ရလိမ့်မယ်လို့ Mr. North က ယုံကြည်မှု အပြည့်နဲ့ ပြောပါတယ်။

“မြန်မာနိုင်ငံလည်း ကနေဒါနိုင်ငံ လိုပဲ တူးဖော်ရှာဖွေမှုတွေ တစ်ဟုန်ထိုး ပေါ်ပေါက်လာမှာဝါ”လို့လည်း သူက ပြောပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိ အနေအထားဟာ တွင်းထွက် ဝစ္စည်း တွေရှာဖွေတူးဖော်ခြင်းမရှိသေးတဲ့ လွန်ခဲ့ တဲ့ နှစ် ၁၀၀ လောက်က ကနေဒါနိုင်ငံရဲ့ အခြေ အနေနဲ့တူပါတယ်လို့လည်း ပြော

> “ အရာအားလုံးကို ညှိနှိုင်းလို့ရတဲ့ပုံပေါ်ပါတယ်။ ဒါပေမယ့် အကျိုးအမြတ်မရှိဘူးဆိုရင် ဘယ်သူမှလာပြီး ရင်းနှီးမြှုပ်နှံမှု မလုပ်ချင်ကြပါဘူး . . . ”

ပါတယ်။

Mr North လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားတဲ့ ၁၈၀ စတုရန်း ကီလိုမီတာ အကျယ်အဝန်းရှိ လုပ်ကွက်ဟာ ရွှေတွေ့ရှိတဲ့ အထောက်အထားတွေ ရှိရာနေရာနဲ့ ရွှေတွေ့ရှိနိုင်တဲ့ လက္ခဏာတွေရှိပြီး စမ်းသပ်တူးဖော်မှုတွေ မလုပ်ရသေးတဲ့ နယ်မြေတွေဖြစ်တဲ့ အလားအလာကောင်း နေရာဖြစ်ပါတယ်။

"မြန်မာနိုင်ငံရဲ့ သတ္တုတွင်းလုပ်ငန်း အထူးသဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းမှာ အလားအလာကောင်းတွေအများကြီး ရှိပြီး ဒီလိုမျိုး ရွှေတူးဖော်ရေး လုပ်ကွက်တွေကိုလည်း စနစ်တကျစူးစမ်းတူးဖော်တာတွေ မလုပ်ရသေးပါဘူး"လို့ Mr. North က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ရွှေတူးဖော်ရေး လုပ်ငန်းတွေအတွက် အလားအလာကောင်းတွေ ရှိပါတယ်။ ဒီအရင်းအမြစ်တွေကို တူးဖော်ထုတ်လုပ်ဖို့အတွက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေဟာ အရင်းအနှီးနဲ့ နည်းပညာကျွမ်းကျင်သူတွေ ပေးနိုင်ပါတယ်။ ဒါပေမယ့်ရွှေကြောကို အရင်ရှာကြရမှာပါလို့လည်း သူက ပြောပါတယ်။

"အရင်တုန်းကတော့ ရွှေတူးဖော်ရေး အသေးစားလုပ်ကွက်တွေ ရှိပါတယ်။ ဒါပေမယ့် ဓာတ်သတ္တု အမြောက်အမြားတည်ရှိတဲ့နေရာကို ပြနိုင်တဲ့ လိုအပ်တဲ့ ခေတ်ပေါ် နည်းပညာတွေ မရှိပါဘူး"လို့ ဘူမိဗေဒနဲ့ ဘူမိရူပဗေဒဆိုင်ရာ ခေတ်မီအချက်အလက်တွေ မြန်မာနိုင်ငံမှာ မရှိသေးတာကို ရှင်းပြရင်း သူကပြောပါတယ်။

ကျောက်လွှာတွေရဲ့ ဖွဲ့စည်းပုံကို ပြထားတဲ့နိုင်ငံရဲ့ ဘူမိဗေဒမြေပုံကို ၁၉၃၄ ခုနှစ်မှာ အပြီးသတ် ရေးဆွဲခဲ့ပါတယ်။ ဒီမြေပုံဟာ ကောင်းကင်တနေလေယာဉ်နဲ့ကြည့်ပြီး ရေးဆွဲထားတာပါ။ ဘူမိရူပဗေဒဆိုင်ရာ ဆန်းစစ်မှုတွေ မလုပ်ရသေးပါဘူး။ ဒီမြေပုံတွေကို ဒစ်ဂျစ်တယ်ဖောမက်နဲ့အခုမှရနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ မတူးဖော်ရသေးတဲ့ တွင်းထွက်ရတနာတွေ အများကြီးရှိနေသေးတာဟာ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်တွေ မရှိခြင်းနဲ့ ခေတ်မမီတော့တဲ့ ဆန်းစစ်လေ့လာမှုတွေနဲ့ ဆက်စပ်နေသလို စူးစမ်းတူးဖော်မှုတွေ လုပ်ချင်နေကြတဲ့ Northquest ကုမ္ပဏီလို ဓာတ်သတ္တု ရှာဖွေတူးဖော်ရေးကုမ္ပဏီတွေကို စွန့်စားချင်လာအောင်နဲ့ အရှေ့တောင်အာရှရဲ့ စျေးကွက်နယ်ပယ်သစ်မှာ ပထမဦးဆုံး လုပ်ငန်းရှင်တွေအဖြစ် သတိုက်ကိုယ်တိုင်ပါဝင်လာအောင် ဆွဲဆောင်နိုင်တဲ့ Rio Tinto or BHP Billiton လို ကုမ္ပဏီကြီးတွေ မရှိတာနဲ့လည်း ဆိုင်ပါတယ်။

ယခင် Rio Tinto and Oxiana ကုမ္ပဏီရဲ့ ဝါရင့်သတ္တုတွင်းပညာရှင် အိုပင်ဟီပါတီက သူ့ရဲ့ကုမ္ပဏီ Tigers Realm Group ဟာ ကြေးနီနဲ့ ရွှေသတ္တုသိုက်တွေရဲ့ အလားအလာကို အသေအချာလေ့လာဆန်းစစ်နေပါတယ်လို့ ပြောပါ တယ်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံရဲ့ သတ္တုတူးဖော်ရေး အလားအလာကို ပဏာမ လေ့လာဆန်းစစ်ကြည့်ပြီးပါပြီ။ ဒီနယ်မြေနဲ့ ပတ်သက်ပြီးကျွန်တော်တို့ကောင်းကောင်း သိထားပါပြီ။ မြေတချို့နဲ့ အလားအလာတချို့ကို ကျွန်တော်တို့ကြည့်ပြီးပါပြီ။ ကြေးနီနဲ့ ရွှေထွက်နိုင်မယ့် အလားအလာတွေက စိတ်ဝင်စားစရာ ကောင်းတယ်လို့ထင်ပါတယ်။ ပြီးတော့ ဒါတွေဟာလေ့လာဆန်းစစ်မှု မလုပ်ရသေးတာတွေနဲ့ လေ့လာဆန်းစစ်ဆဲတွေပဲလို့ ကျွန်တော်ထင်တယ်"လို့ မစ္စတာ ဟီဂါတီက ပြောပါတယ်။

မြောက်ပိုင်းဆူမတြာက မာတာဘီ ရွှေ-ငွေစီမံကိန်းမှာ မကြာသေးခင်ကစပြီး ရွှေတူးဖော် မှုတွေ လုပ်ကိုင်ခဲ့တဲ့ ဒီကုမ္ပဏီဟာ အာရှမှာ သတ္တု ရှာဖွေ တူးဖော်ရေးနဲ့ သတ္တုတွင်းဆောက်လုပ်ရေး ပိုင်းမှာ အတွေ့အကြုံတွေအများကြီးရှိတဲ့အတွက် မြန်မာနိုင်ငံမှာ ပထမဦးဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ဝင်ရောက်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ မစ္စတာ ဟီဂါတီက ပြောပါတယ်။

ဓာတ်သတ္တုသိုက်တွေရှိရာ သတ္တုတွင်း ၁,၃၃၅ တွင်းရဲ့ လုပ်ပိုင်ခွင့်တချို့ကို မတ်လကစပြီး ပြည်တွင်းလုပ်ငန်းရှင်တွေကို လုပ်ပိုင်ခွင့် ခွဲပေးပေးခဲ့ပေမယ့် လေ့လာမှုတွေ မလုပ်ရသေးတဲ့ နေရာတွေမှာ အဖိုးတန်သတ္တုသိုက်တွေ အများကြီးရှိနေနိုင်တဲ့အတွက် ဘူမိဗေဒပညာရှင်တွေနဲ့ ကျွမ်းကျင်သူတွေဟာ စိတ်နှစ်ခွဖြစ်နေကြပါတယ်။

"မျက်စိမှိတ်စွန့်စား လုပ်ကိုင်တတ်တဲ့ ခေတ်မှီအဆင့်မြင့် သတ္တုတူးဖော်ရေးကုမ္ပဏီကြီးတွေသာ ကမ္ဘာ့အဆင့်မီ သတ္တုသိုက် အမျိုးမျိုးကို ရှာဖွေတွေ့ရှိတယ်ဆိုရင် ကျွန်တော်ကတော့ အထူးတလည် အံ့ဩနေမှာမဟုတ်ပါဘူး"လို့ မစ္စတာပိုလာစရီက ပြောပါတယ်။

လက်ရှိကာလမှာ မြန်မာ့သတ္တုတွင်း လုပ်ငန်းဟာ နိုင်ငံပေါင်းစုံပါဝင်တဲ့ ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီကြီးတွေ ပါဝင်ခြင်းမရှိသေးတဲ့ အတွက် စွန့်စားစရာမလိုတဲ့ သတ္တုသိုက်တွေဟာ အသေးစား သတ္တုတူးဖော်ရေး ကုမ္ပဏီတွေ အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံစရာနေရာ ဖြစ်နေပါတယ်လို့ သတ္တုတွင်းလုပ်ငန်း ကျွမ်းကျင်သူတွေကပြောပါတယ်။

ဒါပေမယ့် အခုအချိန်မှာတော့ အရမ်းကို အလေးအနက်ထားတဲ့ ရင်းနှီးမြှုပ်နှံသူ အများစုဟာ နှစ်ရှည်လများ မျှော်လင့်ခဲ့ရတဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) ဥပဒေ အပါအဝင် ပိုပြီးဆွဲဆောင်နိုင်တဲ့ ဥပဒေတွေ ထွက်ပေါ်လာဖို့ စောင့်ဆိုင်းနေကြတာလည်း ဖြစ်မှာပါ။

သိန်းဝင်းထွန်း ဘာသာပြန်သည်။ ■

တောင်ကိုရီးယားဖွံ့ဖြိုးမှုများကို ဆန်းစစ်ကြည့်ရာဝယ်

ကျွမ်းကျင်သော မဟာဗျူဟာသမားများ၊ ဖြင့်မားသော ပညာရေး၊ အလုပ်စွဲမှု၊ အဆင့်အတန်းဦးစားပေးစိတ် ရှိခြင်း၊ ဖြတ်လမ်းသုံးသည့် ပုံစံ၊ မြောက်ကိုရီးယား၏ ဖိအား၊ စွန့်စားလိုစိတ်ရှိခြင်း၊ မြို့သားစိတ်ရှိခြင်း၊ သင်ယူလိုစိတ်ရှိခြင်း၊ နိုင်ငံရေးတည်ငြိမ်ခြင်း၊ နားထောင်လိုစိတ်၊ ယှဉ်ပြိုင်လိုစိတ်တို့က အဓိကဖြစ်

ဒေါက်တာအောင်ကျော်ဦး
(ဆိုးလ်နေရှင်နယ်တက္ကသိုလ်)

ဆိုးလ်မြို့အနီးတွင် ကိုရီးယားကျောင်းသားလေးများကို ကျောင်းအားလပ်ရက်တွင် တွေ့ရစဉ်။ **ဓာတ်ပုံ-မျိုးလွင်**

တောင်ကိုရီးယားနိုင်ငံသည် စက်မှုဖွံ့ဖြိုးမှု နောက်ကျခဲ့သော်လည်း ၂၀၀၃ ခုနှစ်ခန့်မှစ၍ ကမ္ဘာပေါ်တွင် စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံအဆင့်၌ နံပါတ်(၁၁)နေရာတွင် ရပ်တည်လာနိုင်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှုသည် ကိုရီးယားနိုင်ငံသားတို့၏ အားထုတ်ကြိုးပမ်းမှုများကြောင့်ဖြစ်သည်ဟုဆိုနိုင်သော်လည်း နိုင်ငံခြားသားများနှင့် ပြည်ပနိုင်ငံများမှ ပံ့သွင်းဖော်ဆောင်မှု၊ ပထဝီအနေအထားအရ အရှေ့မြောက်ဒေသတွင် တည်ရှိပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများ ဖြစ်ကြသည့် ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် ရင်းနှီးခိုင်မာသော ဆက်ဆံရေးတည်ရှိမှုတို့သည်လည်း လွှမ်းမိုးနေသော အချက်များ မြစ်ကြပါသည်။

အချို့သောပညာရှင်များကမူ ၁၉၄၅ ခုနှစ် မတိုင်မီနှင့် ပြီးနောက်ကာလများတွင် ကိုရီးယားနိုင်ငံအား ပြည်ပနိုင်ငံများ၊ နိုင်ငံခြားသားများ ဝင်ရောက် ခြယ်လှယ်စွက်ဖက်ခဲ့ကြခြင်းသည် ၁၉ ရာစုအနှောင်းပိုင်းကာလများတွင် ကိုရီးယားနိုင်ငံသားတို့ ရရှိပြီးဖြစ်သောဖွံ့ဖြိုးမှုကို လျော့ကျစေခဲ့သည်ဟူ၍ သုံးသပ်ခဲ့ကြပါသည်။ သို့သော်လည်း ငြင်းပယ်၍မရနိုင်သည်မှာ စီးပွားရေးဖွံ့ဖြိုးမှုအဆောက်အဦကောင်းများ တည်ဆောက်နိုင်ရန်အတွက် ကိုရီးယားအနေဖြင့် နိုင်ငံတကာအရင်းရှင်ကြီးများအနက်မှ အဓိကကျသော နိုင်ငံကြီးများနှင့် သမိုင်းစဉ်အဆက်ဆက် ထူးခြားသော ဆက်ဆံရေးများ ရှိခဲ့ခြင်းသည် အဓိကကျသော အချက်ပင်ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် တောင်ကိုရီးယားသည် အာရှဘဏ္ဍာရေးအကြပ်အတည်း (Asian Financial Crisis) ကို ပြင်းထန်စွာတိုက်ရိုက်ခံစားခဲ့ရသည်။ ယင်းကာလနောက်ပိုင်းတွင် တောင်ကိုရီးယားအစိုးရအစဉ်အဆက်တို့သည် ကိုရီးယားနိုင်ငံ၏ စီးပွားရေးအား အပြည့်အဝ လွတ်မြောက်မှု (Full Liberalization) ရရှိလာစေရန် ရည်ရွယ်လျက် ကိုရီးယားနိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် အားထုတ်လုပ်ဆောင်မှုများ ပြုလုပ်ခဲ့ပါသည်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် ဆောင်ရွက်ချက်တစ်ရပ်မှာ ပြည်တွင်းလုပ်ငန်း၊ ကုမ္ပဏီများနှင့် နိုင်ငံခြားလုပ်ငန်းကုမ္ပဏီများအကြား ပေါင်းစပ်ခြင်းနှင့် ပယ်ယူပိုင်ဆိုင်ခြင်း (Mergers and Acquisitions M&As)ကို စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်ထားမှုများအားလုံးကို အစိုးရမှ ပယ်ဖျက်ရုတ်သိမ်းပေးခဲ့ပါသည်။

ကိုရီးယားနိုင်ငံရှိ မြေအမျိုးမျိုးတို့ကိုလည်း အကန့်အသတ်မရှိဘဲ နိုင်ငံခြားသားများ ဝယ်ယူပိုင်ဆိုင်ခွင့်ပြုသည့်ဥပဒေကိုလည်း ၁၉၉၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဇူလိုင် ၁ ရက်နေ့မှ စတင်၍ အာဏာသက်ရောက်စေခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်နိုင်သည့် စက်မှုဆိုင်ရာလုပ်ငန်းအမျိုးအစားများကိုလည်း အမျိုးသားလုံခြုံရေးနှင့် နီးနွယ်သောလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသော လုပ်ငန်းများမှအပ တိုးမြှင့်လုပ်ကိုင်ခွင့်ပေးခဲ့ရာ ၁၉၉၈ ခုနှစ်၊ ဧပြီ ၁ ရက်နေ့နှင့် မေလ ၁၈ ရက်နေ့တို့မှစတင်၍ ကိုရီးယားလူမျိုးပိုင် စက်မှုလုပ်ငန်းနှင့်ကုမ္ပဏီများတွင် နိုင်ငံခြားသားများ ပါဝင်လုပ်ဆောင်နိုင်မှုကို လွတ်လပ်စွာပြုလုပ်ခွင့်ပေးခဲ့ပါသည်။

ထို့ပြင် ဧပြီ ၃၀ ရက်နေ့တွင် ကိုရီးယားနိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအေဂျင်စီ(ကိုထရာ) ၏အစီအစဉ်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အတွက် 'တစ်ချက်ခုတ် ဝန်ဆောင်မှု' (One-Stop Service) စနစ်ကို စတင်လုပ်ဆောင်စေခဲ့သည်။ ယင်းစနစ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အကြံပြုပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ဤအချက်သည်လည်း တောင်ကိုရီးယားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးပွားလာစေရန်အတွက် နောက်ထပ်လုပ်ဆောင်ခဲ့သည့် စည်းမျဉ်းစနစ်တစ်ခု ဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးမှု၏အစောပိုင်းကာလဖြစ်သော (၁၉၆၁ မှ ၁၉၇၉ ခုနှစ်) အတွင်း တောင်ကိုရီးယားအစိုးရတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိတ်ပင်ထားခဲ့ပြီး နိုင်ငံခြားမှချေးငွေများ၊ အကူအညီနှင့် အထောက်အပံ့များပေါ်တွင် မှီခိုအားထားခဲ့ရာမှ ၁၉၉၇ နောက်ပိုင်းတွင် FDi အများအပြား ဝင်ရောက်လာစေရေးအတွက် မူဝါဒအမျိုးမျိုးကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ခေတ်သစ်ကိုရီးယားနိုင်ငံတော်ဟု သတ်မှတ်ထားကြသည့် ၁၉၉၇ ခုနှစ် နောက်ပိုင်း ကိုရီးယားအစိုးရအဆက်ဆက်တို့သည် ဈေးကွက်အတွင်းရှိ တိုးပွားလာသော ငွေမာ၊ များပြားလာသော အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာသော နည်းပညာ ကူးပြောင်းပေးမှုနှင့် ပြည်တွင်းရှိ စက်မှုနှင့်ကုန်ထုတ်လုပ်ငန်းများအတွင်း မြင့်မားလာသောယှဉ်ပြိုင်မှုစသည်တို့မှ ရရှိလာသော အသီးအပွင့်အကျိုးကျေးဇူးများသည် ကိုရီးယား တိုင်းရင်းသား လူမျိုးပိုင်လုပ်ငန်းများအတွက်သာမက တောင်ကိုရီးယားနိုင်ငံ စီးပွားရေးစနစ်အနေဖြင့် တစ်ကမ္ဘာလုံးစံနှုန်းဖြင့် တိုင်းတာရာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို ဆုံးဖြတ်ကြရာတွင် အရေးပါလှကြောင်း တွေ့ရှိကြရမည့်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ထိကာလအတွင်း တောင်ကိုရီးယားသို့ စင်ရောက်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၄၀ ဘီလျံသည် ၁၉၆၂ ခုနှစ် မှ ၁၉၉၇ ခုနှစ်အတွင်း ရရှိခဲ့သော ပမာဏ စုစုပေါင်းထက် များပြားခဲ့ခြင်းပင်ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ်အရ တောင်ကိုရီးယား နိုင်ငံအား စက်မှုနိုင်ငံကြီးတစ်ရပ် ဖြစ်လာစေရေးအတွက် တွန်းအား ပေးခဲ့သော အကြောင်းအချက် (Growth Factor)၁၂ ချက်ကို အောက်ပါအတိုင်း ဖော်ထုတ်တင်ပြခဲ့ပါသည်။

(က) **ကျွမ်းကျင်သောမဟာဗျူဟာသမားများ** (Skillful Strategists)။ ၁၉၆၂ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်တို့တွင် တွေ့ရှိချက်များအရ ကမ္ဘာပေါ်တွင် ယခင်ကာလများက ဖွံ့ဖြိုးမှုဘောဂဗေဒပညာရှင်များကို ဂျပန်နိုင်ငံတွင်သာ အတွေ့များကြသော်လည်း ယင်းအချိန်ကာလများတွင် အတော်ဆုံးပညာရှင်များကို တောင်ကိုရီးယားတွင်သာ တွေ့ရလာကြရခြင်းဖြစ်ပါသည်။

(ခ) **မြင့်မားသော ပညာရေးအဆင့်အတန်း** ၂၀၀၈ ခုနှစ်နောက်ဆုံးကိန်းဂဏန်းများအရ တက္ကသိုလ်နှင့် ကောလိပ်စုစုပေါင်း ၁၇၃ ခုရှိပါသည်။ ဥရောပတောင်ပိုင်းနိုင်ငံများထက် ပညာရေးအဆင့် ပိုမိုမြင့်မားသည်။ အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ ကျွမ်းကျင် လုပ်သားများ၏ပညာရေးအတွက် အထူးဦးစားပေးဆောင်ရွက်ခဲ့သည်။

(ဂ) **အလုပ်စွဲမှု** (Work Addiction)။ ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတွင် တစ်နေ့ ရှစ်နာရီ ဂျပန်နိုင်ငံတွင် ၁၀ နာရီနှင့် တောင်ကိုရီးယားနိုင်ငံတွင် တစ်နေ့လျှင် အလုပ်ချိန် ၁၂ နာရီ မှ ၁၆ နာရီအထိ လုပ်ကိုင်ကြပါသည်။

(ဃ) **အဆင့်အတန်းဦးစားပေးစိတ်ရှိခြင်း** (Being Status-oriented)။ လုပ်ဆောင်ချက်ကို အခြေပြုသည်၊ ဦးစားပေးသည့် အဖွဲ့အစည်း ဖြစ်သည်။ အကောင်းဆုံး တက္ကသိုလ်ကြီးများနှင့် စီးပွားရေးလုပ်ငန်းကြီးများတွင် မိမိအတွက် နေရာတစ်နေရာ ရရှိနိုင်ရန် ပြင်းထန်သောယှဉ်ပြိုင်မှုရှိသည်။ ဂျပန်နှင့်မတူသည့်အချက်မှာ ကုမ္ပဏီလုပ်ငန်းတစ်ခုအတွင်း လျင်မြန်စွာ ရာထူးတိုးတက်နိုင်မှုအခွင့်အလမ်းသည် အသက်အရွယ်ပေါ် မူတည်မှု မရှိခြင်းပင်ဖြစ်သည်။

(င) **ဖြတ်လမ်းသုံးသည့်ပုံစံ** (Short-cut Philosophy)။ ဖြတ်လမ်းသုံးသည့်ပုံစံကို ကိုရီးယားတွင် နေရာအတော်များများ၌ တွေ့ရတတ်သည်။ ဤစိတ်ဓာတ်ကြောင့်လည်း ဖြည့်ပမတင်သွင်းလာသည့် နည်းပညာပေါ် မူတည်၍ ယင်းထက် ထူးခြားကောင်းမွန်သည့် နည်းပညာများနှင့် ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ ပေါ်ထွက်လာစေခြင်း ဖြစ်ပါသည်။

(စ) **မြောက်ကိုရီးယား၏ ဖိအားပေးမှု** (Pressure From the North)။ မြောက်ကိုရီးယားနှင့် ပို၍ဝေးကွာစေရန်မှာ စက်မှုနိုင်ငံတော် ထူထောင်မှုပင်ဖြစ်သည်ဟူသောအသိ ရှိနေသည်။ သို့မှသာ တောင်ပိုင်းသားတို့အနေဖြင့် မိမိတို့ လိုအပ်သော အမြောက်လက်နက်များနှင့် ဥရောပဝုံစံလုံမဖလုံရေးစနစ်ကိုရရှိနိုင်မည်ဖြစ်ပါသည်။

(ဆ) **အလောင်းအစားသမားများ** (Gamblers)။ ၁၉၆၀ ပြည့်နှစ်လွန်ကာလများတွင် အမြော်အမြင်ကြီးမားစွာဖြင့် စွန့်စားသည့်ရင်းနှီးမြှုပ်နှံသူများကို တိုကျို၊ အိုဆာကာနှင့် ဟီရိုရှီးမားတို့တွင်သာ တွေ့ရှိရသော်လည်း ၁၉၇၀ ပြည့်နှစ် အနှောင်းပိုင်းကာလများတွင်မူ ၎င်းတို့ကို ဆိုးလ်၊ ပူဆန်နှင့် ဒေဂူးမြို့တို့တွင် တွေ့လာရပါသည်။ ဤကဲ့သို့သော အလောင်းအစားစိတ်ပြင်းသည့် ကိုရီးယားသားတို့သည် "ငါတို့ ဘာကိုမှ မကြောက်၊ ငါတို့မှာ လုပ်နိုင်စွမ်းရှိသည်"ဟူသော စိတ်ဓာတ်မျိုး ရှိကြလေသည်။

(ဇ) **မြို့သူမြို့သားစိတ်ရှိခြင်း** (Urban Attitude)။ တောင်ကိုရီးယားနိုင်ငံသည် လယ်ယာစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံအဖြစ်မှ မြို့ပြစက်မှုလူ့အဖွဲ့အစည်းအမြစ်သို့ လျင်မြန်စွာပြောင်းလဲခဲ့ပါသည်။ သို့သော်လည်း ဤသို့ပြောင်းလဲခဲ့ခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာပြဿနာတစ်စုံတစ်ရာဖြစ်ပွားခြင်းမျိုး၊ အခြားနိုင်ငံများတွင် ဖြစ်သကဲ့သို့မဖြစ်ကြောင်း တွေ့ရှိရသည်။ မြို့ပြသို့ ပြောင်းရွှေ့လာကြသည့်ကိုရီးယားသားတို့သည် မြို့ပြဝတ်ဝန်းကျင်၊ မိုးမျှော်တိုက်ကြီးများနှင့် မစိမ်းသကဲ့သို့ အလိုအလျောက်ပစ္စည်း သယ်ပို့စက်များနှင့်လည်း ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း တွေ့ရှိရပါသည်။

(ဈ) **အခြားသူများ၏အတွေ့အကြုံမှသင်ယူခြင်း** (Learning From the Mistakes of Others)။ ကိုရီးယားလူမျိုးတို့သည် အခြားသူများ အထူးသဖြင့် ဂျပန်လူမျိုးတို့၏ အမှားနှင့် အတွေ့အကြုံများမှ သင်ယူမှုများစွာပြုလုပ်၍ အကျိုးအမြတ်ရရှိခဲ့သည်။ သို့ဖြစ်သောကြောင့် ထပ်မံ၍ တွေ့ကြုံနိုင်သော အမှား (Repeated Mistake) အား ရှောင်ကွင်းနိုင်ခဲ့ကြောင်းတွေ့ ရှိရပါသည်။

(ည) **နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း** (Political Stability)။ အနောက်နိုင်ငံသံတမန်တစ်ဦး၏အဆိုအရ ကိုရီးယားနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများတွင် အခြားအကြောင်းအချက်များထက် အရေးကြီးဆုံးအချက်မှာ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းပင်ဖြစ်သည်ဟု ဆိုပါသည်။

(ဋ) **နားထောင်လိုစိတ်ရှိခြင်း** (The Desire to Listen)။ ကိုရီးယားလူမျိုးတို့သည် စီးပွားရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ချဲ့ထွင်မှုများ ပြုလုပ်လိုသော အချိန်တိုင်းတွင် နိုင်ငံခြားသားအတိုင်ပင်ခံ ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများထံမှ အကူအညီကို ရယူနားထောင်တတ်ကြသည်။

(ဌ) **ယှဉ်ပြိုင်လိုစိတ်**(Competitive Spirit)။ သမိုင်းစဉ်သဘောအရ ကိုရီးယားနိုင်ငံသည် စစ်တုရင်ကစားခုံပေါ်မှ နယ်ရုပ် (Pawn) တစ်ရုပ်ပမာ ခွန်ဂို၊ တရုတ်နှင့် ဂျပန်တို့၏ အလှဲသုံးစားပြုခြင်းကို ခံခဲ့ရပါသည်။ ယင်းစိတ်ဓာတ်အခံကပင်လျှင် ကိုရီးယားလူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လိုမှုကို တွန်းအားပေးခဲ့ပါသည်။ ■

> ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတွင် တစ်နေ့ ရှစ်နာရီ၊ ဂျပန်နိုင်ငံတွင် ၁၀ နာရီနှင့် တောင်ကိုရီးယားနိုင်ငံတွင် တစ်နေ့လျှင် အလုပ်ချိန် ၁၂ နာရီ မှ ၁၆ နာရီအထိ

ရည်ညွှန်း

- Hakan Hedberg. The New Challenge: South Korea, Chongno Book Center, Seoul, 1978

အက်စ်အမ်အီး ကဏ္ဍ

မြန်မာအက်စ်အမ်အီးတွေ နိုင်ငံခြား ကုမ္ပဏီတွေနဲ့ တန်းတူအခွင့်အရေးရလို

ပြည်ပကုမ္ပဏီတွေကို အခွန်ကင်းလွတ်ခွင့် ငါးနှစ်ပေးရင် ပြည်တွင်းကုမ္ပဏီတွေကိုလည်း ညီတူညာတူပေးဖို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေက လိုလားနေကြပါတယ်။

ဖစ်တိုးရီးယား ဘရစ်

မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖွင့်ပေးလိုက်တာကြောင့် မိသားစုပိုင်နဲ့ ကိုယ်ပိုင်ကုမ္ပဏီတွေဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ အသေးစား စီးပွားရေးလုပ်ငန်းတွေက လုပ်ငန်းရှင် အတော်များများဟာ နိုင်ငံခြားက ငွေကြေးတောင့်တင်းတဲ့ ကုမ္ပဏီတွေ ပင်လာရင် သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ထိခိုက်လာမှာကို စိုးရိမ်နေကြပါတယ်။

မြန်မာ့စီးပွားရေးကဏ္ဍရဲ့ ၉၀ ရာခိုင်နှုန်းက အသေးစားကနေ အလတ်စားထိ စီးပွားရေးလုပ်ငန်းတွေ (SMEs) ပါဝင်ပြီး အဲဒီလုပ်ငန်းတွေက ဒေသခံမိသားစုတွေရဲ့ စားဝတ်နေရေးကို အဓိကထောက်ပံ့ပေးနေပါတယ်လို့ ကျွမ်းကျင်သူများက ခန့်မှန်းထားပါတယ်။

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအသစ်တစ်ခုရေးဆွဲရာမှာ အစိုးရက နိုင်ငံခြားကုမ္ပဏီတွေကို တချို့စီးပွားရေးကဏ္ဍတွေမှာ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးလုပ်ကိုင်ခွင့်နဲ့ အခွန်ကင်းလွတ်ခွင့် အချိန်ကာလတိုးမြှင့်ပေးခြင်းတို့လို ဆွဲဆောင်မှုတွေပါဝင်တာကြောင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ မကျေနပ်မှုတွေ ပေါ်ပေါက်လာပါတယ်။

မြန်မာအစိုးရက အဆိုပြုထားတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေရဲ့ အထက်ပါအပိုဒ်တွေကို ဆန့်ကျင်ကြောင်း ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်တွေက စောစောပိုင်းက ပြောကြားခဲ့တယ်လို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဒေါက်တာမောင်မောင်လေးက ပြောပါတယ်။ UMFCCI မှာ SMEs က အဖွဲ့ဝင်အရေအတွက် ၉၀ ရာခိုင်နှုန်းခန့်ပါဝင်ပြီး မြန်မာ့ပုဂ္ဂလိကလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။

နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းမှာ ထည့်သွင်းဖို့ အဆိုပြုထားတဲ့အချက်တွေက ဒေသတွင်းစီးပွားရေးလုပ်ငန်းတွေအတွက် အခွင့်မသာတဲ့ ယှဉ်ပြိုင်မှုတစ်ရပ်ပဲ ဖြစ်လိမ့်မယ်လို့ ဒေါက်တာမောင်မောင်လေး က ဆိုပါတယ်။

"အခုချိန်မှာ ပြိုင်မယ်ဆိုရင် အင်အားမမျှကြောင်းနဲ့ အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လိုက်လျောလွန်းတယ်"လို့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေက ထင်မြင်ယူဆကြပါတယ်။

ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ အဓိကစိုးရိမ်ပူပန်တဲ့ အချက်တွေကတော့ (ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီတွေနဲ့ တိုက်ရိုက်ယှဉ်ပြိုင်မှုတွေ လစ်ခွင့်ရသွားနိုင်စေတဲ့) နိုင်ငံခြားကုမ္ပဏီတွေကို ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုလိုက်ခြင်းနဲ့ တခြားဆွဲဆောင်မှုတွေဖြစ်တဲ့ အခွန်ကင်းလွတ်ခွင့်ကို ငါးနှစ်ဆိုပြီး ထပ်တိုးပေးခြင်းတို့ပဲဖြစ်ပါတယ်။

"ဒီလိုလုပ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေအားလုံး ထိခိုက်နစ်နာကြမှာဖြစ်ပြီး ငွေကြေးတောင့်တင်းတဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ လွှမ်းမိုးတာကိုခံရမှာဖြစ်ပါတယ်"လို့ ဒေါက်တာမောင်မောင်လေးက ပြောပါတယ်။

ငွေကြေး တောင့်တင်းပြီး စီးပွားရေးကျွမ်းကျင်တဲ့ ကုမ္ပဏီကြီးတွေ လာရောက်လုပ်ကိုင်ကြတဲ့အခါ ဒေသတွင်း စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်စေမယ့် အလားအလာတွေရှိတယ်လို့ မြန်မာ့စီးပွားရေးကိုလေ့လာနေတဲ့ ဩစတြေးလျနိုင်ငံ မက်ကွာရီတက္ကသိုလ်မှာ ဒေါက်တာဘွဲ့ တက်ရောက်နေသူ ဂျာရတ် ဘစ်ဆင်းဂျားက ပြောပါတယ်။

"နိုင်ငံခြားကုမ္ပဏီတွေက ဖြည်တွင်းကုမ္ပဏီတွေနေရာမှာ အစားထိုးဝင်ရောက်လာမှာကိုတော့မဖြစ်စေချင်ကြပါဘူး။ ဒီလိုဖြစ်လာရင်တော့ ကြီးမားတဲ့ စွန့်စားမှုတစ်ခု ဖြစ်လာမှာပါ" လို့ မစ္စတာ ဘစ်ဆင်းဂျားက ပြောပါတယ်။

"အဲဒီအစား နိုင်ငံခြားကုမ္ပဏီတွေက ပိုပိုကောင်းမွန်တဲ့ ကုန်ထုတ်လုပ်မှုစနစ်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုထည့်ဝင်တာ၊ ဒါမှမဟုတ် စီမံခန့်ခွဲမှုနည်းလမ်း အသစ်တွေကိုသုံးပြီး ပိုကောင်းတဲ့ နည်းလမ်းတွေနဲ့လုပ်ကိုင်ဆောင်ရွက်ဖို့ ဝင်လာမယ်ဆိုရင်တော့ ကောင်းပါတယ်။

"အဲလိုဆိုရင် ထုတ်လုပ်မှုစရိတ်ကို လျှော့ချနိုင်မှာဖြစ်ပြီး အရည်အသွေးလည်း မြှင့်လာနိုင်ပါတယ်။ ဒါကြောင့် အသစ်ဝင်လာမယ့် နိုင်ငံခြားကုမ္ပဏီတွေက မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းတွေကို ဖယ်ရှားသွားမှာမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းတွေကို ပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်"လို့ မစ္စတာ ဘစ်ဆင်းဂျားက ပြောပါတယ်။

မိသားစု စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ပြီး အိမ်ခြံမြေ၊ မီဒီယာနဲ့ ပုံနှိပ်လုပ်ငန်းတွေလုပ်ကိုင်တဲ့ ရွှေမင်းသား အင်တာပရိုက်စ်ကုမ္ပဏီက အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်သူပင်းကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ပင်လာရင် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို ထိခိုက်စေမှာရယ်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကြောင့် နိုင်ငံခြားကုမ္ပဏီတွေက အသာစီးရမှာရယ်ကို စိုးရိမ်နေကြပါတယ်။

"စီးပွားရေး အတွေ့အကြုံများပြီး ငွေကြေးတောင့်တင်းတဲ့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ မဖြစ်မနေယှဉ်ရမယ်ဆိုရင်တော့ SMEs လုပ်ငန်းတွေပဲ ထိခိုက်မှာဖြစ်ပါတယ်"လို့ ဦးမြတ်သူဝင်းက ပြောပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေက သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေကို ချဲ့ထွင်ဖို့အတွက် နိုင်ငံရဲ့ အားနည်းတဲ့ ဘဏ်လုပ်ငန်းတွေဆီက လုံလောက်တဲ့ ချေးငွေရရှိဖို့ ကြိုးစားနေရဆဲဖြစ်တယ်လို့ဆိုပါတယ်။

"နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ခြည်ပကရင်းနှီးမြှုပ်နှံမှုတွေ ရရှိဖို့အတွက် လိုက်လျောပေးထားတာကို ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် ပြည်တွင်းကုမ္ပဏီတွေကလည်း သူတို့ရဲ့ စီးပွားရေးနည်းနာတွေကို တိုးတက်အောင်လုပ်ဖို့ အကူအညီအထောက်အပံ့တွေ အလွန်လိုအပ်နေပါတယ်။

"တန်းတူညီမျှအခွင့်အရေးကို ကျနော်တို့လိုအပ်ပါတယ်။ အားလုံးညီတူညီမျှဖြစ်မယ်ဆိုရင်တော့ ကျွန်တော်တို့ အားလုံးယှဉ်ပြိုင်နိုင်မှာပါ။ နိုင်ငံခြားက လုပ်ငန်းရှင်တွေနဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေမှာ တန်းတူညီမျှ အခွင့်အရေးတစ်ရပ်ရှိဖို့လိုပါတယ်"လို့ ဦးမြတ်သူဝင်းက ပြောပါတယ်။

ယခင်ကအခွန်ကင်းလွတ်ခွင့် သုံးနှစ် ပေးရာက ငါးနှစ်ကို ပြင်ဆင်သတ်မှတ်လိုက်တဲ့ အဆိုပြုချက်က ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအတွက် အတားအဆီးအနှောင့်အယှက်တစ်ခုဖြစ်လာပါတယ်လို့ မစ္စတာ ဘစ်ဆင်းဂျားက ပြောပါတယ်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ရဲ့ ဒီအပိုင်းက အခုချိန်ထိ အပြင်းပွားမှုတွေရဲ့ အဓိကအကျဆုံး အခြေခံအကြောင်းရင်း တစ်ခုဖြစ်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေက သဘောမကျကြပါဘူး။

"စီးပွားရေးလုပ်ငန်းတွေအားလုံးကို တန်းတူညီမျှယှဉ်ပြိုင်နိုင်ဖို့ လုပ်ဆောင်ပေးမယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် အပြစ်မြင်ဖို့မလိုတော့ဘူးပေါ့"လို့ မစ္စတာ ဘစ်ဆင်းဂျားက ပြောပါတယ်။

"တကယ်လို့ နိုင်ငံခြားကုမ္ပဏီတွေကို ငါးနှစ်အခွန်ကင်းလွတ်ခွင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ ပြည်တွင်းကုမ္ပဏီတွေကိုလည်း အခွန်ကင်းလွတ်ခွင့်ငါးနှစ်ပေးသင့်ပါတယ်။ ဒါမှလည်း မျှတမှုရှိမှာပါ"လို့ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Tropical Biotechnology Limited မှ အမှုဆောင်အရာရှိချုပ် အရှုတ်ကူမာမှုရာကက ပြောပါတယ်။

ဝင်းသော်တာ ဘာသာပြန်သည်။ ■

တွံတေးမြို့ အိုးလုပ်ငန်းခွင် တစ်ခုတွင် အမျိုးသမီးတစ်ဦးက အိုးဖုတ်ချေ့ ရွှံ့ကို ပုံဖော်နေစဉ်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

အထူးသတင်းဆောင်းပါး

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေနိုင်မယ့် တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမှု

ကင်ဟေးယောင်
သံအမတ်ကြီး



ဆိုးလ်မြို့ရှိ ဆိုးလ်တာဝါအပေါ်ဆုံးတွင် ကိုရီးယား လက်ဆောင်ပစ္စည်းရောင်းချနေသော အရောင်းစာရေးတစ်ဦး။ **ဓာတ်ပုံ – မျိုးလွင်**

တောင်ကိုရီးယားနဲ့ မြန်မာနိုင်ငံဟာ ၁၉၇၅ ခုနှစ်မှာ သံတမန်ဆက်ဆံရေး တည်ဆောက်ခဲ့တဲ့ အချိန်ကစပြီး ရင်းနှီးချစ်ကြည်မှုရှိတဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ ဖြစ်ကြပါတယ်။

ဒီလို အပြန်အလှန်ဆက်သွယ်မှုတွေ ရှိနေကြတဲ့မြန်မာနိုင်ငံကို တောင်ကိုရီးယားသမ္မတ မစ္စတာလီမြောင်ဘတ် မေလမှာ ၂၉ နှစ်အတွင်း နိုင်ငံတော်အဆင့် အလည်အပတ်လာရောက်ခဲ့ပြီး နှစ်နိုင်ငံ အကျိုးစီးပွား ပိုမိုတိုးတက်ကောင်းမွန်စေဖို့ လမ်းဖွင့်ပေးခဲ့ပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်တို့ဟာ နိုင်ငံစွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကူအညီ၊ ရင်းနှီးမြှုပ်နှံမှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်နဲ့ သဘာဝအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ တည်ဆောက်ပြုပြင်ရေး၊ ဒေသတွင်းနဲ့ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲတွေမှာ အချင်းချင်း ပူးပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဒီလို ဆွေးနွေးပြောဆိုဖြစ်ခဲ့တာတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြတဲ့အခါ နှစ်နိုင်ငံဆက်ဆံရေးဟာ ပိုပြီးကောင်းမွန်လာနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။

မြန်မာအစိုးရသစ်က ပြီးခဲ့တဲ့နှစ် အစောပိုင်းကတည်းက အကောင်အထည်ဖော်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ တိုးတက်မှုတွေဟာ မှတ်သားလောက်ဖွယ်ရှိပြီး တစ်ကမ္ဘာလုံးကလည်း သတိပြုမိကြပါတယ်။ စီးပွားရေးရှုထောင့်က ကြည့်မယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ သက်ဆိုင်ရာစည်းမျဉ်းတွေကို ပြန်လည်ပြင်ဆင်ပေးဖို့ ကြိုးပမ်းခဲ့တာတွေဟာ စစ်မှန်ပြီး နောက်ကြောင်းပြန်မသွားနိုင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတယ်ဆိုတာ စံနှုန်းတစ်ခုအဖြစ် တွေ့ရပါတယ်။

စီးပွားရေးသမားတွေအတွက် ဆိုက်ရောက်ဗီဇာကို မကြာသေးခင်က ပြန်လည်ထုတ်ပေးလိုက်တာကလည်း အားလုံးက စမ်းမြောက်စွာကြိုဆိုရမယ့် ကြိုးပမ်းမှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

ဒီလိုမျိုး စီးပွားရေးသမားတွေအတွက် ဆိုက်ရောက်ဗီဇာထုတ်ပေးလိုက်တာဟာ ကျွန်တော်တို့ တောင်ကိုရီးယားအပါအဝင် ပြည်ပနိုင်ငံတွေဟာ အထူးသဖြင့် စီးပွားရေးသမားတွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အရင်ကထက်ပိုပြီး စိတ်ဝင်စားလာကြမှာပါ။

စာရင်းဇယားတွေအရဆိုရင် တောင်ကိုရီးယားနိုင်ငံဟာ တရုတ်၊ ထိုင်းနဲ့ ဟောင်ကောင်ပြီးရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု စတုတ္ထအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းမှာ ဒေဝူးကုမ္ပဏီက ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလျံ ရင်းနှီးမြှုပ်နှံထားသလို အလုပ်သမားလုပ်အားအများကြီးလိုအပ်တဲ့ လုပ်ငန်းမျိုးတွေ ဖြစ်တဲ့ အထည်စက်ရုံနဲ့ ရှူးဖိနပ်စက်ရုံတွေမှာလည်း ရင်းနှီးမြှုပ်နှံထားကြပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံမှာ စီးပွားရေးအခွင့်အလမ်းရှာဖို့နဲ့ အကျိုးတူပူးပေါင်းလုပ်ကိုင်ဖို့ စိတ်ပင်စားတဲ့ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်လည်း အရင်ကထက်များလာပါတယ်။

၂၀၁၁ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတဲ့ ပမာဏဟာ ဒေါ်လာသန်း ၄၂၀ ဖြစ်ပြီး ၂၀၀၉ ခုနှစ်မှာတော့ ဒေါ်လာသန်း ၃၅၀ ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဆက်ပြီးတော့ အရှိန်ကောင်းလာနိုင်ပြီး အမျိုးအမယ်လည်း ပိုစုံလာလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

မြန်မာနိုင်ငံဟာ အာရှမှာ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာလိမ့်မယ်လို့ မျက်မှောက်ရေးရာ ခန့်မှန်းပြောကြားသူတွေက ပြောကြပါတယ်။ ဒီအခြေအနေမျိုးဖြစ်လာဖို့ အတွက် မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်ရမှာဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမယ့် အလားအလာရှိတဲ့ လမ်းပြမြေပုံတွေကို ကဏ္ဍအားလုံးမှာ ချမှတ်အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

ဒီလမ်းပြမြေပုံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍဟာ အရေးအပါဆုံးကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဆွဲဆောင်နိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့တောင်ကိုရီးယားက ကျင့်သုံးနေတဲ့သဘောထားတွေကို မျှစေပေးချင်တယ်လို့ ပြောပါရစေ။ ပြီးတော့ ဒီနည်းလမ်းတွေကို မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်တဲ့ လက်နက်တစ်ခုအဖြစ် အသုံးပြုပါလို့ အကြံပေးပါရစေ။

ပထမဦးဆုံးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ပတ်သက်ပြီး သင့်လျော်တဲ့ သတင်းအချက်အလက်တွေ အရန်သင့်ပေးနိုင်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလို့ကောင်းတဲ့ နေရာတစ်ခုအဖြစ် ကျွန်တော်တို့ တောင်ကိုရီးယားကလုပ်ငန်းရှင်တွေက မြင်ကြပါတယ်။ ဒါပေမယ့် စီးပွားရေးအခွင့်အလမ်းနဲ့ ပတ်သက်တဲ့သတင်းတွေ ရနိုင်ဖို့နဲ့ သက်ဆိုင်ရာ တာဝန်ရှိသူကို ဆက်သွယ်နိုင်ဖို့ အခက်တွေ့နေကြပါတယ်။

> ပေါ်ပေါက်လာမယ့် ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူပါပင်လှုပ်ရှားကြဖို့ အလားအလာကောင်းတဲ့ တောင်ကိုရီးယား လုပ်ငန်းရှင်တွေကို ကျွန်တော်က ဖိတ်ခေါ်ပါတယ် . . .

ကျွန်တော်တို့ တောင်ကိုရီးယားလုပ်ငန်းရှင်တွေဟာ မြန်မာအစိုးရက ဒီအခြေအနေတွေကို သုံးသပ်ဆင်ခြင်ပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန် ရရှိနိုင်တဲ့ ဝန်ဆောင်မှုမျိုးပေးနိုင်တဲ့ စနစ်တစ်ခု ဖော်ဆောင်ပေးဖို့ မျှော်လင့်နေကြပါတယ်။ ဒါ့ပြင် သတင်းအချက်အလက်တွေကို တစ်နေရာတည်းမှာပဲ ရနိုင်တဲ့ ဝန်ဆောင်မှုမျိုးကို အကောင်အထည်ဖော်ပေးစေလိုကြပါတယ်။

ဒုတိယတစ်ချက်ကတော့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ရင်ဆိုင်ရတဲ့အခက်အခဲတွေဟာ သူတို့ကို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံသင့် မသင့် ဆုံးဖြတ်ချက်ချရာမှာ အဟန့်အတားဖြစ်စေပါတယ်။ ဒါကြောင့် နိုင်ငံတော်တော်များများဟာ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို စီမံခန့်ခွဲရေးဆိုင်ရာဝန်ဆောင်မှု၊ ရေမီးစတဲ့ ဝန်ဆောင်မှုတွေနဲ့ အခွန်အခတွေမှာ ပြည်တွင်းကုမ္ပဏီတွေနဲ့ တန်းတူဖြစ်အောင် (ဒါမှမဟုတ် ပိုကောင်းအောင်) လုပ်ပေးတာမျိုးတွေ၊ အိမ်ရာနဲ့ကားဝယ်ခွင့်ပေးတာမျိုးတွေ စသဖြင့် တတ်နိုင်သမျှ ကြိုးစားဆွဲဆောင်ကြပါတယ်။ ဒါ့ပြင် ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းတွေကို ဘဏ်ကနေ ငွေလွှဲတဲ့အခါ အခမဲ့ငွေလွှဲနိုင်ရေးနဲ့ အမြတ်အစွန်းရရှိရေးအတွက် တရားဥပဒေအရရော၊ တကယ့်လက်တွေ့အခြေအနေအရပါ အာမခံပေးနိုင်ဖို့ အရေးကြီးပါတယ်။

တကယ်လို့ငွေလွှဲပို့ခြင်းနဲ့ အမြတ်ငွေထုတ်ယူမြင်းတို့အပေါ်မှာ တင်းကျပ်တဲ့ စည်းမျဉ်းတွေ ချမှတ်ထားမယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ နောက်တွန့်နေကြမှာပါ။

မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နဲ့ တခြားသက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ အပေါ်မှာလည်း ဒီလိုအမြင်မျိုးသက်ရောက်နိုင်ပါတယ်။

တတိယအနေနဲ့ အထက်မှာပြောခဲ့တဲ့ အတိုင်း ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုများပြားလာစေရေးနဲ့ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်တွေကို တောင်ကိုရီးယားနဲ့ မြန်မာနှစ်နိုင်ငံအကြား အပြီးသတ် ချုပ်ဆိုနိုင်ဖို့ လိုပါတယ်။ လုပ်ငန်းများကို တစ်ဖက်သတ် နိုင်ငံပိုင်ပြုလုပ်ခြင်းနဲ့ အစိုးရက သိမ်းပိုက်လိုက်ခြင်းစတဲ့ လုပ်ငန်းသဘောအရ ဆုံးရှုံးမှုမျိုးမဟုတ်တဲ့ အဖြစ်မျိုးတွေ မကြုံရအောင် ကာကွယ်ပေးဖို့နဲ့ နိုင်ငံအချင်းချင်း ဆက်ဆံရေး၊ အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံအပေါ် ထားရှိတဲ့ ဆက်ဆံရေးနဲ့ တခြားကိစ္စရပ်တွေအတွက်လည်း ပံ့ပိုးပေးခြင်းအားဖြင့် အစိုးရချင်း သဘောတူညီမှုဟာ နှစ်နိုင်ငံလုံးအတွက် အရေးပါဆုံး တရားဝင်အာမခံချက်တစ်ခုအဖြစ် ရှိနေမှာပါ။

ဒီသဘောတူညီမှုအရ ကိုရီးယားရင်းနှီးမြှုပ်နှံသူတွေနဲ့ လုပ်ငန်းတွေအတွက် တိုးတက်မှုရှိတဲ့ အခြေအနေကောင်းတွေကို ဖန်တီးပေးနိုင်မှာလည်း သေချာပါတယ်။

နောက်ဆုံးအချက်ကတော့ အခြေခံအဆောက်အအုံတွေဟာ စီးပွားရေးလုပ်ဆောင်ချက်တွေအားလုံးအတွက် နောက်ခံကျောရိုးတစ်ခုလည်း ဖြစ်မပါတယ်။ ဒါကြောင့် လျှပ်စစ်မီး၊ မီးရထားလမ်း၊ ကားလမ်း၊ ဆက်သွယ်ရေး၊ ရေဝေစနစ်နဲ့ ရေနုတ်မြောင်းစနစ်၊ သင်္ဘောဆိပ်နဲ့ လေဆိပ်စတဲ့ အခြေခံအဆောက်အအုံတွေကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေကိုပေးနိုင်ဖို့ အထူးစဉ်းစားသုံးသပ်ဖို့ လိုပါတယ်။

အခြေခံအဆောက်အအုံတွေ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ နိုင်ငံအတွက် အရေးပါတဲ့ကဏ္ဍတွေအဖြစ် မြန်မာနိုင်ငံက ယူဆတဲ့ လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းလို နယ်ပယ်တွေမှာပါ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နိုင်မှာ ဖြစ်ပါတယ်။

အနေးနဲ့အမြန်ဆိုသလို တွေ့ရမယ့် ထိတ်လန့်စရာ အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းဖို့ အတွက် ဒီကြိုးပမ်းမှုတွေအားလုံးကို သက်ဆိုင်ရာ စီးပွားရေးမူဝါဒတွေနဲ့ ထောက်ပံ့ဖြည့်ဆည်းပြီး အကောင်အထည်ဖော်ရမယ်ဆိုတာ သေချာပါတယ်။

ပထမဦးဆုံးအနေနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းတွေဟာ ထိရောက်တဲ့စနစ်တွေဖြစ်ဖို့လိုပါတယ်။ လက်ရှိစနစ်အရဆိုရင် ဝန်ကြီးဌာနတွေရဲ့ အစီရင်ခံစာတွေ ရဖို့အပြင် ကုမ္ပဏီမှတ်ပုံတင်ခွင့်နဲ့ ကုန်သွယ်ခွင့်တွေ ရပြီးတဲ့နောက် မြန်မာနိုင်ငံမှာ ပြည်ပစီးပွားရေးလုပ်ငန်းအခြေကျဖို့ တစ်နှစ် ဒါမှမဟုတ် တစ်နှစ်ကျော်ကျော်လောက် အချိန်ယူရပါဦးမယ်။

ဒီအခြေအနေဟာ ပြည်တွင်း လုပ်ငန်းရှင်တွေ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာတင်ပြီး သုံးလကနေ ခြောက်လအတွင်းမှာ လုပ်ငန်းစတင်နိုင်တာနဲ့ ယှဉ်လိုက်ရင် သိသိသာသာကြီး ကွာခြားနေပါတယ်။ ဒါ့ပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားတဲ့ လုပ်ငန်းက အမျိုးမျိုးကွဲပြားတဲ့ အတွက် ရင်းနှီးမြှုပ်နှံနိုင်မယ့် ကဏ္ဍတွေ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပေးထားစေချင်ပါတယ်။

ဒုတိယအချက်အနေနဲ့ မြေယာတန်ဖိုးနဲ့ အလုံအလောက်မရှိတဲ့ အဆောက်အအုံဈေးနှုန်းတွေ အလျင်အမြန်ထိုးတက်နေတဲ့အတွက် ပြည်ပလုပ်ငန်းရှင်တွေဟာ သူတို့စက်ရုံနဲ့ ရုံးခန်းနေရာ ငှားရမ်းလုပ်ကိုင်ရာမှာ ပိုပြီးအခက်ကြုံလာပါတယ်။

ဒီအနေအထားကို မြန်မာအစိုးရဟာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေအတွက် အထူးလျာထားတဲ့ စက်မှုဇုန်အိမ်ရာတွေ တည်ဆောက်ပေးခြင်းနဲ့ မြေနေရာနဲ့ အဆောက်အအုံ ငှားရမ်းကာလတွေကိုလည်း သက်တမ်းတိုးပေးခြင်းလို မျိုး ဆောင်ရွက်ပေးခြင်းဖြင့် ဖြေရှင်းပေးနိုင်ပါတယ်။

ဒါ့ပြင် မြေယာငှားရမ်းခွင့်နဲ့ စက်ရုံဆောက်လုပ်ခွင့် ပါမစ်တွေအတွက် လုပ်ထုံးလုပ်နည်းတွေကလည်း နိုင်ငံခြားသားလုပ်ငန်းရှင်တွေကိုပေးဖို့ စဉ်းစားသုံးသပ်ရာမှာ အချိန်တော်တော်ယူနေတုန်းပါပဲ။

တတိယအချက်ကတော့ ငွေသားတွေ လွတ်လွတ်လပ်လပ် စီးဆင်းနိုင်မှသာ စီးပွားရေးလည်း အကောင်းဆုံးလည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ငွေကြေးလဲလှယ်ရေးစနစ်နဲ့ ငွေကြေးအရောင်းအဝယ်ကိစ္စကလည်း သိပ်ကို အရေးကြီးပါတယ်။

ပြီးခဲ့တဲ့နှစ်တွေမှာ မြန်မာကျပ်ငွေ တန်ဖိုး မတည်မငြိမ်ဖြစ်ခဲ့ပြီး အဓိကအားဖြင့် ဒေါ်လာဈေးနဲ့ ယှဉ်လိုက်ရင် မြန်မာကျပ်ငွေတန်ဖိုးတက်ခဲ့တဲ့အတွက် ပို့ကုန်သွင်းကုန်ကိုသာ အားထားတဲ့ ကုမ္ပဏီတွေ တော်တော်လေးအထိနာခဲ့ရပါတယ်။

ဒီလို အခြေအနေမှာ ငွေကြေးလဲလှယ်မှုနှုန်းထား ထိန်းချုပ်နိုင်မယ့်စနစ်ကို မကြာသေးခင်က စတင်အကောင်အထည်ဖော် ကျင့်သုံးခဲ့တာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ ပြီးတော့ ငွေကြေးမူဝါဒဟာလည်း တစ်သောင်းတန်ငွေစက္ကူထုတ်ပြီးတဲ့နောက်မှာ ပိုမိုခိုင်မာလာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

ဒါ့အပြင် နိုင်ငံခြားသားတွေဟာ ပြည်တွင်းငွေကြေးနဲ့ဖြစ်စေ၊ နိုင်ငံခြားငွေကြေးနဲ့ ဖြစ်စေ ဘဏ်စာရင်းဖွင့်တဲ့အခါနဲ့ ဘဏ်စာရင်း ဆက်ဖွင့်ထားတဲ့အခါတွေမှာ အခက်တွေ့နေကြပါတယ်။ ဒီငွေကြေး နှစ်မျိုးလုံးဟာ ငွေကြေး

စာမျက်နှာ ၂၃ သို့

မွေး/ရေလုပ်ငန်းကဏ္ဍ

ရေလုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာ မျှော်လင့်နေဆဲ

မြန်မာ့ရေလုပ်ငန်းကဏ္ဍက နာဂစ် မုန်တိုင်းရဲ့ဒဏ်ကိုတော်တော်ခံစားခဲ့ရတာပါ။ ရေလုပ်ငန်း ကဏ္ဍမှာရှိတဲ့ အလွှာအသီးသီးက အသက်ဆုံးရှုံးမှုတွေ၊ လုပ်ငန်းဆုံးရှုံးမှုတွေ ကြုံခဲ့ရတာပါ။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာ လာမယ်ဆိုရင် ပြန်ဦးမော့လာပယ့် ကဏ္ဍတစ်ရပ်ပါ။

စိုးသန္တာဦး

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေကို စီးပွားရေးလုပ်ငန်းမှန်သမျှ စောင့်စားနေတဲ့ အချိန်ပါ။

ဒီအချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို မျှော်လင့်တကြီး အစောင့်စားဆုံး ကဏ္ဍကတော့ ရေလုပ်ငန်းကဏ္ဍပဲ ဖြစ်ပါလိမ့်မယ်။ ငွေအရင်းအနှီး၊ ဈေးကွက်ဖြန့်ဖြူးမှု နည်းပညာဆိုင်ရာ အခက်အခဲတွေကို ရပ်ဆိုင်နေရတဲ့ အတွက် ပြေလည်နိုင်မယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာဖို့ကို မျှော်လင့်လျက်ရှိနေတာပါ။

မြန်မာနိုင်ငံမှာရှိတဲ့ ငါးကန်ဧက နှစ်သိန်းကျော်က ဘယ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတစ်ပြားမှ မပါဘဲ ကိုယ့်လူမျိုးတွေက အတွေ့အကြုံလေးတွေနဲ့ ရှိတဲ့နည်းပညာနဲ့ တိုးချဲ့လုပ်ကိုင်ပြီး ရပ်တည်လာရတာပါ။

အခြား နယ်ပယ်ကဏ္ဍတွေမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေရှိပေမယ့် ရေလုပ်ငန်းမှာက မရှိသလောက်ပါပဲလို့ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူး ဦးပင်းကြိုင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ သဘာဝသယံဇာတနဲ့ အလုပ်လုပ်နိုင်စွမ်းအားရှိပေမယ့်လည်း အရင်းအနှီးပိုင်းမှာ ဆုတ်ယုတ်လာတဲ့ အနေအထားဖြစ်တာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုပဲမျှော်လင့်နေရတယ်လို့ ပြောပါတယ်။

တွဲပြီးလုပ်ကိုင်နိုင်မယ့်သူကိုပဲ မျှော်လင့်နေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလာရင် အရင်းအနှီးလည်းလုံလောက်မယ့်အပြင် နည်းပညာ ယူလာသလို ဈေးကွက်ကိုပါ တွဲပြီးယူလာကြမှာ ဖြစ်တယ်။ ဒီမှာလာပြီး ငါးမွေးမြူရေးလုပ်ကိုင်ပြီဆိုကတည်းက သူတို့မှာ ဘယ်လိုဈေးကွက်ဖြန့်ပြီးရောင်းမှာဆိုတဲ့ မဟာဗျူဟာပါ ပါပြီးသားပါ" လို့ ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးသန်းလွင်က သုံးသပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အစိုးရသစ်လက်ထက်မှာ စီးပွားရေးဆိုင်ရာ မူဝါဒတွေကို ပွင့်လင်း မြင်သာအောင်ပြောင်းပြီး ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် နေပေမယ့်လည်း အခုချိန်ထိကတော့ စောင့်ကြည့်အနေအထားတွင်မှာပဲ ရှိနေသေးတယ်။ နယ်ပယ်အသီးသီးရဲ့ မျှော်လင့်ချက်ကလည်း ပြည်ပရင်းနှီးမြှုပ်နှံမှုသာ ဖြစ်တယ်လို့ ဦးဝင်းကြိုင်က ပြောပါတယ်။

"ရေ၊ မြေ၊ လုပ်ကွက်တွေအားလုံးက အဆင်သင့်ဖြစ်နေပြီ။ တစ်ဖက်ကတွဲပေးမယ့် ဒီအားက အင်မတန် အထောက်အကူပြုမယ့် အင်အားတစ်ခု ဖြစ်လာလိမ့်မယ်"လို့ ဆိုပါတယ်။

> ပိတ်ဆို့အရေးယူမှုတွေ လျှော့ချပေးခဲ့ပြီး နောက်ပိုင်းလတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဆီက စိတ်ဝင်စားမှုတွေ . . .

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနှင်းဦးက မြန်မာနိုင်ငံက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ မထွက်သေးတာကြောင့် ပြည်ပ လုပ်ငန်းရှင်များက လာရောက်လိုပေမယ့် ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ အာမခံချက် မပေးနိုင်သေးတာလို့ ဆိုပါတယ်။

နိုင်ငံတော်အနေနဲ့လည်း စီမံကိန်း တစ်ရပ်အနေနဲ့ ငွေပမာဏများများ ချထားပေးဖို့လိုပါတယ်။ နိုင်ငံတိုင်းမှာ ကုန်ထုတ်လုပ်ငန်းတွေအတွက်ဆိုရင် ဒီလိုဆောင်ရွက်ပေးပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေ ထင်သာမြင်သာ ရှိလာပြီး အရင်းအနှီးလုံလုံလောက်လောက်ရှိရင်တော့ မြန်မာ့ရေလုပ်ငန်းကဏ္ဍ ပြန်ပြီးနာလန်ထူလာနိုင်ပါတယ်လို့ ဦးနှင်းဦးက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

"မြန်မာ့ရေလုပ်ငန်းကဏ္ဍက နာဂစ် မုန်တိုင်းရဲ့ ဒဏ်ကိုတော်တော်ခံစားခဲ့ရတာပါ။ ရေလုပ်ငန်းကဏ္ဍမှာရှိတဲ့ အလွှာအသီးသီးက အသက်ဆုံးရှုံးမှုတွေ၊ လုပ်ငန်းဆုံးရှုံးမှုတွေ ကြုံခဲ့ရတာပါ။ ဒါပေမယ့် ခုချိန်ထိ အနုစားလုပ်ငန်းတွေလောက်ပဲ ပြန်နာလန်ထူသေးတယ်။ ရေလုပ်ငန်းမှာရှိတဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေက နာလန်မထူနိုင်သေးတဲ့အပြင် ဘဏ်တွေက ငွေချေးပြီးလုပ်ရတော့ ဆုံးရှုံးတဲ့ပေါ်ကို ထပ်ပြီး အတိုးတွေ တက်နေတယ်။ ဒါကို ဘဏ်တွေက ဘဏ်ပေါင်းစုံက စဉ်းစားပေးပြီး ဖြေရှင်းပေးနိုင်မယ်ဆိုရင်တော့ အနာဂတ်မှာ ရေလုပ်ငန်းကဏ္ဍက တိုးတက်လာဖို့ ရှိပါတယ်"လို့ ဆိုပါတယ်။

ဘဏ်တွေက လက်ရှိမှာတော့ ၁၄ ရာခိုင်နှုန်း အတိုးနှုန်းနဲ့ ငွေချေးပေးနေတာဖြစ်ပြီး ဒီအတိုးနှုန်းကလည်း နိုင်ငံတကာနဲ့ ယှဉ်ရင် များလွန်းနေပါတယ်။ ရေလုပ်ငန်းတိုးတက်ဖို့အတွက် ဘဏ်တွေက အထောက်အပံ့ပေးနေတာဆိုရင် မရှိသလောက်နည်းပါးနေပါသေးတယ်လို့လည်း ဆိုပါတယ်။

လာရောက် ရင်းနှီးမြှုပ်နှံမယ်ဆိုရင်တော့ ပင်လယ်ငါးဖမ်းနဲ့ မွေးမြူရေး ကဏ္ဍနှစ်ခုမှာ အဓိကဖြစ်ပြီး အာရှ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်းတို့က လာရောက်ဖို့များပြီး အနောက်နိုင်ငံတွေအနေနဲ့တော့ နည်းပါးနေပါသေးတယ်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာလည်း တိတိကျကျထွက်မလာသေးပေမယ့် နောက်ပိုင်း ပြင်ဆင်ချက်တွေမှာ နိုင်ငံခြားသား မြေငှားပိုင်ခွင့်ပေးတယ်။ ငွေလဲနှုန်းပိုင်းမှာလည်း အရင်လို အစိုးရ ဈေးနှုန်းအတိုင်းပဲ တစ်သတ်မှတ်တည်း သတ်မှတ်တာမျိုး မဟုတ်ဘဲ ဖြေလျှော့တဲ့ အပိုင်းလေးတွေလိုမျိုး အားသာချက်တွေ ရှိလာတယ်" လို့ ဦးနှင်းဦးက ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ စိုက်ပျိုးကဏ္ဍက အထွက်နှုန်း လျော့မှုကို ကြုံတွေ့နေရတာကြောင့် တိုက်ရိုက်ဆက်စပ်မှုရှိတဲ့ ငါးကဏ္ဍမှာလည်း ငါးအစာဈေးနှုန်းတွေက မြင့်တက်လျက်ရှိပါတယ်။ မနှစ်က အရှုံးပေါ်ခဲ့တာကြောင့် ငါးကန်တွေ ငါးမျိုးစိတ်ထည့်မှုနည်းခဲ့တာကြောင့် ငါးအထွက်နှုန်းလည်း လျော့လာပြီး ငါးဈေးက မြင့်တက်လာနေပါပြီ။

ရင်းနှီးမြှုပ်နှံမှု အနည်းဆုံးလို့ ပြောရလောက်တဲ့ ရေလုပ်ငန်းကဏ္ဍမှာတော့ ပထမဆုံးအနေနဲ့ အထည်ချုပ်စက်ရုံတွေမှာလို လက်ခစား စနစ်ကို ဒီနှစ်ထဲမှာ ခွင့်ပြုလိုက်တော့ ငါးဥချတဲ့ ရာသီဖြစ်တဲ့ မိုးတွင်းကာလမှာ စက်ရုံတွေ ပြန်ပြီးလည်ပတ်နိုင်ဖို့ အခွင့်အရေးရလာပါတယ်။

ဒီလို အစီအစဉ်တွေလုပ်ဆောင်နေပေမယ့်လည်း ခုချိန်မှာ လက်ခစားစနစ်က တွက်ခြေမကိုက်ဖြစ်နေသေးပြီး ညှိနှိုင်းမှုတွေ လုပ်နေရတုန်းပဲလို့ ဦးနှင်းဦးက ဆိုပါတယ်။ ပြန်သုံးသပ်ရရင်တော့ ရေလုပ်ငန်းကဏ္ဍမှာ လိုအပ်နေတာကတော့ နည်းပညာနဲ့ အရင်းအနှီးဖြစ်ပါတယ်။

တစ်ဖက်ကလည်း နိုင်ငံတော်ပိုင်းက ကုန်ထုတ်လုပ်ငန်းတွေအတွက် အခွန်ထက်ပိုကောင်းတဲ့ ဘဏ်စနစ်တွေထားပေးနိုင်မယ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်တွေလျှော့ချနိုင်မယ်၊ ဥပဒေ ပိုပြင်စွာ ပေါ်ထွက်လာပြီဆိုရင်တော့ ရေလုပ်ငန်းကဏ္ဍက ပြည်ပလုပ်ငန်းရှင်တွေအတွက် ရင်းနှီးမြှုပ်နှံစရာ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသေးတဲ့ ကဏ္ဍတစ်ခုပါပဲ။ ■

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ငါးမွေးမြူရေးကန်မှ လုပ်သားများ ဖမ်းမိငါးများကို ပြသနေစဉ်။ **ဓာတ်ပုံ – မြန်မာတိုင်း(မ်)**

မြန်မာနိုင်ငံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ

ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် ဆွေးနွေးပွဲတစ်ခုကို နေပြည်တော်မှာ စက်တင်ဘာ ၁၂ ရက်နေ့နဲ့ ၁၃ ရက်နေ့မှာ ကျင်းပမှာ ဖြစ်ပါတယ်။

မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာမှာ ကျင်းပမယ့် ဆွေးနွေးပွဲမှာဆိုရင် ယနေ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဘဏ်လုပ်ငန်း၊ ဘဏ်စနစ်တွေအကြောင်း၊ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ စတာတွေကို ဝါရင့်ကျွမ်းကျင်ပညာရှင်တွေက အသေးစိတ် ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဒီနှစ်ရက်ကြာဆွေးနွေးပွဲကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထင်အောင်တို့ တက်ရောက်အမှာစကားပြောကြားမှာဖြစ်ပြီး ငွေကြေး၊ စီးပွားရေးနဲ့ဆိုင်တဲ့ ပါရင့်ပညာရှင်တွေက ကဏ္ဍအလိုက် ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

ပရိသတ် ၈၀၀ လောက် တက်ရောက်ဆွေးနွေးမယ်လို့ ကြိုးမှုးကျင်းပမယ့် Euro Conferences အဖွဲ့က တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက မြန်မာတိုင်း(မ်)ကို အီးမေးလ်ကတဆင့် ပြောကြားသွားပါတယ်။ ■

ဆက်သွယ်ရေးကဏ္ဍ

ပြည်တွင်း ဆက်သွယ်ရေးကုမ္ပဏီသုံးခု ပြည်ပ ကုမ္ပဏီများနဲ့ ဖက်စပ်လုပ်ကိုင်မယ်

ပြည်တွင်း ကုမ္ပဏီသုံးခုဖြစ်တဲ့ "မြန်မာမိုဘိုင်း"၊ "မြန်မာတယ်လီကွန်"နဲ့ "ရတနာပုံမိုဘိုင်း" တို့ ၂၀၁၃ ခုနှစ်အစောပိုင်းမှာ ဝန်ဆောင်မှုတွေ စပေးနိုင်မယ်လို့ ဆိုတော့ ဈေးသက်သာတဲ့ ဆင်းကတ်တွေ မိုဘိုင်းဖုန်းတွေနဲ့ မိုမြန်တဲ့ အင်တာနက်တွေ အလွယ်တကူ သုံးနိုင်တော့မှာ ဖြစ်ပါတယ်။

ဗစ်တိုရီးယား ဘရစ်

မြန်မာနိုင်ငံရဲ့ ဖူးသစ်စဆက်သွယ်ရေးလုပ်ငန်း လွတ်လပ်ခွင့်ပေးတဲ့ဆောင်ရွက်မှု အဆင့်တွေကို အစိုးရက ကြေညာထားတဲ့အတွက် ဈေးသက်သာတဲ့ ဆင်းမ်ကတ်တွေ၊ မိုဘိုင်းဖုန်းတွေနဲ့ ပိုမြန်တဲ့ အင်တာနက်တွေကို နိုင်ငံတွင်းမှာ အလွယ်တကူ သုံးနိုင်တော့မှာ ဖြစ်ပါတယ်။

အစိုးရရဲ့ ဆက်သွယ်ရေးလုပ်ငန်းအတိုင်ပင်ခံဖြစ်ဖို့အတွက် ပြည်တွင်းနဲ့ပြည်ပမှ ကုမ္ပဏီတွေကို ဇူလိုင်လက ဖိတ်ခေါ်တဲ့ ကြေညာချက်ထုတ်ပြီး နောက် နိုင်ငံခြားကုမ္ပဏီတွေအတွက် ကြီးမားတဲ့ အခွင့်အလမ်းကြီးတစ်ခု ရှိနေပါတယ်။

ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှု ဖြည့်ဆည်းပေးရေးအတွက် ပြည်တွင်းကုမ္ပဏီသုံးခုနဲ့ ဖက်စပ်လုပ်ဖို့ နိုင်ငံတကာ ကုမ္ပဏီတွေကို ဖိတ်ခေါ်ခြင်းဖြင့် အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဆက်သွယ်ရေးလုပ်ငန်းကို လမ်းဖွင့်ပေးရန်အကွက်ချ စီစဉ်နေဝါတယ်။ ထိုကြိုးပမ်းမှုကို ကျွမ်းကျင်ဝညာရှင်တွေ၊ လုပ်ငန်းရှင်တွေက နွေးထွေးစွာ ကြိုဆိုကြပါတယ်။

မြန်မာဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနဲ့ ပဂ္ဂလိကကုမ္ပဏီ 'ရတနာတယ်လီပို့' ကြားလုပ်ငန်းလိုင်စင်သုံးခုကို သုံးလအကြာမှာ တရားဝင်ချပေးလိမ့်မယ်လို့ ရတနာပုံတယ်လီပို့တ်ရဲ့ အမှုဆောင်အရာရှိချုပ် ဦးတင်ဝင်းက ပြောတယ်။

ကြိုးဖုန်း၊ မိုဘိုင်းဖုန်းနဲ့ အင်တာနက် ဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးဖို့ ပြည်တွင်း ကုမ္ပဏီသုံးခုက ပြည်ပကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကိုင်မယ်လို့ ဦးတင်ဝင်းက ပြောတယ်။

ပြည်တွင်း ကုမ္ပဏီသုံးခုဖြစ်တဲ့ 'မြန်မာမိုဘိုင်း'၊ 'မြန်မာတယ်လီကွန်'နဲ့ 'ရတနာပုံမိုဘိုင်း' တို့ ၂၀၁၃ ခုနှစ်အစောပိုင်းမှာ ပန်ဆောင်မှုတွေ စပေးနိုင်မယ်လို့ သူက ပြောပါတယ်။

နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထဲကို ပင်ရောက်နိုင်တဲ့ အခွင့်အရေးကောင်းတစ်ခုဖြစ်တယ်လို့ ဦးတင်ဝင်းက ဆိုပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေဟာ အထက်ပါ ကုမ္ပဏီသုံးခုနဲ့ ဖက်စပ်ကုမ္ပဏီတွေအနေနဲ့ ပူးပေါင်းနိုင်ပြီးတခြားကုမ္ပဏီတွေက ဆက်သွယ်ရေး ဝန်ဆောင်မှုတွေနဲ့ ပစ္စည်းကိရိယာ ပံ့ပိုးပေးနိုင်တယ်။ ဒါပေမယ့် လုပ်ငန်းလိုင်စင်တွေကို ပြည်တွင်း ကုမ္ပဏီတွေက ထိန်းသိမ်းထားမယ်လို့ သူက ပြောတယ်။

နိုင်ငံခြားကလုပ်ငန်းရှင်တွေ ဖြစ်နိုင်ခြေ လေ့လာမှုတွေ ပြင်ဆင်ဖို့ မြန်မာနိုင်ငံကို လာရောက်နေကြတယ်။ ဖက်စပ်လုပ်ငန်းအတွက် တင်ဒါတွေကို သုံး၊ လေးလခန့်အတွင်း တင်သွင်းရဖွယ်ရှိပြီး ရွေးချယ်တဲ့ကိစ္စကို နိုင်ငံတကာ အတိုင်ပင်ခံပုဂ္ဂိုလ်သစ်နဲ့ MPT က ကွပ်ကဲမယ်လို့လည်း သူက ပြောပါတယ်။

ဖြစ်အံ့ဆဲဆဲ ဖက်စပ်လုပ်ငန်းကိစ္စကိုကြီးကြပ်ဖို့ နိုင်ငံတကာ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရယူဖို့ အစိုးရရဲ့ ကြေညာချက်ဟာ လုပ်ငန်းအတွက် အပြုသဘောဆောင်တဲ့ ဖြေလှမ်းဖြစ်တယ်လို့ အထင်ကရနိုင်ငံတကာဥပဒေ အကျိုးဆောင်ကုမ္ပဏီ Herbert Smith မှ အရှေ့တောင်အာရှ တယ်လီကွန်ဥက္ကဋ္ဌ မာ့စ်ရောဘင်ဆင်က ပြောပါတယ်။

အလားအလာများစွာရှိတဲ့ အခွင့်အရေးတွေကြောင့် စိတ်ဝင်စားတဲ့ နိုင်ငံတကာ တယ်လီကွန်ဖောက်သည်များအတွက် ကျွန်တော်တို့ဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွေကို စောင့်ကြည့်နေကြတယ်လို့ ရောဘင်ဆင်က ပြောပါတယ်။

အတိုင်ပင်ခံ ပုဂ္ဂိုလ်က ဖြစ်အံ့ဆဲဆဲ ဖက်စပ်လုပ်ငန်းရဲ့ လုပ်နည်းအစဉ်ကို ကြီးကြပ်ရမှာ ကညီမှာဖြစ်ပြီး ပြည်တွင်းနဲ့ ပြည်ပကုမ္ပဏီတွေကို ဆက်သွယ်ရေး ပန်ဆောင်မှုတွေဖြစ်တဲ့ မိုဘိုင်းဖုန်း၊ ကြိုးဖုန်းနဲ့ အင်တာနက်ဝန်ဆောင်မှု အမျိုးမျိုးကို ပံ့ပိုးပေးဖို့ တွဲဖက်လုပ်ရန် ဖိတ်ကြားလိမ့်မယ်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကို လမ်းဖွင့်ပေးခြင်းနဲ့ တန်ဖိုးနည်း ဆက်သွယ်ရေးလမ်းကြောင်းကို ခန့်မှန်းခြေ သန်း ၆၀ ရှိ ပြည်သူတွေအတွက် ပံ့ပိုးပေးခြင်းဟာ ဆင်းရဲတဲ့နိုင်ငံကို လူမှုရေး၊ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ကြီးမားတဲ့မြှင့်တင်မှုကိုလည်း ပေးတယ်လို့ ကျွမ်းကျင်သူတွေက ပြောတယ်။

ကမ္ဘာ့အနှံ့စီးပွားရေးနှင့် ပူးပေါင်းရန်နဲ့ မဖွံ့လုံသော အခြေခံအဆောက်အအုံကို ကျော်လွှားဖို့ နိုင်ငံဟာ နည်းပညာကို အသုံးချဖို့လိုအပ်တာမို့ ပြောင်းလဲတာကို အလိုက်သင့်လက်ခံရင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ ဆွေးနွေးပွဲတွေမှာ သိသာထင်ရှားစွာ ရှေ့တန်းရောက်နေတယ်လို့ အင်ဒိုချိုင်းနား သုတေသန ဒါရိုက်တာ လင်မ်ငွယ်င်က ပြောတယ်။

မြန်မာအစိုးရက ၂၀၁၅ ခုနှစ်မှာ မိုဘိုင်းဖုန်းအရေအတွက် သန်း ၃၀ အထိ တိုးမြှင့်မှာယဖို့ အစီအစဉ်ကို ကြေညာခဲ့ပြီး ဆက်သွယ်ရေးဥပဒေကို ခေတ်နဲ့အညီ မွမ်းမံခြင်းကို လုပ်နေတယ်လို့ သူက ဆိုပါတယ်။

နိုင်ငံတကာဆက်သွယ်ရေးသမဂ္ဂ (ITU) ရဲ့ ၂၀၁၀ ပြည့်နှစ်က အချက်အလက်အရ၊ လောလောဆယ်မှာ မြန်မာနိုင်ငံမှာ ကြိုးဖုန်းနဲ့ မိုဘိုင်းဖုန်းမှာယနှုန်းဟာ တစ်ရာခိုင်နှုန်းခန့် ရှိပြီး အင်တာနက်ထိုးဖောက်မှုနှုန်းဟာ သုည ဒသမ ၂ ရာခိုင်နှုန်းကျော်ကျော်လေးသာ ရှိတယ်လို့ သိရတယ်။

အရင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိတ်ထားပြီး၊ ကြိုးဖုန်းနဲ့ မိုဘိုင်းဖုန်းဝန်ဆောင်မှု အပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုတွေ လောလောဆယ် တစ်ဦးတည်းချုပ်ကိုင်တဲ့ အစိုးရဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန (MPT) က စီးမိုးခြယ်လှယ်တဲ့ မြန်မာနိုင်ငံရဲ့ အကျိုးအမြတ်ရှိတဲ့ ဆက်သွယ်ရေးကိုဝင်ရန် အခွင့်အလမ်းကို နိုင်ငံခြားကုမ္ပဏီတွေက သေသေချာချာ ကြည့်ရှုလေ့လာလျက်ရှိတယ်။

မြန်မာနိုင်ငံဟာ ဆက်သွယ်ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် သေချာပေါက် သင့်လျော်တဲ့ အခွင့်အလမ်းဖြစ်ပြီး ပထမဝင်လာတဲ့ ယှဉ်ပြိုင်မှုအားသာချက်က ဈေးကွက်မှာ စောစောနေရာရအောင် သွက်လက်ကျွမ်းကျင်တဲ့ နိုင်ငံခြားမှ သတင်းနဲ့ဆက်သွယ်ရေး နည်းပညာ ပန်ဆောင်မှုတွေကို အသင့်စောင့်နေပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဈေးကွက်ကို အစိုးရက ဖွင့်ပေးမယ့် အရိပ်လက္ခဏာတွေအတွက် မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုကို အန်းကပ်စောင့်ကြည့်နေတဲ့ နာမည်ကြီးဆက်သွယ်ရေးကုမ္ပဏီတွေထဲမှာ မြန်မာဘောလုံးပြိုင်ပွဲကို ကမကထပြုတဲ့ အိုင်းရစ်ကုမ္ပဏီ 'ဒစ်ဂျစ်ဆဲလ်' ပါဝင်ပါတယ်။

ယခုနှစ်ခပ်စောစောမှာ မြန်မာနိုင်ငံနဲ့ ပြန်ချိတ်ဆက်တဲ့ကိစ္စကို ရုတ်ခြည်းနာလန်ထလာဖို့ နော်ဝေအစိုးရက ကုန်သွယ်မှုအားလုံးနဲ့ ရင်းနှီးမြှုပ်နှံခွင့်ပြုချက်တွေကို မြှင့်တင်ဖို့ကြိုးပမ်းကတည်းက နော်ဝေးကုမ္ပဏီ 'တယ်လီနော်'မြန်မာနိုင်ငံမှာ ရှိနေမှုဟာ အခြေခိုင်လျက်ရှိပြီး ထိုလုပ်ငန်းတွင် ပါဝင်ဖို့ အလွန်စိတ်ထက်သန်လျက်ရှိတယ်။

ဆွီဒင်ရဲ့ အရေးပါတဲ့ ဆက်သွယ်ရေးကုမ္ပဏီ 'အီရစ်ဆင်'ဟာ ၎င်းရဲ့ ရန်ကုန်ရုံးခန်းကို ဇွန်လမှာ ဖွင့်ခဲ့ပြီး နည်းပညာနဲ့ဝန်ဆောင်မှုတွေကို တယ်လီကွန်းလုပ်ငန်းရှင်အသစ်တွေကို ပံ့ပိုးပေးဖို့ အနာဂတ်အခွင့်အရေးနဲ့ပတ်သက်ပြီး ယုံကြည်မှု ရှိပါတယ်။

"ကွန်ပ်တို့ရဲ့ ဝန်ဆောင်မှုအင်အားနဲ့ ပေါင်းစည်းထားတဲ့ မိုဘိုင်းကွန်ရက်တွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိထိရောက်ရောက် အသုံးချမှုမှာ ကျွန်ုပ်တို့ရဲ့ အတွေ့အကြုံဟာ 'အီရစ်ဆင်'ကို နည်းပညာတွဲဖက်အနေနဲ့ ရွေးချယ်ဖို့ ခိုင်မာတဲ့ အဓိက အကြောင်းရင်းဖြစ်ပေလိမ့်မယ်"လို့ မန်နေဂျာ ဂျိုဟန်အက်ဒလာက ပြောတယ်။

"ကျွန်ုပ်တို့မှာ ဒေသရဲ့ လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကိုလည်း အလေးထားပါတယ်"လို့ သူက ပြောပါတယ်။

ဆက်သွယ်ရေးပစ္စည်းနဲ့ အချက်အလက်ဆိုင်ရာ ဆက်သွယ်ရေးစနစ်တွေကို ကမ္ဘာပေါ်မှာ အများဆုံးဖြည့်ဆည်းပေးတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပြီး မိုဘိုင်းကွန်ရက်တွေမှာ အထူးတီထွင်တဲ့ 'အီရစ်ဆင်'ဟာ နိုင်ငံပေါင်း ၁၈၀ ကျော်မှာ လုပ်ငန်းလည်ပတ်နေပြီး သူ့ရဲ့စာရင်းမှာ မြန်မာနိုင်ငံကို ထည့်သွင်းဖို့ စိတ်အားထက်သန်နေပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ သန်း ၆၀ ကျော်ရှိတော့ အိုင်စီတီကဏ္ဍတိုးတက်ဖွံ့ဖြိုးလာဖို့ အလားအလာကောင်းကြောင်း မိုဘိုင်း ဆက်သွယ်ရေးမှာ ကမ္ဘာပေါ်တွင်ဦးဆောင်နေတဲ့ အဲရစ်ဆန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ တယ်လီကွန်းလုပ်ငန်းမှာ အတွေ့အကြုံအတော်များများရှိတယ်လို့ မစ္စအက်ဒလာက ပြောပါတယ်။

ကျွန်မတို့ရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် တခြားဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ တယ်လီကွန်မြူနီကေးရှင်းစနစ်ဟာ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်နဲ့ အလုပ်အကိုင်တွေ ပေါ်လာမြင်းစတဲ့ ကောင်းလာစေတဲ့ ထောက်ပံ့ပေးရာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှာလည်း ဒီလိုအထောက်အကူတွေ ရမှာဖြစ်ကြောင်း မစ္စအက်ဒလာက ဆက်လက်ပြောဆိုပါတယ်။

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးလုပ်ငန်းကို လျှော့ပေါ့ပေးလာမယ်ဆိုရင် နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို အားပေးအားမြှောက်လုပ်လိုက်သလို ဖြစ်လာလိမ့်မယ်လို့ ကျွမ်းကျင်သူတွေက သဘောတူကြပေမယ့် လူဦးရေသန်း ၆၀ အတွက် ဆက်သွယ်မှုဟာ ဘယ်နည်းဟာ အကောင်းဆုံးလဲဆိုတာနဲ့ ပတ်သက်တဲ့ သဘောထားတွေမှာတော့ ကွဲလွဲချက်တွေ ရှိနေတယ်။

လောလောဆယ် မြန်မာနိုင်ငံလို ထွန်းသစ်စဈေးကွက်မှာ တစ်ခုတည်းသော အမျိုးသား တယ်လီကွန်းကွန်ရက် တည်ဆောက်ခြင်းဟာ အဓိကကျပါတယ်။ နောက်ပြီးတော့ ပထမဆုံး ပြဋ္ဌာန်းထိန်းချုပ်သူ အလေးပေးစဉ်းစားချင့်ချိန်မှာကတော့ တယ်လီကွန်းဈေးနှုန်းကို တတ်နိုင်ဖို့ လိုတယ်လို့ မစ္စတာ ငုယန်က ပြောတယ်။

ကွန်ရက်တစ်ခုရှိရင် ကွန်ရက်ဖွံ့ဖြိုးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွင် တစ်ဦးတည်းသော ကုမ္ပဏီဖြစ်နိုင်တဲ့အတွက် မြန်မာအစိုးရပါဝင်နိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်စွမ်းကို အသုံးပြုသူတွေအတွက် စရိတ်နည်းသွားနိုင်တယ်လို့ ၎င်းက ပြောတယ်။

လုပ်ငန်းကို ရှေ့တိုးလုပ်တဲ့အနေနဲ့ အစိုးရဟာ တယ်လီကွန်းဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီများကို ဈေးကွက်တွင် ပါပင်ဖို့ ဖိတ်ခေါ်နိုင်ပြီး ပြိုင်ဆိုင်မှု ဈေးကွက်အသွင်ကို ဖန်တီးကာ ရင်းနှီးမြှုပ်နှံကုန်ကျစရိတ်ကို ပြန်လည်ရရှိနိုင်တယ်။ ရင်းနှီးမြှုပ်နှံတဲ့ ကုန်ကျစရိတ်နဲ့ နိုင်ငံသားတွေအတွက် ဈေးနှုန်းသင့်တော်တာဟာ လက်တွေ့ကျနိုင်တယ်။ ညွန့်ညွန့်ဝင်း၊ ဘာသာပြန်သည်။ ■

ရန်ကုန်မြို့ရှိ အီလက်ထရောနစ်ပြပွဲတစ်ခုတွင် အမျိုးသမီးတစ်ဦးက ဝိုင်ဖိုင် ကွန်နက်ရှင် ကောင်းမကောင်း စမ်းသပ်နေစဉ်။ **ဓာတ်ပုံ – မြန်မာတိုင်း(မ်)**

> ဆက်သွယ်ရေးလုပ်ငန်းကို လျှော့ပေါ့ပေးလာမယ်ဆိုရင် နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို အားပေးအားမြှောက် လုပ်လိုက်သလို ဖြစ်လာလိမ့်မယ်လို့ ကျွမ်းကျင်သူတွေက သဘောတူကြပေမယ့် . . .

Co-hosted with:

euromoney conferences

MIC Myanmar Investment Commission

Myanmar Global Investment Forum:
Progress, Potential and Promise

12-13 September, 2012
Myanmar International Convention Center, Nay Pyi Taw, Myanmar

On 12-13 September, Euromoney will launch the Myanmar Global Investment Forum. Co-hosted with the Myanmar Investment Commission and supported by the Ministries of Finance and Revenue, Industry, Energy and Commerce, the Central Bank of Myanmar and the UMFCCI, the event will explore the opportunities available for foreign capital interested in taking part in one of the most exciting investment stories of our time. Over 400 foreign investors have already registered to attend, looking to meet with Myanmar's leading businesses and politicians. Local and regional experts will come together to discuss what the country's re-opening means for investors looking to break into this new frontier market. Speakers already confirmed include:

- **U Soe Thane**, Union Minister, President's Office and Chairman, **Myanmar Investment Commission**
- **U Htin Aung**, Deputy Minister of Energy, **Republic of the Union of Myanmar**
- **Derek Mitchell**, Ambassador, **Embassy of the United States**
- **Win Aung**, President, **UMFCCI**
- **Junichi Yamada**, Director General, Operations Strategy Department, **Japan International Cooperation Agency (JICA)**

If you would like further information about the conference or have any queries please contact us at rsvp@euromoneyasia.com.

http://www.euromoneyconferences.com/Myanmar

Lead Sponsors:

Bangkok Bank | SCB FIRST THAI BANK | Standard Chartered | YOMA STRATEGIC HOLDINGS LTD.

Myanmar Lead Sponsors:

AYEYARWADY BANK your trusted partner | MICB

Co Sponsors:

JX Nippon Oil & Gas Exploration | LOI HEIN CO.,LTD. | Nestlé Good Food, Good Life | SILK ROAD FINANCE

Charter Sponsors:

BNP PARIBAS The bank for a changing world | CIMB | C B BANK CO-OPERATIVE BANK LTD | SMIDB

Supported by:

Ministry of Commerce | Ministry of Energy | Ministry of Finance and Revenue | Ministry of Industry | Central Bank of Myanmar | UMFCCI

ဈေးကွက် သုတေသန ကဏ္ဍ

ရင်းနှီးမြှုပ်နှံမှု မစတင်မီ ဈေးကွက်သုတေသန လုပ်ဖို့ အလွန်အရေးပါ

ဈေးကွက်သုတေသနဆိုတာ မြန်မာနိုင်ငံလို ဈေးကွက်အသစ်တစ်ခုအတွက်တော့ မရှိမဖြစ်အရေးပါပါတယ်။ ဒီအတွက် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတွေလည်း ရှိလာပါပြီ။

ဗစ်တိုးရီးယား ဘရုစ်

ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံမှာ စီးပွားရေးအခွင့်အလမ်းတွေကို လေ့လာစူးစမ်းမှုတွေ ပြုလုပ်နေကြတဲ့အတွက်ကြောင့် သတင်းအချက်အလက်ဆိုတာ မြန်မာနိုင်ငံမှာ လက်တလော ရေပန်းစားနေတဲ့ လူအသုံးအဆောင်ပစ္စည်းတွေထဲက ထုတ်ကုန်တစ်ခုဖြစ်လာမယ်ဆိုတဲ့အချက်ကို သက်သေပြနေတာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ခိုင်လုံတိကျပြီး စိတ်ချယုံကြည်ရတဲ့ စီးပွားရေးနဲ့ ဈေးကွက်သတင်းအချက်တွေ မရရှိနိုင်တာကြောင့် နိုင်ငံခြားကုမ္ပဏီအများအပြားဟာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ခင် လုပ်ငန်းသဘောတရားတွေကို အချိန်ယူလေ့လာနိုင်ဖို့အတွက် အကူအညီပေးနိုင်မယ့် သုတေသနကုမ္ပဏီတွေကို အလုပ်အပ်နှံဖို့ ရွေးချယ်ကြပါလိမ့်မယ်။

"ဈေးကွက်သုတေသနဆိုတာ မြန်မာနိုင်ငံလို ဈေးကွက်အသစ်တစ်ခုအတွက်တော့ မရှိမဖြစ်အရေးပါပါတယ်"လို့ မြန်မာနိုင်ငံအဓိက ဈေးကွက်သုတေသန၊ စီးပွားရေးအကြံပေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်း i3M Group ကို တည်ထောင်သူနဲ့ စီးပွားရေးသုံးသပ်လေ့လာသူတစ်ဦးဖြစ်သူ မစ္စတာ ခူးကေးမန်က ဆိုပါတယ်။

"နိုင်ငံခြားကုမ္ပဏီတွေဟာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဆုံးဖြတ်ချက်တွေမချခင် သူတို့ရဲ့ ကြိုတင်လေ့လာမှုလုပ်ငန်းတွေကို သေချာအောင် လုပ်ဖို့သင့်တယ်"လို့ မစ္စတာမန်ကပြောပါတယ်။

အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့အရေးယူမှုတွေ လျှော့ချပေးခဲ့ပြီး နောက်ပိုင်းလတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဆီက စိတ်ဝင်စားမှုတွေ ပြင်းပြင်းပြပြရှိခဲ့တာကို တွေ့ရပေမယ့် ကျွမ်းကျင်သူတွေကတော့ သူတို့ရဲ့ ဆန္ဒပြင်းပြနေမှုကို ထိန်းထားကြဖို့သတိပေးခဲ့ကြပြီး ပိတ်ဆို့မှုအလွန်ကာလအတွင်း သူတို့နိုင်ငံစည်းမျဉ်းဥပဒေတွေနဲ့ ပြဿနာမတက်စေနိုင်တဲ့ နည်းလမ်းတွေရှာဖွေဖို့အတွက် ခက်ခဲမှုတွေလို မြန်မာနိုင်ငံရဲ့ ဥပဒေရေးရာ၊ နာမည်ဆိုးသတင်း နောက်ပြီး ငွေကြေးဆိုင်ရာဆုံးရှုံးမှုတွေကို ထည့်သွင်းစဉ်းစားကြဖို့ ထောက်ပြနေကြပါတယ်။

မြန်ဆန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ရှိနေပေမယ့် နိုင်ငံတကာအကျင့်ပျက်ခြစားမှု စောင့်ကြည့်ရေးအဖွဲ့ (Transparency International) က မြန်မာနိုင်ငံကို ကမ္ဘာ့လာဘ်အစားဆုံးနိုင်ငံတွေစာရင်းမှာ သတ်မှတ်ထားပြီး မကျင့်သုံးရသေးတဲ့ တရားရေးစနစ်တစ်ခုနဲ့အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ မြန်မာနိုင်ငံမှာ ခိုင်မာတဲ့ တရားရေးလုပ်ငန်းဘောင်တွေ မရှိဘူးလို့လည်း ကျွမ်းကျင်သူတွေက ပြောကြပါတယ်။

အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် ကုမ္ပဏီတွေနဲ့ပတ်သက်ပြီး စိစစ်သေချာတဲ့ ကြိုတင်တွက်ချက်မှုတွေလုပ်တာဟာ ဥပဒေရေးရာ၊ နာမည်ဆိုးသတင်းနဲ့ငွေကြေးဆုံးရှုံးမှုတွေနဲ့ ပတ်သက်ပြီး မထိခိုက်မိစေဖို့အထောက်အကူပေးနိုင်တယ်လို့ ဆယ်နှစ်ကျော်အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အကြံဉာဏ်တွေပေးနေတဲ့ အာရှအခြေစိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝါရင့်ကျွမ်းကျင်ပညာရှင် ခရစ်လာကင်းက ဆိုပါတယ်။ ဆက်လက်ပြီး သူက ဒီလိုသုသေတန လုပ်ငန်းမျိုးဟာ ပိတ်ဆို့မှုအလွန်ကာလ မြန်မာနိုင်ငံမှာ ပိုပြီးလို့တောင် အရေးပါလှပါတယ်လို့ ပြောပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ ဖြစ်နိုင်ချေရှိတဲ့ ဖက်စပ်လုပ်ငန်းတွေအတွက် ပြည်တွင်းက အကျိုးတူပူးပေါင်းမယ့် ကုမ္ပဏီတွေ ရွေးချယ်တဲ့အခါ သေသေချာချာစိစစ်သင့်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ ပိတ်ဆို့မှုစာရင်းပင်တစ်ဦးချင်းရဲ့ နာမည်ဆိုးသတင်းတွေကိုလည်း ထည့်သွင်းစဉ်းသင့်တယ်လို့ ငွေကြေးနှင့်ဥပဒေရေးရာများမဟုတ်သော ကြိုတင်စိစစ်တွက်ချက်မှုလုပ်ငန်းတွေကို အထူးပြုဆောင်ရွက်ပေးနေတဲ့ နိုင်ငံရေးနှင့် ဈေးကွက်သုတေသနလုပ်ငန်း CLC Asia က ပူးတွဲညွှန်ကြားရေးမှူးလည်းဖြစ်သူ မစ္စတာလာကင်းက ပြောပါတယ်။

"အကျိုးတူပူးပေါင်းလုပ်မယ့်သူရဲ့ နာမည်ဂုဏ်သတင်းနဲ့ သူ့ရဲ့လုပ်ဆောင်ချက်တွေကို စိစစ်လေ့လာဖို့ဟာ စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့အတွက် အရမ်းအရေးကြီးတယ်" မစ္စတာလာကင်းကပြောပါတယ်။ နောက်ပြီး ထပ်ရောက်လာမယ့် ကုမ္ပဏီအသစ်တွေဟာ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေမချခင် ပြည်တွင်းကုမ္ပဏီတွေနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်နဲ့ သုတေသနပြုလေ့လာဖို့နဲ့ အချိန်ယူစောင့်ဆိုင်းဖို့အတွက် သူက တွန်းအားပေးပြောဆိုသွားပါတယ်။

> **စီးပွားရေးအကျိုးတူ ပူးပေါင်းမှုကောင်း တစ်ခုဟာ အဆင်ပြေတဲ့ အိမ်ထောင်ရေးတစ်ခုလိုပဲ။ ကြာရှည်ပြီး စိတ်ချမ်းသာစရာကောင်းတဲ့ အကျိုးပူးပေါင်းမှု တစ်ခုဖြစ်ဖို့ဆိုရင် . . .**

အနောက်ပိတ်ဆို့မှုတွေရှိခဲ့တဲ့ အချိန်တုန်းက မြန်မာအချို့နဲ့စီးပွားရေး ကုမ္ပဏီအချို့ဟာ ယခင်စစ်အစိုးရနဲ့ ချိတ်ဆက်မှုရှိတယ်လို့ သံသယအမြစ်ခံရတဲ့အတွက် အမေရိကန်ဘဏ္ဍာရေးဌာနရဲ့ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံးကို အနောက်နိုင်ငံအစိုးရတွေက စောင့်ကြည့်နေတဲ့ ပိတ်ဆို့မှုစာရင်းထဲ ထည့်သွင်းခံခဲ့ရပါတယ်။

ဒါကြောင့် ဒီပိတ်ဆို့မှုတွေ မရှိတော့တဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ ဥပဒေရေးရာတွေနဲ့ ဒီလိုမကောင်းသတင်းရှိခဲ့တဲ့သူတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဂုဏ်သိက္ခာထိခိုက်နိုင်မယ့် အရေးတွေကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။

နောက်ပြီး မြန်မာလူဘောင်အသိုင်းအဝိုင်းရဲ့ သဘောသဘာဝဟာ အခြားအာရှလူ့ဘောင်အဖွဲ့အစည်းတွေလိုပဲ အလုပ်နဲ့ ပုဂ္ဂိုလ်ရေးဆက်နွယ်မှုတွေနဲ့ ရောထွေးနေတတ်တာကြောင့် ဒါဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ ကြိုတင်စိစစ်တွက်ချက်မှုတွေမှာ ရင်ဆိုင်နေရတဲ့အခက်အခဲတွေအပေါ် အပိုထပ်ဆောင်းပေးနေတာလို့ ပြည်တွင်းက ဈေးကွက်သုတေသနနဲ့ အကြံပေးလုပ်ငန်း သူရဆွစ် (Thura Swiss) ကုမ္ပဏီက အမှုဆောင်အရာရှိချုပ် ဒေါက်တာ အောင်သူရက ပြောပါတယ်။

"မြန်မာ့လူ့အဖွဲ့အစည်းက အရမ်းကို ဆက်နွယ်လွန်းတယ်။ ဒါကြောင့် ဒီနာမည်ပျက်စာရင်းထဲက သူတစ်ဦးဦးနဲ့ တိုက်ရိုက်ဆက်နွယ်မှုမရှိဘူးဆိုရင်လည်း ခင်ဗျားရဲ့လုပ်ငန်းဟာ သွယ်ဝိုက်သော နည်းတစ်နည်းနဲ့တော့ သူတို့နဲ့ ချိတ်ဆက်မှုရှိနေလိမ့်မယ်"လို့ ဒေါက်တာအောင်သူရက ဆိုပါတယ်။

"နာမည်ပျက်စာရင်းထဲမှာ ပါတဲ့သူတွေဟာ ချိတ်ဆက်မှုကောင်းကောင်း ရှိကြပြီး နေရာတိုင်းမှာလည်း ကုမ္ပဏီခွဲတွေရှိတဲ့အတွက်ကြောင့် သူတို့ကို ဘယ်လိုမှ ရှောင်လို့မရနိုင်ဘူး"လို့ ဒေါက်တာ အောင်သူရက ပြောပါတယ်။

ဒေါက်တာအောင်သူရရဲ့ သူရဆွစ်ကုမ္ပဏီဟာ စီးပွားရေးကုမ္ပဏီတွေရဲ့ နောက်ခံ အခြေအနေစစ်ဆေးမှုတွေနဲ့ ဥပဒေနှင့်ငွေကြေးရေးရာမဟုတ်သော ကြိုတင်စိစစ်တွက်ချက်မှုတွေကို အထူးပြုဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး သူ့ရဲ့လုပ်ငန်းကို ရင်းနှီးမြှုပ်နှံသူတွေအတွက် တစ်နေရာတည်းမှာ အလုံးစုံရရှိနိုင်တဲ့ one-stop shop တစ်ခုဖြစ်လာဖို့ ရည်ရွယ်ထားတယ်လို့ ဆိုပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ သူတို့နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မယ့်သူတွေရဲ့ နာမည်ဆိုးသတင်း၊ အခွန်လိမ်လည်မှုတွေ ဖြေရှင်းနေရတဲ့ ကုမ္ပဏီတွေနဲ့အခြားစီးပွားရေးဆိုင်ရာ အလေ့အထတွေကို သေချာဆန်းစစ်ဖို့ လိုပါတယ်။

"မြန်မာနိုင်ငံမှာ အခွန်လိမ်လည်မှုတွေ အများကြီးရှိတယ်။ ဒီလိုမျိုးလုပ်နေတဲ့ ကုမ္ပဏီတွေ အများကြီးပါပဲ"လို့ ဒေါက်တာအောင်သူရက ပြောပါတယ်။

ဥပဒေရေးရာနဲ့ ငွေကြေးဆုံးရှုံးမှုတွေကို စိစစ်လေ့လာဖို့ တည်ထောင်ထားတဲ့ လုပ်ငန်းတွေဟာ နာမည်ပျက်ကိစ္စတွေနဲ့နိုင်ငံရေးဆိုင်ရာ ဆုံးရှုံးမှုတွေကိုလည်း လေ့လာဖို့လိုတယ်လို့ မစ္စတာ လာကင်းက ဆိုပါတယ်။

နောက်ပြီး မစ္စတာလာကင်းက သူ့လုပ်ငန်းဟာ ရှေ့နေတွေ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုဘဏ်တွေက ရရှိနိုင်တဲ့ အချက်အလက်တွေအပြင် ကွယ်ဝှက်နေတဲ့ ဆုံးရှုံးမှုအန္တရာယ်တွေကို မြင်သာနားလည်စေနိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံသူတွေကို ကူညီလမ်းပြပေးနိုင်ဖို့ ကျယ်ပြောတဲ့ လမ်းညွှန်မှုတွေ ပေးနေတာလို့ ပြောပါတယ်။

"အခုအချိန်မှာတော့ မြန်မာနိုင်ငံလို နေရာမျိုးမှာ ကျွန်တော်တို့လုပ်ပေးနေနိုင်တာတွေကတော့ ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် သူတို့နဲ့ အကျိုးတူ ပူးပေါင်းမယ့်သူတွေ စီးပွားရေးကုမ္ပဏီတွေနဲ့ပတ်သက်ပြီး နာမည်ပျက်ကိစ္စအတွက် စိစစ်တွက်ချက်မှုစတဲ့ပြဿနာတွေကို ကူညီပေးတာ၊ အစိုးရနဲ့လာဘ်စားမှုအခြေအနေတွေကို ဆက်စပ်ဖော်ပြပေးတာ၊ နောက်ပြီး မြန်မာနိုင်ငံလို ဈေးကွက်ထဲမှာ အခြားနိုင်ငံခြားကုမ္ပဏီတွေဟာ လုပ်ငန်းတွေ ဘယ်လိုအောင်မြင်အောင် လုပ်နိုင်မလဲဆိုတာကို၊ ရှင်းလင်းပြပေးနိုင်မယ့် စီးပွားရေးမှတ်တမ်းတွေ လုပ်ပေးတာတွေပဲဖြစ်ပါတယ်"လို့ ပြောပါတယ်။

"ဒါတွေအားလုံးဟာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ သဘောပေါက် နားလည်ထားဖို့ နောက်ပြီး ထိခိုက်မှု နည်းစေဖို့ လိုအပ်နေတဲ့ ကိစ္စတွေပါပဲ။ အကျိုးတူဖက်စပ်လုပ်ငန်းတွေ အောင်မြင်နိုင်ဖို့ဆိုရင်ပေါ့"လို့ မစ္စတာလာ ကင်းက ပြောပါတယ်။

ဒီလိုသတင်းအချက်အလက်မျိုးကို မြန်မာနိုင်ငံရဲ့ ပွင့်လင်းမြင်သာမှုမရှိတဲ့ စီးပွားရေးလောကထဲမှာ လွယ်လွယ်ရယူနိုင်ဖို့ကတော့ ဝေးပါသေးတယ်။ အကျိုးတူ စီးပွားဖက်လုပ်မယ့် ကုမ္ပဏီတွေရဲ့ ခိုင်မာတဲ့အထောက်အထားတွေကို စစ်ဆေးဖို့ ပြည်တွင်းမှတ်ပုံတင် စာရင်းတွေ ဒါမှမဟုတ် ကွန်ပျူတာ အချက်အလက်စုဆောင်းထားတာတွေ မရှိဘူးလို့ ရန်ကုန်အခြေစိုက်ဥပဒေလုပ်ငန်း P&A Asia ရဲ့ တွဲဖက်ညွှန်ကြားရေးမှူး မစ္စတာအဲလက်စ်ဆိုယ်ပိလက်စ်ထရီက ဆိုပါတယ်။

"စီးပွားရေးအကျိုးတူ ပူးပေါင်းမှုကောင်း တစ်ခုဟာ အဆင်ပြေတဲ့ အိမ်ထောင်ရေးတစ်ခုလိုပဲ။ ကြာရှည်ပြီး စိတ်ချမ်းသာစရာကောင်းတဲ့ အကျိုးပူးပေါင်းမှု တစ်ခုဖြစ်ဖို့ဆိုရင် ကိုယ်နဲ့ ပူးတွဲဆောင်ရွက်မယ့်သူနဲ့ ပတ်သက်ပြီး သူတို့ပြောသလို တကယ်ဟုတ်မဟုတ် သေချာသိနိုင်ဖို့ သူတို့ရဲ့ နောက်ခံအခြေအနေတွေကို တိတိကျကျ စစ်ဆေးမှုလုပ်ရပါမယ်"လို့ မစ္စတာ ပိုလက်စ်ထရီက ပြောပါတယ်။

မိမိနဲ့ အကျိုးတူပူးတွဲမယ့်သူနဲ့သူ့ကုမ္ပဏီအကြောင်းကို သိအောင် အချိန်ယူရမယ့်အပြင် စီးပွားရေးလောကထဲက အခြားလုပ်ငန်းရှင်တွေနဲ့ ပြောဆိုဆွေးနွေးမှုတွေအပါအဝင် အရာရာကို အချိန်ယူလေ့လာတာဟာ နိုင်ငံခြား ကုမ္ပဏီတွေအတွက် အကျိုးတူပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အထောက်အကူပေးနိုင်တယ်"လို့ သူက ဆိုပါတယ်။

Bagan Capital ရဲ့ စီအီးအို မစ္စတာ Jeremy Kloiser–Jones က မြန်မာနိုင်ငံဟာ မြန်မြန်ဆန်ဆန်ကို ပြောင်းလဲနေပါတယ်။ ဒါတွေကိုသိဖို့က အဆက်အသွယ် အသိအကျွမ်းတွေနဲ့ သိဖို့ ခင်မင်ဖို့လိုပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့က နေပြည်တော်မှာ ရုံးဖွင့်လှစ်ထားတာဖြစ်ပါတယ်။ လိုတဲ့ဈေးကွက်သုတေသနအချက်အလက်တွေသတင်းအချက်အလက်တွေ ပေးဖို့ပါ။

"လာပြီးရင်းနှီးမယ့်လူတွေဟာ နိုင်ငံရေးအခြေအနေ၊ ဥပဒေတွေ သိချင်နေကြပါတယ်။ ဒါ့အပြင် လိုအပ်မယ့် ဝန်ထမ်းတွေ ရနိုင်ပါ့မလား၊ အခြေခံအဆောက်အအုံတွေရော ရှိပါ့မလား။ အထူးသဖြင့် အမေရိကက လာမယ့် ရင်းနှီးမြှုပ်နှံမယ့်လူတွေဆိုရင် အခြေအနေတွေ ပိုပြီး သိချင်နေပါတယ်။

"တကယ်တော့ သတင်းအချက်အလက် စုံစုံလင်လင်နဲ့ မှန်မှန်ကန်ကန် ရဖို့ဆိုတာက တော်တော့်ကို ကြိုးစားပမ်းစား လုပ်နေရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့က အကောင်းဆုံးအကြံတွေ သတင်းတွေ ပေးနေပါတယ်" လို့ Mr Jeremy Kloiser-Jones က အီးမေးလ်က တစ်ဆင့် ဖြေကြားသွားပါတယ်။

ဘာသာပြန်သည်။ ■

ဈေးကွက်သုတေသနပြုလုပ်ရာတွင် သတင်းဂျာနယ်များလည်း လိုအပ်သည်။ ဓာတ်ပုံ – မြန်မာတိုင်း(မ်)

g
Giorenzo
COLLECTION
GIORENZO
BODYSIZE
The Quality of Dream
Giorenzo
GIORENZO တံဆိပ် ကျား မ လူကြီးဝတ် ကလေးဝတ်
အင်္ကျီမျိုးစုံ ဘောင်းဘီ မိုးကာအင်္ကျီနှင့် အနွေးထည်များကို အမြို့မြို့အနယ်နယ်ရှိ စတိုးဆိုင်များ Super Market များတွင် ဝယ်ယူရရှိနိုင်ပါသည်။

NEW FASHION
i-MAX
COLLECTION
MY STYLE // MY DREAM
i-MAX
COLLECTION
i-MAX
SUPER MARKET

ဘဏ္ဍာရေးကဏ္ဍ

ဘဏ်လုပ်ငန်း ပိုပြီးအာရုံစိုက်ပြုပြင်ဖို့ လိုအပ်လာ

ဖစ်တိုးဦးယာဘာရှစ်

မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းကို အသေးစိပ် ပြုပြင်ပြောင်းလဲမှုတွေလမ်ဖို့ ခြေလမ်းနေချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ အခန်းကဏ္ဍဟာ ပိုပိုပြီး အာရုံစိုက်ခံရတဲ့အခြေအနေကို ရောက်ရှိလာပါတယ်။

ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ရှေ့ဆက်ဖြစ်ထွန်းအောင် လုပ်ဆောင်ဖို့နဲ့ စီးပွားရေးအစဉ်တစိုက်တိုးတက်ဖြစ်ထွန်းမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် ခိုင်ခံ့တဲ့ ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍတစ်ခုတည်ရှိဖို့လိုအပ်ကြောင်း စီးပွားရေးကျွမ်းကျင်သူတွေက ပြောကြားပြီး ဝင်လာမယ့် နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတွေကို အထောက်အကူပြုနိုင်ဖို့လည်း မြန်မာ့ဘဏ္ဍာရေးလုပ်ငန်းတွေကို ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာအောင်ပြုဖို့ လိုအပ်ပါတယ်။

မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍအကြောင်းတွေ မတော်တော်လေး ရေးသားခဲ့သူ ဩစတြေးလျ စီးပွားရေးပညာရှင် ဒေါက်တာ ရှောင်တာနဲလ်က နိုင်ငံရပ်ခြားဘဏ်များအနေပြင့် မြန်မာကုမ္ပဏီကြီးတွေနဲ့ ကျန်ကမ္ဘာ့နိုင်ငံတွေက လုပ်ငန်းကြီးတွေအကြား 'မရှိမဖြစ်လိုအပ်တဲ့ ပေါင်းကူးတံတား'နေရာကို ယူကြမှာဖြစ်ကြောင်း ပြောကြားပြီး နိုင်ငံရပ်ခြားက ဘဏ်တွေဟာ ထုတ်ကုန်နဲ့ သွင်းကုန်လုပ်ငန်းတွေနဲ့ အခြားသူတွေအတွက် အခွင့်အလမ်းတွေ အများအပြားပိုမိုလမ်းပွင့်စေမှာဖြစ်တယ်လို့ ပြောကြားထားဝါတယ်။

ရန်ကုန်မြို့ရှိ ကမ္ဘောဇဘဏ်တွင် အပ်ငွေများကို လက်ခံပေးနေစဉ်။ ဓာတ်ပုံ - အောင်ထက်

၎င်းက "နိုင်ငံခြားဘဏ်တွေက ခေတ်သစ်စီးပွားရေးနည်းပညာနဲ့ လုပ်နည်းလုပ်ဟန်တွေကို ပြည်တွင်းသို့ တိုက်ရိုက်ဆောင်ယူလာပြီး မိတ်ဆက်ပေးကြမှာဖြစ်တဲ့အပြင် ၎င်းတို့က အတွေ့အမြင်သစ်ရှိတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေကို အဆင့်အတန်းပိုမိုမြင့်မားလာအောင် အားပေးအားမြှောက်လုပ်ဆောင်ပေးမှာဖြစ်ပါတယ်"လို့ ဆိုပါတယ်။ မြန်မာပြည်တွင်းဘဏ်လုပ်ငန်းစနစ် ကျယ်ကျယ်ပြန့်ပြန့်ပြုပြင်ပြောင်းလဲမှုနဲ့ အားဖြည့်လုပ်ဆောင်ပေးဖို့လိုအပ်နေပြီး အထူးသပြင့် ကျေးလက်ဒေသတွင်ဖြစ်ပါတယ်လို့လည်းဆက်လက်ပြောကြားသွားပါတယ်။

မြန်မာပြည်ရဲ့ အနာဂတ်တိုးတက်အောင်မြင်မှုမှာ မြန်မာ့ပြည်တွင်းဘဏ်တွေဟာ အရေးကြီးကဏ္ဍမှ ပါဝင်လုပ်ဆောင်ကြရမှာဖြစ်တယ်လို့ ဒေါက်တာတာနဲလ်က ပြောကြားလိုက်ပြီး "ပြည်တွင်းဘဏ္ဍာရေးအဖွဲ့အစည်းကြီးများသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအရင်းအမြစ်များ မှန်ကန်စွာသုံးစွဲနိုင်ရေးတွင် အဓိကကျသော တွန်းအားပေးမှုများ၊ စည်းရုံးသွေးဆောင်သူများနှင့် နေရာသတ်မှတ်ပေးသူများဖြစ်ရန် လိုအပ်ကြောင်းလည်း ပြောကြားသွားပါတယ်။

သို့သော် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုတစ်စတစ်ရာသည် နိုင်ငံတွင်း၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ဆိုင်ရာရလဒ်၊ ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေပြဋ္ဌာန်းမှုတွေနဲ့ မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားတိုင်းပြည်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိတ်ပင်ကန့်သတ်ထားမြင်းရှိမရှိဆိုသော အချက်တွေပေါ်မှာ မူတည်လျက်ရှိပါတယ်။

ကမ္ဘာ့ဘဏ်လုပ်ဝန်းအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ လွယ်လင့်တကူလုပ်ဆောင်နိုင်ရန် မြန်မာအစိုးရက မည်သည့်အစီအမံမျိုးများ လုပ်ဆောင်ထားမည်ဆိုသည့်အချက်နှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများအား မြန်မာနိုင်ငံတွင်း၌ လုပ်ငန်းလုပ်ဆောင်စေရန် မည်သည့်မက်လုံးမျိုးများပေးပြီး အခြားတစ်ဖက်တွင် မြန်မာပြည်တွင်းဘဏ်များအား နိုင်ငံခြားဘဏ်ကြီးများ၏ ငွေကြေးအင်အားကြီးမားမှုဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်းတို့အကြား မည်သို့ချိန်ခွင်ညှာညီမျှအောင် လုပ်ဆောင်မည်ဆိုသည်ကို ဆွေးနွေးလျက်ရှိကြပါတယ်။

ဘဏ်လုပ်ငန်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက လတ်တလောရလဒ်အဖြစ် ပြည်တွင်းဘဏ်များအတွက် ရေရှည်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်က ပြောကြားထားပါတယ်။

"ဒီလို နိုင်ငံရပ်ခြားဘဏ်ကြီးတွေ ရင်းနှီးမြှုပ်နှံမှုကြောင့် ရေရှည်မှာ ကျွန်တော်တို့တွေ ဖိပြီး လုပ်ငန်းကျွမ်းကျင်လာကြမယ့် အကျိုးကျေးဇူးတွေ ရရှိကြမှာဖြစ်ပါတယ်။ သို့သော် လောလောဆယ်မှာတော့ ဘဏ်လုပ်ငန်းတချို့အနေဖြင့် နိုင်ငံခြားဘဏ်တွေနဲ့ ယှဉ်ပြိုင်ကြရမှာမို့ အခက်အခဲတွေ့ကြမှာပြစ်ပါတယ်"လို့ သူက ပြောကြားသွားပါတယ်။

"ဘဏ်လုပ်ငန်း ရေရှည်အကျိုးအမြတ်ရလာဖို့ ပြည့်တွင်းဘဏ်လုပ်ငန်းအားပေးမြှင့်တင်ဖို့ အရေးကြီးပါတယ်။ ဒါပေမယ့် ရေတိုမှာ မျှတစွာယှဉ်ပြိုင်မှုနဲ့ နည်းပညာသစ်တွေ အသုံးချနိုင်မှုတွေဟာ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းအတွက် အကောင်းဆုံးဆေးဝါးတွေပါပဲ"ဟု ဒေသတွင်းမှ သုတေသနကုမ္ပဏီ Thura Swis ရဲ့ အမှုဆောင်အရာရှိချုပ် ဒေါက်တာအောင်သူရက ပြောတယ်။

ပြည်ပဘဏ်တွေကို အကန့်အသတ်နဲ့ပဲ လုပ်ရှားလုပ်ကိုင်ခွင့်ပြုရင် ပြည်တွင်းဘဏ်တွေကို အကာအကွယ်ပေးရာ ရောက်ပြီး တိုးတက်အောင်လုပ်ဖို့ အချိန်ရစေနိုင်ပါမယ်။ လက်ရှိမှာတော့ ပြည်ပဘဏ်တွေနဲ့ ရာနှုန်းပြည့် ယှဉ်ပြိုင်နိုင်ဖို့က စောလွန်းပါသေးတယ်။

အစိုးရအနေနဲ့ ပြည်တွင်းဘဏ်တွေ အလှမ်းမမီသေးတဲ့ကဏ္ဍတွေမှာပဲ ပြည်ပဘဏ်တွေရဲ့ အကူအညီရယူဖို့ လုပ်ဆောင်သင့်ပါတယ်။ ဥပမာ-လက်လီဘဏ်လုပ်ငန်းလိုဟာမျိုးကို ပြည်တွင်းဘဏ်တွေအတွက် ထားသင့်ပါတယ်" ဟု ဒေါက်တာအောင်သူရ ပြောတယ်။

"အစိုးရအနေနဲ့ ပြည်ပဘဏ်တွေကို ခွင့်ပြုမိန့်ပေးရာမှာ တစ်ဆင့်ပြီးတစ်ဆင့် ပေးသင့်တယ်၊ လက်လီဘဏ်လုပ်ငန်း ဈေးကွက်ကို ပြည်တွင်း "တစ်ဘက်မှာ ဂလိုဘယ်ဘဏ်လုပ်ငန်းတွေ ဥပမာ-ရင်းနှီးမြှုပ်နှံမှုနဲ့ အရင်းအနှီးဈေးကွက်တွေမှာ ပြည်တွင်းဘဏ်တွေမှာ ကျွမ်းကျင်မှု၊ နိုင်ငံတကာ ကွန်ရက်အဆက်သွယ်နဲ့ အဖွဲ့အစည်းတွေ မရှိသေးဘူး ပြည်ပဘဏ်တွေနဲ့ ဖက်စပ်လုပ်ငန်းမျိုး ခွင့်ပြုနိုင်ပါတယ်။

ရင်းနှီးမြှုပ်နှံမှု ပုံစံအမျိုးမျိုးတင်ပြထားတယ်။ Offshare banking mould, ဖက်စပ်လုပ်ငန်းနဲ့ ဗျူဟာ ပူးတွဲလုပ်ကိုင်မှုတွေမှာ ပြည်ပနဲ့ ပြည်တွင်းဘဏ်တွေ ၅၀/၅၀ သဘောတူညီချက်မျိုးဟာ ရင်းနှီးမြှုပ်နှံဖို့ မက်လုံးတွေပါပဲ။

ဘဏ်လုပ်ငန်းပညာမှာ မြန်မာဟာ နှစ်ပေါင်းများစွာ နောက်ကျကျန်ခဲ့ပြီး ဒါကြောင့်ပြည်ပဘဏ်တွေဆီက အရင်းအနှီးနဲ့ နည်းပညာတွေလိုတယ်၊ ပြည်ပက ရှယ်ယာအများစုကို မရရင် သူတို့က ကျေနပ်ကြမှာ မဟုတ်ပါဘူး"

ဒါပေမယ့် ပြည်ပနဲ့ ဖက်စပ်လုပ်ကိုင်ဖို့ကို ပြည်တွင်းက ဘဏ်တွေအားလုံးကတော့ သိပ်စိတ်ထက်သန်ကြမှာမဟုတ်ဘူး။ တချို့က သူတို့ရဲ့ ထိန်းချုပ်မှုလျော့သွားမှာ စိုးနေကြလိမ့်မယ်။

အပြန်အလှန်ပါပဲ၊ ပြည်ပဘဏ်တွေကလည်း ပြည်တွင်းနဲ့ ဖက်စပ်လုပ်ဖို့ထက် ဘဏ်လုပ်ငန်းလုံးပ လွတ်လပ်လာတဲ့အထိ စောင့်ချင်ကြမှာလည်း ရှိနိုင်တယ်။

ဒါကြောင့်ဖြည့်တွင်းဘဏ်တွေနဲ့ ဖက်စပ်လုပ်မယ့်အစား ပြည်တွင်းဘဏ်တွေနဲ့ ဘဏ်သစ်တွေ စမ်းဖွင့်တာမျိုး လုပ်နိုင်ပါတယ်လို့ သူက အကြံပြုခဲ့ပါတယ်။

ဘဏ်လုပ်ငန်းလုပ်ကိုင်မယ့် ပြည်ပကုမ္ပဏီတွေမြန်မာနိုင်ငံကို လာရောက်တာဟာ ပြည်တွင်းဘဏ်တွေရဲ့ လုပ်ဝန်းတိုးချဲ့ရေးအတွက် ကူညီဖြည့်ဆည်းဖို့သာဖြစ်သင့်တယ်။ တိုက်ရိုက်ယှဉ်ပြိုင်ခြင်းမျိုး မပြစ်သင့်ဘူး။

မြန်မာနိုင်ငံမှာ တာဝန်ယူလုပ်ကိုင်နေကြတဲ့ ပြည်ပဘဏ်တွေရဲ့ ဆောင်ရွက်မှုနယ်ပယ်ကို ထင်သာမြင်သာဖြစ်နေစေဖို့လည်း ပိုပြီးလိုအပ်ပါတယ်လို့ ဒေါက်တာမွန်တီဆာနီက ဆိုတယ်။

"မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက်သာ ပြည်ပဘဏ်တွေကို မြန်မာနိုင်ငံထဲမှာ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပေးသင့်ပါတယ်"လို့လည်း သူက ပြောပါတယ်။

"ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ပြည်ပဘဏ်တွေရဲ့ ဆောင်ရွက်မှုအားလုံးဟာ မြန်မာ့ဘဏ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုပဲ ဦးစားပေးကြရမှာဖြစ်ပါတယ်"လို့လည်း ဆိုပါတယ်။

ပြည်ပကုမ္ပဏီတွေရဲ့ အခွင့်အလမ်းကို ဥပဒေစည်းကမ်းတွေနဲ့ ထိန်းချုပ်ဖို့အတွက်ချည်း မဟုတ်ပါဘူး။ ဒီနည်းနဲ့ ပြည်တွင်းဘဏ်တွေကို အချိန်တိုတိုနဲ့ ကာကွယ်ပေးထားနိုင်တာနဲ့အမျှ မြန်မာနိုင်ငံဘဏ်လုပ်ငန်းလည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်လို့ ဒေါက်တာတာနဲလ်က ဆိုတယ်။

"ပြည်ပကုမ္ပဏီတွေရဲ့ အခွင့်အလမ်းကို စည်းကမ်းဥပဒေတွေနဲ့ ထိန်းကျောင်းမယ့်အစား မြန်မာနိုင်ငံအနေနဲ့ ဘဏ်လုပ်ငန်းကဏ္ဍကို ပူးပေါင်းလုပ်ကိုင်ခွင့်ပေးနိုင်ပါတယ်။ ပြီးမှ အကောင်းဆုံးဖြစ်တဲ့နည်းကို ရွေးချယ်နိုင်ပါတယ်"လို့လည်း တာနဲလ်က ဆိုတယ်။ မြန်မာနိုင်ငံမှာ ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ နည်းနာနိဿယတွေ ရယူအသုံးပြုဖို့ အထူးလိုအပ်နေကြောင်း၊ ချည့်နဲ့နေတဲ့ဘဏ်လုပ်ငန်းကို အားဖြည့်ပေးမယ့် ရင်းနှီးငွေတွေ လိုအပ်နေတယ်လို့လည်း သူက ပြောပါတယ်။

သူက "ဖက်စပ်ဘဏ်လုပ်ငန်းပဲဖြစ်ဖြစ်၊ နိုင်ငံခြားဘဏ်လုပ်ငန်းသက်သက်ပဲဖြစ်ဖြစ်၊ နှစ်မျိုးစလုံး လုပ်ကိုင်ခွင့် ပြုသင့်တာချည်းပါပဲ။ ပြီးမှ မြန်မာ့ဘဏ်တွေလက်ထဲ ပြန်အပ်ပြီး ဘယ်နည်းက မြန်မာတွေအတွက် အကောင်းဆုံးဖြစ်မယ်ဆိုတာကို ဆုံးဖြတ်ပါစေ"လို့ဆိုပါတယ်။

မြန်မာ့ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှုကို စောင့်ကြည့်အကဲခတ်နေတယ်လို့ တစ်ပေးခဲ့ရတဲ့ ဘဏ်ကြီးတွေစာရင်းမှာ စင်ကာပူဘဏ်တွေဖြစ်တဲ့ (ဒီဘီအက်စ်ဘဏ်၊ ယူနီယံအိုဗာဆီးစ်ဘဏ်)နဲ့ Overseas Chinese Banking Corporation တို့ ပါပင်တဲ့အပြင် အမျိုးသားပါဒ်များလက်ထဲ ကျရောက်တဲ့ကာလ (၁၉၆၂) မတိုင်မီက နိုင်ငံရှေ့ဆောင်ဘဏ် ဖြစ်ခဲ့တဲ့ ယူကေနိုင်ငံရဲ့ Standard Chartered ဘဏ်ကြီးဟာလည်း မြန်မာနိုင်ငံကို လာရောက်လုပ်ကိုင်မယ့် ပထမဆုံး အနောက်နိုင်ငံဘဏ်တစ်ခုဖြစ်နိုင်ဖို့ အလားအလာရှိနေတယ်လို့ ဒေါက်တာတာနဲလ်က ပြောပါတယ်။

ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေမှာ အထူးတလည်နာမည်ကောင်းရနေတဲ့ ဩစတြေးလျ နိုင်ငံအခြေစိုက် အေအင်ဇက်ဘဏ်ကလည်း မြန်မာနိုင်ငံမှာ လာရောက်ဖွင့်လှစ်လုပ်ကိုင်ဖို့ စိတ်ဝင်စားတယ်လို့ ကြေညာထားပါတယ်"လို့ အေအင်ဇက်မှ အာရှဒေသဆိုင်ရာ အမှုဆောင်အရာရှိချုပ် ဝေးလ်ဝလန်တဲက ဆိုပါ တယ်။

စင်အောင်နှင့် အောင်သာလင်း ဘာသာပြန်သည်။ ■

> အကန့်အသတ်နဲ့ပဲ လုပ်ရှားလုပ်ကိုင်ခွင့်ပြုရင် ပြည်တွင်းဘဏ်တွေကို အကာအကွယ်ပေးရာရောက်ပြီး တိုးတက်အောင်လုပ်ဖို့ အချိန်ရစေနိုင်ပါမယ်၊ လက်ရှိမှာတော့ ပြည်ပဘဏ်တွေနဲ့ ရာနှုန်းပြည့် . . .

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း ရွှေကျင်လုပ်ငန်းခွင် တစ်ခုတွင် အလုပ်သမားများ ရွှေကျင်နေကြစဉ်။ **ဓာတ်ပုံ – မြန်မာတိုင်း(မ်)**

စီးပွားရေးနာလန်ထူနိုင်ဖို့ လမ်းသစ်ကို သွားနေတဲ့ ခြေလှမ်းတချို့

ကမ္ဘာ့စီးပွားရေးဟာ အခက်အခဲတွေနဲ့ ကြုံတွေ့နေကျပါ။ ပုံမှန်အားဖြင့် အကျဖက်ဦးတည်တဲ့ စီးပွားရေးအခြေအနေမျိုးကိုပိုပြီး နေသားတကျ ပြီးသွားပါ။

ဒါပေမယ့် ပြီးခဲ့တဲ့နှစ်က ပေါ်ပေါက်လာတဲ့ စီးပွားရေးအတက်ဖက်ကတော့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းပေးတာတွေပဲ ဖြစ်ပါတယ်။

မြန်မာအစိုးရသစ်ရဲ့ အံ့သြလောက်ဖွယ်ပြုပြင်ပြောင်းလဲမှုတွေ၊ ဒေါ်အောင်ဆန်းစုကြည်ကို ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးတာ၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖွင့်ပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က မြန်မာအစိုးရကို တောင်းဆိုခဲ့တာတွေဟာ မြန်မာနိုင်ငံရဲ့ မကြာသေးခင်က ပေါ်ပေါက်လာခဲ့တဲ့ အပြောင်းအလဲတွေပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲ နိုင်ငံသစ်တွေနဲ့ တခြားအနောက်နိုင်ငံတွေဟာ စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းခဲ့ပြီး အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံနဲ့ ကူးသန်းရောင်းဝယ်ကြဖို့၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြဖို့ ကြိုးပမ်းမှုတွေ(အစမ်းသဘော)ပြုလုပ်ခဲ့ပြီးကတည်းက မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ခဲ့တဲ့ ပထမဦးဆုံးပြည်ပနိုင်ငံရေးသမားတွေထဲမှာ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဘော့ဘ်ကားလည်း တစ်ဦးအပါအဝင် ဖြစ်ပါတယ်။

ဒါပေမယ့် စီးပွားရေးပိတ်ဆို့မှုရဲ့ ထိခိုက်မှုတွေက ဘာတွေလဲ၊ ဒီပိတ်ဆို့မှုတွေ ရုပ်သိမ်းလိုက်တဲ့အခါ စီးပွားရေးအရ ဘာတွေဖြစ်လာမှာလဲ။ တောင်အာဖရိက၊ အမှုဇင်ဘာဘွေနိုင်ငံဖြစ်တဲ့ တောင်ပိုင်း ရိုဒီးရှား၊ ကျူးဘား၊ ဖီဂျီနဲ့ အခုမြန်မာနိုင်ငံက စီးပွားရေးပိတ်ဆို့မှုတွေကို ကြည့်လိုက်ရင် စီးပွားရေးဆိုင်ရာလက္ခဏာတွေကို အမျိုးမျိုးတွေ့ရပါတယ်။

တောင်အာဖရိကမှာ Chase နဲ့ Barclays တို့လို အဓိကလုပ်ငန်းကြီးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကို လျှော့ချလိုက်ခြင်းဟာ စီးပွားရေးပိတ်ဆို့မှုထက် ထိရောက်တာကို တွေ့ရပေမယ့်လည်း စီးပွားရေးအရ ထိခိုက်တာထက် လူမျိုးအလိုက် ခွဲခြားအုပ်ချုပ်တဲ့အစိုးရကို စိတ်ပိုင်းဆိုင်ရာအရ ပိုပြီးထိခိုက်စေခဲ့တယ်လို့ ယေးလ်တက္ကသိုလ်က စီးပွားရေးပါရဂူဖိလစ်လယ်ဗီက ပြောပါတယ်။

ကျူးဘားနဲ့တောင်ပိုင်း ရိုဒီးရှားနိုင်ငံတွေမှာတော့ စီးပွားရေးပိတ်ဆို့မှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းတွေလောက် အကျိုးသက်ရောက်မှု မဖြစ်ခဲ့ပါဘူး။ စီးပွားရေးပိတ်ဆို့မှုခံရတဲ့ နိုင်ငံတိုင်းမှာတော့ (တောင်အာဖရိကရဲ့ လူမျိုးအလိုက်သတ်မှတ်တဲ့ လုပ်အားဈေးကွက်ပြောင်းလဲသွားသလိုမျိုး) ပြည်တွင်းစီးပွားရေးမှာ ယိုယွင်းသွားတာကြောင့် ပေါ်ပေါက်လာတဲ့ ဆုံးရှုံးမှုအခြေအနေတိုင်းဟာ ပြည်ပစီးပွားရေးပိတ်ဆို့မှုတွေကြောင့် ဆုံးရှုံးသွားရတဲ့ အနေအထားမျိုးနဲ့အတူတူပဲဖြစ်နေတာကို တွေ့ရပါတယ်။

ဆိုဗီယက်ဖြည်ထောင်စုကြီးပြိုကွဲသွားရခြင်းဟာ လူဖြူလူနည်းစုအစိုးရက နယ်လ်ဆင်မင်ဒလားနဲ့ အာဖရိကအမျိုးသားကွန်ဂရက်တို့နဲ့ ဆွေးနွေးမှုတွေ စတင်လုပ်ဖြစ်သွားစေတဲ့ အဓိကအကြောင်းရင်းဖြစ်ပြီး စီးပွားရေးပိတ်ဆို့မှုရဲ့ သက်ရောက်မှုအရ တောင်အာဖရိကကို 'အထူးအခြေအနေ'တစ်ရပ် ဖြစ်သွားစေတယ်လို့ လယ်ဗီက ယူဆထားပါတယ်။

ဒါပေမယ့်မြန်မာနိုင်ငံရဲ့ အခြေအနေကရော ဘယ်လိုများဖြစ်လာလေမလဲ။ အထူးအခြေအနေ ဖြစ်လာမှာလား။ သေချာတာကတော့ ယခင်အစိုးရရဲ့ စည်းမျဉ်းတွေ၊ တစ်နိုင်ငံတည်း ထီးတည်းဖြစ်နေတာ၊ နိုင်ငံမှာ အရမ်းဆင်းရဲပြီး လူဦးရေထူထပ်တာ စတာတွေ နှစ်ရှည်လများ ကြုံတွေ့ခံစားခဲ့ရတဲ့ အနေအထားအရ မြန်မာနိုင်ငံဟာ စီးပွားရေးအရ ကုပ်ကပ်တက်ရဦးမယ့် တောင်ကန်းကြီးတွေ ရှိပါတယ်။

မြန်မာ့အရေး ကျွမ်းကျင်သူစီးပွားရေးပါမောက္ခ ရှောင်တာနဲလ်က "မြန်မာနိုင်ငံဟာ သယံဇာတပေါများကြွယ်ဝပေမယ့် စီးပွားရေးအရ ဆင်းရဲတဲ့ နိုင်ငံတစ်နိုင်ငံပါ"လို့ ပြောကြားသွားပါတယ်။

ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းတစ်ချက်ကတော့ စီးပွားရေးပိတ်ဆို့ခံရမှုကြောင့် တစ်နိုင်ငံတည်း ထီးတည်းကြီးဖြစ်နေတာကြောင့်အပြင် ပြည်ပအန္တရာယ်ကို ကာကွယ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘဲ ဖွဲ့စည်းထားတဲ့ အင်အားအများအပြားနဲ့ တည်ရှိနေတဲ့ စစ်တပ်ကြီးက ဆုပ်ကိုင်ထားတဲ့ စီးပွားရေးဆိုင်ရာ ယိုယွင်းပျက်စီးမှုတွေကြောင့်လည်းပဲ ဖြစ်ပါတယ်။

ပြည်ပက ခြိမ်းခြောက်ရန်စမှုမျိုးမရှိဘဲ မြန်မာနိုင်ငံမှာ တပ်မတော်သားအင်အား ၃၀၀,၀၀၀ ရှိတယ်လို့ တာနဲလ်က ပြောပါတယ်။ ဒီအရေအတွက်ဟာ ကင်ဘာရာမြို့ရဲ့ လူဦးရေနီးပါးရှိတယ်လို့ ဆိုပါတယ်။ ဒီအခြေအနေဟာ တောင်အာဖရိကရဲ့ လူမျိုးအလိုက်ခွဲခြားအုပ်ချုပ်တဲ့ ဗျူရိုကရေစီယန္တရားရဲ့ (လူကျင့်ဝတ်ဆိုင်ရာ ပန်ထုပ်ဝန်ပိုးသာမက) စီးပွားရေးပန်ထုပ်ပန်ပိုးကိုပါ ထမ်းထားတဲ့ အခြေအနေနဲ့ ထပ်တူကျပါတယ်။ မြန်မာနိုင်ငံမှာ ကာကွယ်ရေးဌာနက အခုလို လွှမ်းမိုးချုပ်ကိုင်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးမူဝါဒဟာ တော်တော်လေးတင်းကျပ်နေပြီး ငွေကြေးဖောင်းပွမှုဖြဿနာတွေကို ဖြစ်စေတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကိုပါ အဟန့်အတားဖြစ်သွားစေပါတယ်။

နိုင်ငံအတွက် သိပ်ပြီးလိုအပ်နေတဲ့အခြေခံအဆောက်အအုံ၊ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍတွေက အရင်းအမြစ်တွေကိုလည်း စုပ်ယူပါးမြို့ထားပြီး မြန်မာနိုင်ငံရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားနည်းသွားစေပါတယ်။ (အရည်အသွေးနိမ့်တဲ့ စစ်သားတွေအများကြီး မွေးထုတ်ထားတဲ့အတွက် လယ်သမား၊ ကျောင်းဆရာနဲ့ တခြားကျွမ်းကျင်လုပ်သားတွေ အလုံအလောက် မရှိတော့ပါဘူး။)

မြန်မာနိုင်ငံရဲ့ စီးပွားရေးကို ပုံမှန်ပြန်ဖြစ်လာစေမယ့် ပုံစံတွေ အားလုံးကို စစ်တပ်က ထိန်းချုပ်ဟန့်တားထားပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ သမ္မတဦးသိန်းစိန်ဟာ ဒီမိုကရေစီလမ်းကြောင်းကို သွားနေတဲ့အချိန်မှာ အပြောင်းအလဲတချို့ ဖော်ဆောင်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးအရ အခုချက်ချင်းပြောင်းလဲနိုင်အောင် ဘာတွေများ လုပ်နိုင်မလဲ။ ကမ္ဘာလှည့်ခရီးသွားတွေအတွက် ဆိုက်ရောက်ဗီဇာတွေ ထုတ်ပေးတာ၊ ပိုကန်ခွန်မတွေနဲ့ တင်သွင်းကုန်လိုင်စင်တွေ ရုပ်သိမ်းပေးတာ၊ လယ်သမားတွေကို ငွေချေးလို့ရအောင် ဘဏ်တွေကို ခွင့်ပြုပေးလိုက်တာနဲ့ အတိုးနှုန်းကန့်သတ်ချက်တွေနဲ့ တခြားဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းတွေကို လျှော့ပေါ့ပေးတာစတဲ့ အပြောင်းအလဲတွေရှိလာပါတယ်လို့ တာနဲလ်က ပြောပါတယ်။

ဒါပေမယ့် အားလုံးခြုံပြီးစဉ်းစားလိုက်ရင် စီးပွားရေးတိုးတက်မှုဟာ လယ်ယာလုပ်ငန်းကဏ္ဍနဲ့ သဘာဝသယံဇာတတွေကနေ ထွက်ပေါ်လာရမှာဖြစ်ပြီး စီးပွားရေးတိုးတက်လာစေမယ့် အလားအလာပြောပလောက်အောင်မရှိတဲ့ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလို နယ်ပယ်တွေမှာလည်း ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဖို့လည်း လိုပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံနာလန်ပြန်ထူလာရေးမှာ ဩစတြေးလျနိုင်ငံက အရေးကြီးတဲ့ ကဏ္ဍက ပါဝင်နိုင်မလား။ မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် သွားနိုင်စေရေးနဲ့ စီးပွားရေးအလားအလာတွေ ရေရှည်တည်တံ့ကောင်းမွန်စေရေးမှာ ဩစတြေးလျနိုင်ငံဟာ အရေးပါတဲ့ နေရာကနေ ပါဝင်လိုပြီး အရေးပါတဲ့နေရာကနေ ပါဝင်နိုင်စွမ်းရှိကြောင်းကို ဘော့ဘ်ကားက ဒေါ်အောင်ဆန်းစုကြည်ကို အခိုင်အမာကတိပေးထားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ လူဦးရေသန်း ၆၀ လောက်အတွက် ကားလမ်း၊ မီးရထားလမ်း၊ ဆိပ်ကမ်းတွေနဲ့ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ လိုအပ်နေတာကြောင့် ဩစတြေးလျနိုင်ငံဟာ အရေးပါတဲ့ ကဏ္ဍကနေ ပါဝင်နိုင်ပါတယ်။ ဘီအိပ်ချ်ပီဘစ်လ်တန်ဟာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍတိုးတက်ရေးအတွက် အကူအညီပေးနိုင်တဲ့အပြင် အေအင်န်ဇက်ကလည်း သူ့ရဲ့ Pan Asian ဘဏ်လုပ်ငန်းဆိုင်ရာ မဟာဗျူဟာကို ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ပေးထားသလိုပဲ မြန်မာနိုင်ငံကိုလည်း ပေးနိုင်မှာပါတယ်။ ဒါ့ပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဩစတြေးလျနိုင်ငံက ပညာရေးဌာနတွေကလည်း အကူအညီ ပေးနိုင်ပါတယ်။

ဒါပေမယ့် ဩစတြေးလျနိုင်ငံရဲ့ သိသာတဲ့ အကျိုးအမြတ်အပေးနိုင်ဆုံးကဏ္ဍဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပြင် ပညာရေးနဲ့ ခရီးသွားလုပ်ငန်းမှာ ကျွမ်းကျင်မှုတွေကလည်း အလားအလာကောင်းတွေ ဖန်တီးပေးနိုင်တယ်ဆိုတာဟာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မဲခေါင်မြစ်ဝှမ်းဒေသက နိုင်ငံတွေ စီးပွားရေးတိုးတက်လာအောင် ကျွန်တော်တို့ကူညီပေးခဲ့တဲ့အတိုင်း မြန်မာနိုင်ငံရဲ့ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာမှာလည်း အကူအညီပေးဖို့ အဆင်သင့်ပဲလို့ ဆိုလိုတာပါ။

၁၉၆၀ ပြည့်လွန်နှစ်တွေကတည်းက မြန်မာနိုင်ငံဟာ စီးပွားရေး၊ နိုင်ငံရေးနဲ့ စိတ်ပိုင်းဆိုင်ရာတွေအရ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေကနေ ပြန်လည်လွတ်မြောက်လာဖို့အတွက် အချိန်တွေအများကြီး ယူရဦးမှာပါ။ ဒါပေမယ့် စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့ပေးနေတာတွေ၊ ဩစတြေးလျနိုင်ငံအပါအဝင် ပို့ကုန်တင်ပို့တဲ့ နိုင်ငံတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ (အပြုသဘောဆောင်တဲ့) တုံ့ပြန်မှုတွေကိုတော့ မြန်မာနိုင်ငံ မြန်လည်နာလန်ထူလာနိုင်စေဖို့ လမ်းသစ်ကို သွားနေတဲ့ ခြေလှမ်းတချို့လို့ ပြောနိုင်ပါတယ်။

သီရိမင်းထွန်းဘာသာပြန်သည်။ ■

> ခြိမ်းခြောက်ရန်စမှုမျိုးမရှိဘဲ မြန်မာနိုင်ငံမှာ တပ်မတော်သားအင်အား ၃၀၀,၀၀၀ ရှိတယ်လို့ တာနဲလ်က ပြောပါတယ်။ ဒီအရေအတွက်ဟာ ကင်ဘာရာမြို့ရဲ့ လူဦးရေနီးပါးရှိတယ်လို့ . . .

(တင်မိဟားကုတ်သည် ဆစ်ဒ်နီရှိ စီးပွားရေး တက္ကသိုလ် ဘောဂဗေဒဌာနအုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး The Airport Economist **မှ စာရေးဆရာတစ်ဦးလည်း ဖြစ်ပါတယ်။** (www.theairporteconomist.com)

အိမ်ခြံမြေကဏ္ဍ

မြေဈေးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဟန့်တားနေ

ဖစ်တိုးဂျီးယား ဘရုစ်

ဓာတ်ပုံ - မြန်မာတိုင်း(မ်)

မြန်မာ့အိမ်ရာကဏ္ဍထဲ တသောသောဝင်ရောက်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ အရှေ့တောင်အာရှရဲ့ နောက်ဆုံး လူသိပ်မသိတဲ့နေရာဖြစ်တဲ့ မြန်မာနိုင်ငံမှာ မြေနေရာပယ်ယူမှုဟာ တန်ပိုးအလွန်များလှတဲ့ လှုပ်ရှားမှုတစ်ခုဖြစ်တယ်ဆိုတာ တွေ့ရှိလာကြ ပါတယ်။

ပြီးတော့ မြန်မာနိုင်ငံက မြေနေရာတွေအပေါ် စိတ်ပင်စားမှုတွေ တဟုန်ထိုး တိုးပွားလာပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ မြေဝယ်ဖို့အတွက် သူတို့ငွေတွေ သုံးပစ်ဖို့ကိုတော့ သိပ်စိတ်အားထက်သန်မှု မရှိလှတာကို တွေ့ရပါတယ်။

သမိုင်းအစဉ်အလာအတိုင်းဆိုရင်တော့ အဓိကအားဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေမှာ ကန့်သတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းတွေရနိုင်တဲ့အတွက်ကြောင့် အိမ်ခြံမြေဆိုတာ ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေအတွက် သတိုစုဆောင်းထားသမျှ ပိုင်ဆိုင်မှုတွေ မြှုပ်ထားနိုင်တဲ့ အလုံခြုံဆုံးနေရာတစ်ခုအဖြစ် မြင်တွေ့ရတတ်ပါတယ်။

ဒါပေမယ့် ယနေ့တိုင်းပြည်ရဲ့ထိုးတက်လာနေတဲ့ မြေဈေးတွေဟာ နည်းစနစ်မရှိတဲ့ သမိုင်းအစဉ်အလာရဲ့ ကျားကန်ပေးထားမှုနဲ့ တရစပ်တက်နေတာကို မြင်တွေ့နိုင်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို လမ်းဖွင့်ပေးခဲ့တဲ့အတွက်ကြောင့် ရန်ကုန်၊ မန္တလေးလို အဓိကမြို့ကြီးတွေမှာ မြေနေရာ ပယ်လိုအားတွေတက်လာပြီး မြေဈေးဖောင်းပွမှု ဖြစ်ပေါ်နိုင်မယ်ဆိုတဲ့ ပညာရှင်အချို့ရဲ့ သတိပေးချက်တွေနဲ့အတူ မြေဈေးတွေ ထိုးတက်လာတာကို တွေ့ရပါတယ်။

“တိုကျိုမှာ မြေဝယ်ဖို့က ပိုပြီး ဈေးသက်သာတယ်”လို့ ရန်ကုန်မြို့အစွန်က မြေလွတ်တစ်ခုမှာ မြေကွက်တစ်ကွက်အတွက် စတုရန်းမီတာတစ်မီတာကို အမေရိကန်ဒေါ်လာ ၁,ပ၀၀ ဈေးရှိတယ်လို့ဆိုတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတစ်ဦးက ပြောပါတယ်။

မြန်မာ့မြေဈေးဟာ တည်ငြိမ်မှုမရှိဘဲ ရင်းနှီးငွေအပေါ် အမြတ်အစွန်းနှုန်းစတဲ့ အယူအဆတွေနဲ့ ဈေးကွက်ဗဟုသုတမရှိတဲ့အတွက်ကြောင့် မကြာခဏဆိုသလို ဈေးအဆမတန်မြောက်တက်လာတာလို့ ထိုင်းနိုင်ငံအခြေစိုက် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းကြီးတစ်ခုဖြစ်တဲ့ ကော်လီယာအင်တာနေရှင်နယ်က သုတေသနဌာန တွဲဖက်ညွှန်ကြားရေးမှူး တိုနီပီကွန်းက ပြောပါတယ်။

“မြေဈေးမြင့်နေတာဟာ မြဿနာကြီးတစ်ခုဖြစ်လာနိုင်တယ်”လို့ မစ္စတာပီကွန်းက ဆိုပါတယ်။

“မြန်မာနိုင်ငံမှာ မြေတန်ဖိုးဖြတ်စနစ် တစ်ခုမရှိတဲ့အတွက် ဈေးနှုန်းဟာ အတက်ကော အကျကော နှစ်မျိုးစလုံး ပြောင်းလဲလာနိုင်တယ်”လို့ သူက ပြောပါတယ်။

“စိတ်ချရတဲ့မြေဈေးနှုန်းတစ်ခု မြစ်ပေါ်လာဖို့ အချိန်ယူရလိမ့်မယ်။ ဒါကြောင့် ဒီအတောအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ ဈေးနှုန်းတွေကျလာအောင် တွန်းအားပေးဖို့၊ ဒါမှမဟုတ် မဝယ်သေးဘဲ ဒီအတိုင်းနေသင့်တယ်”လို့ မစ္စတာပီကွန်းက ဆိုပါတယ်။

ရန်ကုန်က အဓိကအကွက်အကွင်း နေရာတွေက မြေလွတ်တွေရဲ့ ခေါင်ခိုက်နေတဲ့ ဈေးနှုန်းတွေဟာ တစ်စတုရန်းမီတာကို အမေရိကန်ဒေါ်လာ ၃,၀၀၀ ကနေ ၄,၀၀၀ အထိ ရောက်လာနေတယ်လို့ မစ္စတာပီကွန်းကပြောပြီး ဒီလို ယုတ္တိမတန်တဲ့ မြေဈေးနှုန်းတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်စေနိုင်တယ်လို့လည်း သူက သတိပေးပြောမြဲခဲ့ပါတယ်။

အိမ်ရာမြေတွေထဲ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေ နင်းကန်ဝင်လာတာကြောင့် မြစ်ပေါ်လာတဲ့ မြန်မာ့မြေဈေးနှုန်းမြင့်တက်မှုတွေဟာ ၁၉၈ပပြည့်နှစ်များ နှောင်းပိုင်းကာလအတွင်းက ဗီယက်နမ်ရဲ့အဖြစ်မျိုးကို မြင်ယောင်မိစေတယ်လို့ လန်ဒန်အခြေစိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Cube Capital မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ Cube Capital ကုမ္ပဏီဟာ လတ်တလောမှာ အိမ်ခြံမြေနဲ့ မြေယာရင်းနှီးမြှုပ်နှံမှုတွေအတွက် သီးသန့်ရည်ရွယ်ထားတဲ့ မြန်မာနိုင်ငံမှာ အဓိကရန်ပုံငွေတစ်ရပ် ထူထောင်ထားပါတယ်။

“ဒေသတွင်း ဈေးကွက်တွေကိုကြည့်မယ်ဆိုရင် မြေယာပိုင်ဆိုင်မှုတော်တော်များများဟာ အတော်လေး ဈေးမြင့်လွန်းတာကို ကျွန်မတို့မြင်တွေ့ရပါတယ်။ ဒါဟာ အဓိကအားဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေဟာ ကန့်သတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းတွေက တစ်ဆင့် နှစ်ပေါင်းများစွာ လုပ်ကိုင်နိုင်ခဲ့တဲ့အတွက်ကြောင့်ပါပဲ”လို့ Cube Capital ရဲ့ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး မက်ဝ်လီနာ ပက်ကီးဗားက အီးမေးလ်ကတစ်ဆင့် မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

မြန်မာဟာ အလားအလာအခွင့်အကောင်းကြီးတွေရှိနေပေမယ့်လည်း မြေယာပိုင်ဆိုင်ခွင့်ကဲ့သို့ တိကျသေချာမှုမရှိတဲ့ ဥပဒေရေးရာစနစ်တွေနဲ့ ဆက်စပ်နေတဲ့ မြေဈေးနှုန်းမြင့်မားမှုတွေဟာ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို လက်တွန့်နိုင်စေပါတယ်လို့ မစ္စပက်ကီးဗားက ပြောပါတယ်။

“မြေယာပိုင်ဆိုင်မှု စည်းမျဉ်းဥပဒေတွေအမြင် ခေါ်ဈေးနဲ့ဝယ်လိုအားကြား လတ်တလောဈေးနှုန်းမဆီမငေါ်ဖြစ်မှုတွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက် အဓိကရှိနေတဲ့ အဟန့်အတားပါပဲ”လို့ မစ္စပက်ကီးဗားကပြောပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ ဥပဒေတွေအရ နိုင်ငံခြားသား တစ်ဦးချင်းသို့မဟုတ် ကုမ္ပဏီတွေဟာ မြေပိုင်ဆိုင်ခွင့်မရှိပေမယ့် အစိုးရသို့မဟုတ် ပုဂ္ဂလိကကဏ္ဍတွေကနေ နှစ်သုံးဆယ်စာ ငှားရမ်းနိုင်ပြီး ၁၅ နှစ် နှစ်ခါ သက်တမ်းတိုးနိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။ အရင်ကဆိုရင်တော့ နိုင်ငံခြားသားတွေဟာ အစိုးရဆီကသာ မြေငှားရမ်းနိုင်ကြတာပါ။

မြေဈေးနှုန်းမြင့်တက်မှုဟာ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ အိမ်ခြံမြေလုပ်ငန်းတွေလိုမျိုး မြေနေရာလွတ်များများသုံးရတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အမြတ်အစွန်းမကျန်အောင်လုပ်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုလည်း အကျိုးယုတ်စေနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သတိပေးထားပါတယ်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့၊ ခရီးသွားလုပ်ငန်းတို့၊ အိမ်ခြံမြေလုပ်ငန်းတို့ဆိုတာ မြန်မာနိုင်ငံကလူတွေအတွက် အလုပ်အကိုင်အခွင့်လမ်းအများကြီးကို ဖန်တီးပေးနိုင်တဲ့ လုပ်ငန်းမျိုးတွေဖြစ်ပါတယ်။

ရန်ကုန်အခြေစိုက် ဥပဒေလုပ်ငန်း P&A Asia မှ တွဲဖက်ညွှန်ကြားရေးမှူး အလီစီရိုပိုလာစထရိက မြေဈေးနှုန်း မြင့်တက်မှုတွေက စီးပွားရေးဆိုင်ရာ သဘောတူညီမှုတွေကို ကျိုးပျက်စေတဲ့ အရာတစ်ခုဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ အထူးသဖြင့် အိမ်ခြံမြေလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကသူတွေအတွက် အဓိကစိုးရိမ်မှုတစ်ခုဖြစ်ပါတယ်လို့ ဆိုပါတယ်။

“စိတ်မကောင်းစရာက ဒီလိုဈေးနှုန်းမြင့်တက်မှုတွေဟာ အိမ်ခြံမြေလုပ်ငန်းတင်မက ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေထဲက ရင်းနှီးမြှုပ်နှံသူတွေကို နိုင်ငံထဲက ထွက်သွားစေနိုင်လို့ပါပဲ”လို့ မစ္စတာ ပိုလာစထရိက ပြောပါတယ်။

“လူတွေက ဒီကိုလာပြီး သူတို့စီးပွားရေးလုပ်ငန်းတွေကို ပြောင်းရွှေ့လုပ်ချင်ကြတယ်လေ။ တကယ်လို့ ခင်ဗျားမှာ အထည်ချုပ်စက်ရုံတစ်ရုံရှိမယ်ဆိုရင် မြေကွက်တစ်ကွက်၊ ဒါမှမဟုတ် ပြန်ပြီး ပြင်ဆင်မွမ်းမံရမယ့် အဆောက်အအုံတစ်ခု ခင်ဗျားလိုအပ်မှာပဲ။ ဒါပေမယ့် လတ်တလောမှာတော့ ဈေးတွေက ကမောက်ကမတွေဖြစ်နေ တယ်လေ”လို့ သူကပြောပါတယ်။

“အလုပ်သမားစရိတ်က တခြားနိုင်ငံတွေ ဥပမာပြောရရင် တရုတ်ထက်ပိုပြီး ဈေးသက်သာပေမယ့် မြန်မာနိုင်ငံနဲ့ပတ်သက်ရင် လူတွေက နှစ်ခါပြန်တွေးနေရတာန်းပဲ”လို့ သူကဆိုပါတယ်။

> ရန်ကုန်မြို့လယ်မှာတော့ ရင်းနှီးမြှုပ်နှံမှု လုပ်မယ့်သူတွေဟာ ယခင်မြန်မာနိုင်ငံရဲ့မြို့တော် ရန်ကုန်မြို့ရဲ့ပုံရိပ်ကို ပုံဆောင်ပေးထားတဲ့ ထည်ဝါခမ်းနားလှတဲ့ ရာစုနှစ်ကြာ ကိုလိုနီ အဆောက်အအုံကြီး . . .

မြေယာဈေးနှုန်း မြင့်မားမှုတွေကြောင့် ရန်ကုန်အမြင်ဘက် အထူးစက်မှုဇုန်တစ်ခုမှာ သူ့ရဲ့အထည်ချုပ်စက်ရုံအချို့ ဖွင့်လှစ်ချင်တဲ့ ဟောင်ကောင်အခြေစိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းရှင်တစ်ဦးဟာလည်း စိတ်ပျက်လက်ပျက်ဖြစ်နေပါတယ်။

“မြန်မာနိုင်ငံဟာ ကုန်ကြမ်းတွေ၊ လုပ်သားအင်အားနဲ့မြေယာအရင်းအမြစ်တွေ ကြွယ်ကြွယ်ဝဝရှိတဲ့ တိုင်းပြည်တစ်ပြည်ဖြစ်တာကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အရမ်းကို စိတ်ဝင်စားစရာကောင်းမယ်လို့ ကျွန်တော်တို့ အစောပိုင်းတုန်းက ထင်ခဲ့တယ်”လို့ အဲဒီဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်က ဇွန်လတုန်းက ရန်ကုန်မှာ ကျင်းပခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုညီလာခံတစ်ခုမှာ မြန်မာတိုင်း(မ်)ကို ပြောခဲ့ပါတယ်။

“ဒါပေမယ့် အမြေခံအဆောက်အအုံတွေ တော်တော်လေးနည်းတာနဲ့ ဆက်စပ်မှုရှိနေတဲ့ မြေဈေးမြင့်တက်မှု၊ နောက်ပြီး ကန့်သတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေက အထူးသဖြင့် ကမ္ဘောဒီးယားကို၊ ဗီယက်နမ်တို့နဲ့ယှဉ်ရင် ကျွန်တော်တို့အတွက် စီးပွားရေးလုပ်ငန်းတွေ ဖွင့်လှစ်ဖို့ မှာ်စိတ်ကူးစရာသိပ်မကောင်းလှတဲ့ အချက်တစ်ခုပေါ့”လို့ သူက ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့ မြေဈေးနှုန်းမြင့်မားမှုတွေကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ချင်သူတွေကို သူတို့ရဲ့ ကုန်ထုတ်လုပ်မှု စီမံကိန်းတွေ ဖွင့်လှစ်ဖို့ စရိတ်စက ပိုပြီးသက်သာတဲ့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်တို့၊ ကမ္ဘောဒီးယားတို့ကို ရွှေ့ချယ်သွားစေနိုင်တယ်လို့ မစ္စတာပီကွန်းက သတိပေးခဲ့ပါတယ်။

“ဒီလိုမျိုး ကုန်ထုတ်လုပ်မှုစီမံကိန်းတွေက မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ လုပ်လို့ရတာမဟုတ်ဘူးနော်”လို့ မစ္စတာပီကွန်းကပြောခဲ့ပြီး မြေပိုင်ရှင်တွေဟာ မြန်မာနိုင်ငံသားတွေအတွက် အလုပ်အကိုင်နေရာတွေများများ ပြန်ပြီး ဖန်တီးပေးနိုင်တဲ့ ကုန်ထုတ်လုပ်မှုစီမံကိန်းတွေကို ဆွဲဆောင်စေနိုင်ဖို့ မြေဈေးနှုန်းတွေကို ဒီထက်သင့်တင့်လျောက်ပတ်တဲ့ အဆင့်ရောက်အောင် လျှော့ချပေးဖို့လိုအပ်ပါတယ်လို့ သူက ထည့်သွင်းပြောခဲ့ပါသေးတယ်။

ရန်ကုန်မြို့လယ်မှာတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငယ့်သူတွေဟာ ယခင်မြန်မာ နိုင်ငံရဲ့မြို့တော် ရန်ကုန်မြို့ရဲ့ပုံရိပ်ကို ပုံဆောင်ပေးထားတဲ့ ထည်ဝါခမ်းနားလှတဲ့ ရာစုနှစ်ကြာ ကိုလိုနီအဆောက်အအုံကြီးတွေကို လေ့လာနေကြပါတယ်။

ဗြိတိသျှအစိုးရလက်ထက်က ဆောက်လုပ်ခဲ့တဲ့ ဒီသမိုင်းဝင်အဆောက်အအုံကြီးတွေဟာ မြန်မာအစိုးရပိုင်တွေဖြစ်ပြီး ရန်ကုန်မြို့ရဲ့ ဟိုတယ်အခန်းအရေအတွက် မလုံလောက်မှုကို မြေရှင်းပေးဖို့ ကြိုးပမ်းချက်တစ်ချက်အဖြစ် ဒီကိုလိုနီအဆောက်အအုံကြီးတွေကို ပြန်လည်ပြုပြင်မွမ်းမံပြီး ဟိုတယ်တွေ ဖွင့်လှစ်နိုင်ဖို့ ပြည်ပနဲ့ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေကို တင်ဒါတွေ ဖိတ်ခေါ်ကြောင်း အစိုးရက ဇွန်လအတွင်း ကြေညာခဲ့ပါတယ်။

ရန်ကုန်ရဲ့ အကောင်းအတိုင်းရှိနေသေးတဲ့ ကိုလိုနီအဆောက်အအုံတွေပါဝင်တဲ့ စီမံကိန်း

စာမျက်နှာ ၂၃ သို့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပြင်တစ်နေရာတွင် ဩဂုတ်လဆန်းပိုင်းက ရေကြီးသဖြင့် ဒုက္ခရောက်နေသော မိသားစုကို တွေ့ရစဉ်။ **ဓာတ်ပုံ – အေးအက်ိစ်ပီ**

သဘာဝကပ်ဘေးဆိုင်ရာ စီမံခန့်ခွဲမှုကောင်းတွေလည်း လိုအပ်

နိုင်ငံတော်အနေနဲ့လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ရင်း ၂၁ ရာစုရဲ့စိန်ခေါ်မှုဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်နေတာတွေကိုလည်း တွေ့ရပါတယ်။

ငါးနှစ်တာအတွင်း နိုင်ငံရဲ့ စီးပွားရေးကို ဂျီဒီပီ သုံးဆတက်တဲ့အထိ အရှိန်အဟုန်မြှင့်သွားဖို့ ရည်မှန်းထားတယ်လို့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ဇွန်လ ၁၉ ရက်နေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်မိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။

စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲတွေ၊ စကားဝိုင်းဆွေးနွေးပွဲတွေ၊ လေ့လာရေးအဖွဲ့တွေဟာလည်း နှစ်နှစ်တာကာလအတွင်းမှာ ခြေလှမ်းစိပ်လာကြပါတယ်။

ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ထွက်ရှိလာမယ့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအပေါ် မျက်ခြည်မပြတ်စောင့်ကြည့်ရင်း အနာဂတ်မှာ ဖြစ်ထွန်းလာနိုင်မယ့် အကျိုးအမြတ်တွေကို တွက်ချက်နေကြလေပြီ။

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်အနေနဲ့လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ရင်း ၂၁ ရာစုရဲ့ စိန်ခေါ်မှုဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိနေတာတွေကိုလည်း တွေ့မြင်လာရပါတယ်။

ရာသီဥတုပြောင်းလဲမှုနဲ့ ဆက်နွှယ်နေတဲ့ ကပ်ဆိုးတွေရဲ့ ခြိမ်းခြောက်မှုဟာ ယနေ့ကမ္ဘာမှာ တစ်နေ့ထက်တစ်နေ့ ပိုလို့အသံကျယ်လာနေတဲ့နည်းတူ မြန်မာနိုင်ငံမှာလည်း ဆယ်စုနှစ်ကာလအတွင်း ဆိုးဝါးပြင်းထန်တဲ့ ကပ်ဘေးတွေရဲ့ ရိုက်ချက်တွေ ခံစားခဲ့ရပါတယ်။

၂၀၁၂၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ ဗြိတိန်နိုင်ငံအခြေစိုက် မေပယ်ခရော့ဖ် အကြံပေးအဖွဲ့မှ ထုတ်ပြန်တဲ့ နိုင်ငံပေါင်း ၁၉၇ နိုင်ငံအပေါ်မှာ ပြုလုပ်ခဲ့တဲ့စစ်တမ်းအရ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု အများဆုံးခံစားရနိုင်သော နိုင်ငံများစာရင်းမှာ မြန်မာနိုင်ငံလည်း ပါဝင်နေပါတယ်။

နိုင်ငံရဲ့အခြေခံအဆောက်အအုံ အားနည်းပြီး ကြိုတင်ပြင်ဆင်စီမံခန့်ခွဲမှုလည်း အားနည်းခဲ့မယ်ဆိုရင် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးအပေါ် ထိခိုက်နိုင်မှုအကျိုးဆက်တွေဟာ ပိုပြီးတော့ ကြီးမားနိုင်တယ်လို့လည်း ဒီစစ်တမ်းမှာ ဖော်ပြထားပါသေးတယ်။

ဒီတော့ ရာသီဥတုပြောင်းလဲမှုဟာ ဒီနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တိုင်းမှာ ချစ်ရင်ချစ်မယ်၊ မုန်းချင်မုန်းမယ် ဒါပေမယ့် လျစ်လျူရှုပစ်ပယ်ထားလို့မရတဲ့အရာတွေထဲမှာ ထိပ်ဆုံးက ပါဝင်နေပြီး ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို ရင်ဆိုင်ဖို့အတွက် ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုတွေ ပြင်ဆင်ထားဖို့လိုတယ်လို့ မိုးဇလပညာရှင် ဒေါက်တာထွန်းလွင်က ဆိုပါတယ်။

"ရာသီဥတု ပြောင်းလဲမှုတွေကြောင့် အယ်လ်နီညို၊ လာနီညာလို ပြင်းထန်တဲ့ ရာသီဥတုအခြေအနေတွေဟာ အရင် ခနစ်နှစ်တစ်ကြိမ်ဖြစ်ရာက အခုနောက်ပိုင်းမှာ နှစ်နှစ်တစ်ခါ၊ ဒါမှမဟုတ် နှစ်စဉ်လိုလိုကို ဖြစ်တယ်။ ဒီလိုအစွန်းရောက် ရာသီဥတုအခြေအနေတွေကြောင့် ပုံမှန်မိုးရွာ သွန်းမှုမရှိတော့ရင် လယ်ယာလုပ်ငန်းကို ထိခိုက်ပြီး နိုင်ငံရဲ့စားနပ်ရိက္ခာ ဖူလုံမှုအတွက်အန္တရာယ်ရှိပါတယ်။ ထွက်ကုန်ကျဆင်းမှုတွေ ဖြစ်လာရင် အခြားသောစားဝတ်နေရေးကိစ္စတွေကိုလည်း ထိခိုက်နိုင်ပြီး ဆင်းရဲမွဲတေမှုတွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေ ဖြစ်လာနိုင်ပါတယ်" လို့ဆိုပါတယ်။

၀၉၈၀ ခုနှစ်ကနေ ၀၉၉၈ ခုနှစ် ကာလအတွင်းမှာ နှစ်စဉ်လိုလို မိုးတွေ နည်းနေတာတွေ့ရပြီး စီးပွားရေး၊ နိုင်ငံရေးအကျိုးဆက်တွေ ဆက်စပ်ပြစ်ပေါ်ခဲ့တယ်။ ၁၉၈၈ မှာပြစ်ပွားခဲ့တဲ့ အရေးအခင်းဟာလည်း မိုးလေပသနဲ့ မကင်းဘူးလို့ သူက ဆိုပါတယ်။

အေးစပယ်ဖြူ

"၁၉၈၀ ခုနှစ်ကနေ ၁၉၉၀ ခုနှစ်ထိဟာ ဘယ်နှစ်မှ မိုးကောင်းတဲ့နှစ် မရှိခဲ့ဘူး။ ပူပြင်းခြောက်သွေ့မှုတွေကြောင့် စိုက်ပျိုးရေးအလွန်ထိခိုက်ပါတယ်။ စပါးအထွက်တွေ ထိခိုက်လာတယ်။ ဒါပေမယ့် လယ်သမားတွေအနေနဲ့ အဲဒီအချိန်မှာ နိုင်ငံတော်ကို တာဝန်ကျေစပါးတွေ သွင်းရတယ်။ စာရင်းဇယားတွေမှာ စပါးအထွက်တွေ တိုးနေပေမယ့် တကယ်တမ်း စပါးမထွက်တဲ့အခါကျတော့ တောင်သူက စပါးကို ဝယ်ပေးတယ်။ နောက်ဝယ်ဖို့ပိုက်ဆံမရှိတဲ့ အခါကျတော့ ဆိုးဝါးတဲ့ ခက်ခဲကျပ်တည်းမှုတွေရင်ဆိုင်ခဲ့ရတယ်။ ဒီမကျေနပ်မှုဟာ အခြေခံ လူတန်းစားဖြစ်တဲ့တောင်သူ လယ်သမားထုမှာ ကိန်းအောင်းသွားပြီး ၈၈ မှာပေါက်ကွဲသွားတာ ဖြစ်တယ်လို့ သုံးသပ်ပါတယ်" လို့ သူက ဆိုပါတယ်။

> သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု အများဆုံးခံစား ရနိုင်သော နိုင်ငံများ စာရင်းမှာ . . .

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်လျှောက်လှမ်းနေတဲ့ အနာဂတ်နိုင်ငံသစ်မှာ ကြုံတွေ့ရနိုင်တဲ့ ကပ်ဘေးအမျိုးမျိုးနဲ့ ပတ်သက်ပြီးလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ပြေလည်အောင် ဆောင်ရွက်နိုင်မယ့် စီမံခန့်ခွဲမှုအဆင့်ဆင့်တွေ ချမှတ်ထားရမယ်လို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ဝန်ကြီးဟောင်း ဦးအေဘယ်လ်က ဆိုပါတယ်။

"ကျွန်တော်တို့ ၁၉၈၆-၈၇ မှာ ကျွန်တော်တို့ ဆန်နဲ့ပတ်သက်ပြီးတော့ အကျပ်အတည်းဖြစ်တယ်။ ဒီအကျပ်အတည်းတစ်ခုက ကုန်စည်နဲ့ပတ်သက်တဲ့အကျပ်အတည်းဆိုရင် ကျွန်တော်တို့ ဒီဟာပြေလည်အောင် အရန်ကုန်စည်ဘယ်လောက် ရှိမလဲ၊ အရန်ကုန်စည်ဝမာဏတစ်ခု ရှိရမယ်။ ဒီအကျပ်အတည်းကို ပြေလည်သွားအောင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ ဆန်နဲ့ပတ်သက်တဲ့ အကျပ်အတည်းဆိုရင် ကျွန်တော်တို့ဆန်က ရာသီလိုက် ထွက်တဲ့သီးနှံတွေဆိုတော့ လာမယ့် ရာသီမှာ ဘယ်လိုစိုက်ကြမလဲ။ဘယ်လို ဒီအကျပ်အတည်းကို ပြေလည်အောင် လုပ်ကြမလဲ။ နောက် ပြည်တွင်းစားသုံးမှုအတွက် ဘယ်လိုလုပ်ကြမလဲ။ အပြင် ဒိုးထုတ်နေတဲ့ဟာတွေကို ဘယ်လိုပိတ်မလဲ။ ဒါတွေအားလုံး ကျွန်တော်တို့ လုပ်ရမယ်။ အကျပ်အတည်း စီမံခန့်ခွဲမှုမှာ ဒါတွေအားလုံး ကျွန်တော်တို့က စဉ်းစားရမယ်။ အကျပ်အတည်းက မီးလောင်တာ ဖြစ်မလား။ လျှင်လှုပ်တာ ဖြစ်မလား။ မပြောနိုင်ဘူး၊ အခုလာမယ့် နွေရာသီမှာလည်း ဂရုစိုက်ရမယ်။ အယ်လ်နီညို လာမယ်" လို့ သူက ပြောတယ်။

သဘာဝဘေးနဲ့ဆက်နွှယ်ပြီး ဖြစ်မယ့် အကျပ်အတည်းတွေအဖြင့် လုပ်ငန်းတိုင်းမှာ လုပ်ငန်း သဘာဝအလျောက် ဖြစ်လာနိုင်တဲ့ အကျပ် အတည်းတွေကို ဖြေရှင်းဖို့လည်း အရန်ပြင်ဆင်မှုကို လုပ်ဆောင်ထားသင့်တယ်လို့ ဦးအေဘယ်လ်က အကြံပြုတယ်။

"အရန်ပြင်ဆင်မှုက စီးပွားရေးလုပ်ငန်းတိုင်းမှာ ရှိရမယ်။ ပုဂ္ဂလိကပဲဖြစ်ဖြစ်၊ နိုင်ငံတော်ပဲဖြစ်ဖြစ် အရန်ပြင်ဆင်မှုက ရှိရမယ်" လို့ ပြောတယ်။ နှစ်နှစ်တာကာလအတွင်းမှာ ပြန်လည်အသက်ပင်လာတဲ့ ပုဂ္ဂလိကဘဏ်တွေရဲ့ အရန်ပြင်ဆင်မှုပိုင်းကို ကြီးကြပ်သင့်တယ်လို့လည်း သူက အကြံပြုတယ်။

"အခု ဘဏ်တွေကတော့ မှန်မှန်သွားနေတယ်။ သို့သော် သူဘယ်လောက်အထိ ရပ်တည်နိုင်မလဲ ကြည့်ရမယ်။ အခု သူတို့ကို နိုင်ငံခြားငွေကိုင်ခွင့်တွေကိုလည်း ပေးတော့မယ်။ ဒီလိုကိုင်ခွင့်ပေးတော့မယ်ဆိုရင် လက်လွတ်စပယ်တော့ လုပ်လို့မရဘူး။ နိုင်ငံခြားငွေကြေး ကိုင်ဆောင်သုံးစွဲမှု စည်းမျဉ်းစည်းကမ်းနဲ့မတိသက်လို့ သေသေချာချာ လုပ်ရမှာပေါ့" လို့ သူက ပြောတယ်။

လုပ်ငန်းအလိုက် အရန်ပြင်ဆင်မှုအဖြစ် လုပ်ငန်းတစ်ခုချင်းအလိုက်၊ နိုင်ငံအလိုက်၊ ဒေသအလိုက်အပြင် တစ်ကမ္ဘာလုံးနဲ့ ပတ်သက်တဲ့ အကျပ်အတည်းတွေအတွက် ကမ္ဘာ့ဘဏ်လို အဖွဲ့အစည်းတွေမှာပါ ပြင်ဆင်မှုတွေ လုပ်ထားလေ့ရှိတဲ့အတွက် မြန်မာနိုင်ငံမှာလည်း လုပ်ဆောင်သင့်တယ်လို့ အကြံပြုပါတယ်။

လက်ရှိနိုင်ငံအတိုင်းအတာနဲ့ အရန်ပြင်ဆင်မှုပိုင်း အားနည်းနေသေးချိန်မှာတော့ လုပ်ငန်းတစ်ခုချင်းအလိုက် ပုဂ္ဂလိကပိုင်းက ပိုမိုဂရုစိုက်လုပ်သင့်တယ်လို့ သူက တိုက်တွန်းပါတယ်။

"ပုဂ္ဂလိကတွေက ကိုယ့်လုပ်ငန်းအတွက် ကိုယ့်လုပ်ငန်းရဲ့အရန်ပြင်ဆင်မှုတွေကို ကိုယ့်ဟာကိုယ် လုပ်ထားကြရမယ်၊ ဒါမှမဟုတ် မိတ်ဆွေနိုင်ငံတွေနဲ့ မိတ်ဆွေတွေဖွဲ့ပြီး လုပ်ရမယ်" လို့ ဦးအေဘယ်လ်က တိုက်တွန်းလိုက်ပါတယ်။ ■

အထူးစီးပွားရေးဇုန်စီမံကိန်း မြန်မြန် အကောင်အထည်ဖော်ရန် တိုက်တွန်း

ရန်ကုန်တိုင်း ဒေသကြီး သီလဝါဆိပ်ကမ်းကို တွေ့ရစဉ်။ **ဓာတ်ပုံ – မြန်မာတိုင်း(မ်)**

စန္ဒာလွင်

ဓါတ်တိုင်းနဲ့မတူ မူအသစ်နဲ့ လုပ်ရှားနေတဲ့ မြန်မာနိုင်ငံမှာ အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကြီးတွေလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။

ဒေါ်လာဘီလျံချီ ရင်းနှီးရမယ့် ထားဝယ်၊ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ ပြင်ဦးလွင်၊ မော်လမြိုင် စတဲ့နိုင်ငံအနှံ့က လျာထားအထူးဇုန်စီမံကိန်းကြီးတွေထဲမှာ သတင်းကြီးတဲ့ ထားဝယ်ရေနက် ဆိပ်ကမ်းနဲ့ အထူးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်တွေကို အကောင်အထည် စဖော်လာပြီ။

ထားဝယ်ဇုန်ကို ထိုင်းနိုင်ငံ၊ အီတာလျံ-ထိုင်းကုမ္ပဏီက အပြည့်အဝ တာဝန်ခံ တည်ဆောက်ပြီး သီလဝါဇုန်ကိုတော့ ဂျပန်-မြန်မာ ဖက်စပ်အကောင်အထည်ဖော်နေပါတယ်။

ဒါပေမယ့် ဖွံ့ဖြိုးပြီးကမ္ဘာရဲ့ နည်းပညာနဲ့ အလုပ်အကိုင်ပေးနိုင်မှု အားသာချက်နဲ့ မြန်မာလို ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အဲဒီနှစ်ခု လိုအပ်ချက်ကို ချိတ်ဆက်ပေးတဲ့ အထူးစီးပွားရေးဇုန် လုပ်နည်းလုပ်ဟန်ကို အကောင်အထည်ဖော်နှုန်းဟာ သိပ်နှေးကွေးနေတယ်လို့ စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းက သုံးသပ်ပါတယ်။

ဒီလို အထူးဇုန်တွေ တည်ထောင်ရေးကို တပ်မတော်အစိုးရ လက်ထက်ကတည်းက အများကြီး စီစဉ်ခဲ့ပေမယ့် ဥပဒေပိုင်းနဲ့ ငွေလဲနှုန်းအပါအဝင် ပြည်တွင်းအကြောင်းတွေကြောင့်ရော၊ ပြည်ပဆက်ဆံရေးအကြောင်းတွေကြောင့်ပါ လက်တွေ့ ဖြစ်မလာခဲ့ဘူး။

"အထူးစီးပွားရေးဇုန်က အန်ကယ်လက်ထက်ကတည်းက လုပ်နေကြပါပြီ။ ဂျပန်နဲ့တွဲလုပ်တာဟာ ရန်ကုန်မှာ ဇုန်ခုနစ်ခု၊ မန္တလေးမှာ ဇုန်သုံးခု။ တောင်ကြီးမှာ ဇုန်တစ်ခု။ အစရှိသဖြင့် အဲလို စီးပွားရေးဇုန်တွေ လုပ်ခဲ့တယ်။ ဒါပေမယ့် ဒီဇုန်တွေ အကောင်အထည်ဖော်တာဟာ နှောင့်နှေးနေတယ်လို့ အများကြီး သုံးသပ်တယ်။ ဒီလို အခြေခံအဆောက်အအုံတွေ တည်ဆောက်မထားဘဲနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူက ဘယ်လိုလာလုပ်မလဲ" လို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (အငြိမ်းစား) ပန်ကြီး ဗိုလ်မှူးချုပ်အေဘယ်လ်က ပြောတယ်။

ပြည်တွင်းလုပ်ငန်းရှင်တွေဟာ နိုင်ငံခြားလုပ်ငန်းရှင်တွေနဲ့ မယှဉ်နိုင်တာကြောင့် သတိကိုတစ်နိုင်ငံလုံးအနှံ့ နိုင်ငံသားတွေနဲ့ တန်းတူလုပ်ခွင့်မပေးဘဲ ဇရိယာဇုန်သတ်မှတ်ပြီး အဲဒီအတွင်း အထူးအခွင့်အရေးတွေနဲ့ လုပ်ခွင့်ပေးတဲ့ အထူးစီးပွားရေးဇုန်တွေဟာ နိုင်ငံရဲ့နည်းပညာနဲ့ အလုပ်အကိုင် လိုအပ်ချက်ကို အလျင်မြန်ဆုံးနဲ့ ထိခိုက်မှုအနည်းဆုံး ဖြေရှင်းနိုင်တာကြောင့် ဒီဇုန်တွေကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့လည်း စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းက ဆန္ဒမြူကြပါတယ်။

"အက်စ်အီးဇက်တွေ ဖော်ထုတ်တာ မြန်လေကောင်းလေပဲ။ အခုတောင် နောက်ကျနေပါပြီ။ အမှန်က အစောတန်းက အများကြီးလုပ်ချင်တယ်။ အန်ကယ်တို့ ဆွေးနွေးတာ။ တရုတ်ကလည်း ချက်ချင်းလုပ်မယ်။ ထိုင်းကလည်း ချက်ချင်းလုပ်မယ်။ ဒါပေမယ့် ဥပဒေက မထွက်သေးဘူး ပါလီမန်က မရှိသေးတော့ ဥပဒေက မထွက်နိုင်သေးလို့" လို့ လှိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ပြောတယ်။

"အထူးစီးပွားရေးဇုန်ဆိုတာ ငြင်းစရာမရှိတဲ့ လုပ်နည်းလုပ်ဟန်ပဲ။ အိမ်ငှားစားမယ်လို့ ဆုံးဖြတ်ပြီးရင် ငှားစရာအိမ်တော့ မြန်မြန်ဆောက်မှပေါ့" လို့ မြန်မာနိုင်ငံငါးလုပ်ငန်းအသင်းချုပ် အတွင်းရေးမှူး ဦးနှင်းဦးက ပြောတယ်။

မင်္ဂလာဒုံစက်မှုဇုန်ကို ဖော်ထုတ်တဲ့ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဦးခင်ရွှေကလည်း အထူးစီးပွားရေးဇုန်တွေ မြန်မြန်ဆန်ဆန် တည်ထောင်ဖို့ ပြောဆိုတယ်။

"ချမ်းသာသွားတဲ့နိုင်ငံတွေတိုင်း အထူးစီးပွားရေးဇုန်ကို လုပ်ကြတယ်။ တို့နိုင်ငံမှာလည်း မြန်မြန်လုပ်သင့်တယ်"လို့ ဇူလိုင်တုန်း ပြောဆိုခဲ့တယ်။

လုပ်သင့်ပြီး လုပ်ဖို့လည်း စီစဉ်ထားတဲ့ အထူးစီးပွားရေးဇုန်တွေ တည်ရေးနှောင့်နှေးနေရတဲ့ အချက်ထဲမှာ ရည်ညွှန်းစရာ ဥပဒေမထွက်သေးတာ ပါသလို ဇုန်အတွင်း ဆောက်ရမယ့် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံတွေအတွက် အရင်းမရှိတာလည်း တစ်ချက်ပါဝင်ပါတယ်။

ဒေါ်လာ ရှစ်ဘီလျံ လျာထားတဲ့ ထားဝယ်ဇုန်စီမံကိန်းအတွက် ငွေကြေးအခက်အခဲဖြစ်နေပြီး စီမံကိန်းတစီစိတ်တစ်ပိုင်းကို အီတာလျံထိုင်းက ပြန်ရောင်း၊ သို့မဟုတ် ဖက်စပ်ပါတနာအသစ်ရှာနိုင်ခြေသတင်းတွေကို ဖတ်ရှုနေရပါတယ်။

ဇုန်တည်ရေး အခြေခံအဆောက်အအုံအတွက် အရင်းငွေအခက်အခဲကို အများပိုင်အထူးစီးပွားရေးဇုန်တစ်ခုလုံးကို ဂျပန်-မြန်မာဖက်စပ်အကောင်အထည်ဖော်မယ်။ မြန်မာနိုင်ငံဘက်က အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး အများရဲ့ထည့်ပင်မှုနဲ့ လုပ်ငန်းကို ဆောင်ရွက်မယ်။

"ကနဦးလုပ်ငန်းတွေ စလုပ်နေပြီ။ ကုမ္ပဏီကို ဒီနှစ်ကုန်လောက် ကြေညာနိုင်ဖို့ မှန်းထားတယ်" လို့ ဦးဆောင်အကောင်အထည်ဖော်နေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောတယ်။

အများပိုင်ကုမ္ပဏီတွေနဲ့ အထူးစီးပွားရေးဇုန်တွေအတွက် လုပ်ငန်းတွေ လည်ပတ်ဖို့ အရင်းအနှီးဈေးကွက်တစ်ခုနဲ့ ရှယ်ယာဒိုင်ပြစ်ထွန်းရေးနဲ့ ဥပဒေရေးရာ ခိုင်မာရေးကိုလည်း ဦးအေဘယ်လ်က တိုက်တွန်းပါတယ်။

"Stock market ရှိမှ public ကုမ္ပဏီက ရှင်သန်မယ်. . ကိုယ်တို့ဆီမှာ stock လည်း

မရှိသေးဘူး။ အစကတည်းက အဲဒါပြောနေတာ stock market လုပ်ဖို့။

"Share ရောင်းပြီဆိုရင် A share, B share, C share ။ C share ကတော့ နိုင်ငံခြား component ဝါမှာ ပေါ့။ C share ပါ float လုပ်ရမှာပေါ့။ ဆိုတော့ သူ့ share နဲ့ သူ့ share ပယ်လိုက်တဲ့အခါမှာ. . အနည်းဆုံး ၃၅ ရာခိုင်နှုန်း ရှိရမယ်။ ၃၅ ရာခိုင်နှုန်းထက်ကျော်လို့ ရှိရင်လည်း ကိုယ်တို့ရောင်းရမှာပေါ့နော်။ ဆိုတော့ သူက ဒီလုပ်ငန်းကြီးကို သူထည့်တဲ့ share အရ ဒီလုပ်ငန်းကြီးကို ပိုင်ဖို့အတွက် ဘယ်လောက်လိုမလဲ ၇၀ ရာခိုင်နှုန်း လိုမယ်၊ ၇၀ ရာခိုင်နှုန်း သူ့ရဲ့ အဆွယ်အပွားတွေနဲ့ ဆွေမျိုးအဆွယ်အပွားတွေနဲ့ ပယ်ပြီးတော့ ဒါကြီးတစ်ခုလုံး သူ သိမ်းလိုက် ဘယ့်နှယ်လုပ်မလဲ. . ။ ဒါကို . . . ဥပဒေ ရှိရမယ်။ အဲဒါကို ဥပဒေတွေ ရှိရမယ်" လို့ ဦးအေဘယ်လ်က အကြံပြုတယ်။

အထူးဇုန်တွေ အကောင်အထည်ဖော်လာတာနဲ့အတူ စက်မှုလုပ်ငန်းအများအပြားဟာ တစ်နေရာတည်း စုစည်းနေမှာဖြစ်တဲ့အတွက် ဒေသရဲ့ သဘာပပတ်ဝန်းကျင်မထိခိုက်ရေး၊ စွန့်ပစ်ပစ္စည်းစီမံရေး၊ ဒေသခံများကို မထိခိုက်ရေးတွေကိုပါ တစ်ပါတည်း သတိရှိရှိကြိုတင်စီမံထားဖို့လည်း တိုက်တွန်းထားပါတယ်။

"ထားပယ်ဆိုရင် အခုလည်း စည်းမျဉ်းစည်းကမ်းတွေတော့ ရှိမှာပေါ့။ ဒါပေမယ့် လူနေရပ်ကွက်နဲ့ ဝေးနေတော့ တောထဲမှာလို ဖြစ်နေတယ်။ ထင်သလို လုပ်သွားမှာကို စိုးရိမ်တယ်။ ထင်သလို လုပ်လို့ရမယ် ထင်ချင်လည်း ထင်မှာပေါ့လေ။ ရန်ကုန်ပိုင်းလိုကျတော့ လုပ်လို့မရဘူး။ ပြည်သူလူထုက ကန့်ကွက်တာ။ အစိုးရက ကိုင်တွယ်မပေးလို့ မရဘူး။ ဟိုဘက်မှာတောင် ကန့်ကွက်တယ်။ ဒါပေမယ့် လူနည်းစုပေါ့။ ထင်သလို လုပ်သွားမှာကိုတော့ စိုးရိမ်တယ်" လို့ ဦးမြတ်သင်းအောင်က ပြောတယ်။

"(အထူးစီးပွားရေးဇုန်တစ်ခုရဲ့ သဘာပပတ်ပန်းကျင်ဆိုင်ရာ) impact က သိပ်ကြီးတာပေါ့။ ဘာလို့တုန်းဆိုတော့ wastage ကလည်း များတယ်။ သဘာဝပတ်ပန်းကျင်မထိခိုက်အောင် ဇုန်ထဲမှာ environmental committee ရှိတယ်နော်။ ဆိုတော့ ဒါတွေလည်း အကုန်လုံး ကြပ်မတ်ပေးရမှာပေါ့။ Undertaken contract ထဲမှာကို ပါတာပေါ့။ သဘာဝပတ်ပန်းကျင် မထိခိုက်အောင် လိုက်နာရမယ်၊ မြန်မာပြည်က နေလည်း ကြပ်မတ်ပေးရမယ်။ သူတို့လည်း လိုက်နာရမယ်" လို့ ဦးအေဘယ်လ်က ပြောဆိုပါတယ်။

ဒါကြောင့် ကျွမ်းကျင်သူများရဲ့ အာဘော်အရ ချေးငွေဖြင့်ဖြစ်စေ၊ ရှယ်ယာစုပြီးဖြစ်စေ ကမ္ဘာ့အဆင့်မီအခြေခံအဆောက်အအုံကို ပြည့်စုံအောင် စီမံပြီး စီးပွားရေးဆိုင်ရာမက်လုံးများနဲ့ ဒေသအတွက် ထိခိုက်မှုအနည်းဆုံးနဲ့ အကျိုးအရှိဆုံး ဖြစ်စေမယ့် ကြပ်မတ်မှုများကို ဟန်ချက်ညီအောင် ကြံဆဖော်ထုတ်နိုင်ရင် နိုင်ငံရေးတည်ငြိမ်နေသမျှ မြန်မာ့အထူးစီးပွားရေးအထူးဇုန်များရဲ့ အလားအလာဟာ ရွှေရောင်တောက်ပနေမယ်လို့ ခန့်မှန်းလျက်ရှိကြပါကြောင်း. . ။ ■

မြေဈေးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ...

စာမျက်နှာ ၂၀ မှ

တွေဟာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်စေမယ်လို့ Cube Capital က ဆိုပါတယ်။

ဒါပေမယ့် ဒီလိုအထိမ်းအမှတ်အဆောက်အအုံတစ်ခုခုကို ရရှိနိုင်မယ့် ရှုပ်ထွေးလှတဲ့ ဥပဒေလုပ်ငန်းကြောင်းတွေကို နားလည်နိုင်ဖို့အတွက်ကတော့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေအတွက် အခက်အခဲရှိနေပါတယ်။

"ဒီလို လှပတဲ့ ကိုလိုနီအဆောက်အအုံတွေအားလုံးဟာ ရင်းနှီးမြှုပ်နှံသူ တော်တော်များများရဲ့ အာရုံကို ဖမ်းစားထားနိုင်တဲ့ အခွင့်အလမ်းကြီးတစ်ရပ်ပါ"လို့ မစ္စပက်ကီးဗားကပြောပါတယ်။

"ပြီးတော့ အာဏာပိုင်တွေကနေ မျှတပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စနစ်တစ်ခုနဲ့ ဒီလိုအဆောက်အအုံအနည်းငယ်ကို လေလံဆွဲနိုင်အောင် စတင်လုပ်ဆောင်ခဲ့တာကို အလွန်အပြုသဘောဆောင်တဲ့ ကိစ္စတစ်ခုအဖြစ် ကျွန်မတို့ မြင်ပါတယ်"လို့ မစ္စပက်ကီးဗားကဆိုပါတယ်။

ဒါပေမယ့် ဆူးလေဘုရားမြင်ကွင်း တစ်ခုလုံးကို မြင်တွေ့နိုင်တဲ့ ယခင်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးဌာန သုံးထပ်အဆောက်အအုံကို မျက်စိကျနေတဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတစ်ဦးကတော့ အစိုးရက တင်ဒါဆွဲဖို့ကိစ္စနဲ့ပတ်သက်ပြီး လုံလောက်တဲ့ သတင်းအချက်အလက်တွေ မရရှိတာနဲ့ပတ်သက်ပြီး စိုးရိမ်မှုရှိနေပါတယ်။

"အမေရိကန်ဒေါ်လာ လေးသန်းနဲ့ဈေးပေးဖို့ ကျွန်တော်က ကမ်းလှမ်းထားပါတယ်။ ဒါပေမယ့် တင်ဒါမပိတ်ခင် ပေးထားတဲ့ အခွင့်အလမ်းတွေက နည်းလွန်းတယ်"လို့ လေလံလုပ်ငန်းတွေကို ကြီးမှူးလုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ဇွန်လက လေလံပိတ်ရက်သတ်မှတ်ချိန်ကို သီတင်းနှစ်ပတ်လို့ ကြေညာခဲ့တာကို ရည်ညွှန်းပြီး သူကပြောခဲ့တာပါ။

မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖခင်ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူရဲ့ပန်ကြီးအဖွဲ့ဝင်တွေ ၁၉၄၇ ခုနှစ်မှာ လုပ်ကြံခံခဲ့ရတဲ့ နေရာဖြစ်တဲ့ ရန်ကုန်တ ပန်ကြီးများရုံးဟာ နာမည်သိပ်မရှိတဲ့ မနေ့ဟာ Artist Group ကို MIC က တင်ဒါအအောင် ပေးခဲ့တာကြောင့် ယခုနှစ် ဇန်နဝါရီလက လေလံပိတ်ခဲ့ပါတယ်။ ဈေးနှုန်းတတော့ ဘယ်လောက်မှန်း မသိရပါဘူး။

ကမ္ဘာ့တွေက သက်ဆိုင်ရာအဆောက်အအုံအပေါ် ပြည့်ပြည့်ဝဝ အကဲဖြတ်နိုင်အောင် လေလံသတ်မှတ်ချိန်ကို ဒီထက်ကြာကြာပေးဖို့အမြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကို ပိုပြီး လမ်းဖွင့်ပေးနိုင်အောင်လို့ တင်ဒါခေါ် ယူမှုစနစ်တွေမှာ ဒီထက်ပိုပြီး ပွင့်လင်းမြင်သာမှုတွေ အများကြီး လိုအပ်နေတယ်လို့ တိနိုဝိကွန်းကပြောပါတယ်။

"တည်ဆောက်မှုဆိုင်ရာအပေါ် သမာမိကျကျ အကဲဖြတ်မှုတွေကို အပြည့်အဝ စီမံဆောင်ရွက်နိုင်ခွင့် အပါအဝင် ဒီလိုအရေးကြီးတဲ့ အဆောက်အအုံတွေကို အသေးစိတ် တန်ဖိုးဖြတ်သတ်မှတ် မှုတွေလုပ်ဖို့ ကမ္ဘာ့တွေအတွက် လေလံသတ်မှတ်ချိန် ကြာကြာပေးဖို့ လိုအပ်တယ်။ ဒါမှ ပိုကောင်းမွန်တဲ့ လေလံနည်းစနစ်တစ်ခု ဖြစ်ပေါ်လာနိုင်ပြီး တိုင်းပြည်ရဲ့ အဖိုးထိုက်တန်လှတဲ့ အမွေအနှစ်တွေ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် အကောင်းဆုံးအကျိုး ကျေးဇူးတွေ ဖြစ်လာမှာပါ"လို့ ၎င်းက ပြောပါတယ်။

နိုင်ငံခြားဟိုတယ်လုပ်ငန်းစုကြီးတွေဟာ သူတို့ကိုယ်ပိုင်အမှတ်တံဆိပ် ဟိုတယ်ကြီးတွေ အဖြစ် မြန်မာနိုင်ငံမှာ သူတို့ရဲ့ စီးပွားရေးခြေ့ထွင်မှုတွေကို ရှေ့ဆောင်လမ်းပြနိုင်ဖို့အတွက် ဒီသမိုင်းဝင်အဆောက်အအုံဟောင်းကြီးတွေကို အပြိုင်အဆိုင် ဝယ်ကြပါလိမ့်မယ်လို့ သူကပြောပါတယ်။

"ဒီသမိုင်းပင် ကိုလိုနီအဆောက်အအုံအများအပြားဟာ နိုင်ငံခြားဟိုတယ်လုပ်ငန်းတွေဆီက

> လူနေတိုက်ခန်း ၈,၀၀၀ မှာ လူ ၂၅,၀၀၀ နေထိုင်နိုင်ဖို့ မျှော်မှန်းထားပြီး ဒီလူနေအိမ်ရာ စီမံကိန်းကြီးမှာ စီးပွားရေး ...

ပယ်လိုအား အများကြီးရနိုင်မယ်"လို့ မစ္စတာပီကွန်းက ပြောပါတယ်။ ဒါ့ပြင် ဟိုတယ်ကြီးတွေဟာ ဖက်စပ်လုပ်ငန်းတစ်ခုအဖြစ် ဒီအဆောက်အအုံတွေကို ရယူရသာမက ဒါတွေဟာ ရန်ကုန်နဲ့ တခြားမြို့ကြီးတွေမှာ ရေရှည်လုပ်ကိုင်မယ့် သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေထဲက အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်လာနိုင်ပါတယ်လို့ မစ္စတာပီကွန်းက ထပ်မံ ပြောခဲ့ပါတယ်။

အိမ်တွေ၊ တိုက်ခန်းတွေနဲ့ ပန်ဆောင်မှုပါ တိုက်ခန်းတွေကို ငှားရမ်းပြီး နေထိုင်နေကြတဲ့ ရန်ကုန်က နိုင်ငံခြားသားနေထိုင်သူတွေရဲ့ တိုးပွားလာနေတဲ့ နေထိုင်စရာ လိုအပ်ချက်တွေဟာလည်း ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် စိတ်ပင်စားစရာအချက်တစ်ချက် ဖြစ်ပါတယ်။

ပဲခူးမြစ်တစ်ဖက်ခြမ်းမှာ စင်ကာပူနိုင်ငံ Yoma Strategic Holdings ရဲ့ ဖက်စပ်ဆောက်လုပ်ရေး မိတ်ဖက်ကုမ္ပဏီ SPA Group (Serge Pun and Associates)ရဲ့ စီမံကိန်းကြီးတစ်ခုဖြစ်တဲ့ Star City လူနေအိမ်ရာတာဝါကြီးအချို့ တည်ဆောက်မှုဟာ အခုချိန်မှာတော့ ဆောက်လုပ်ဆဲအခြေအနေပါပဲ။

Star City လူနေအိမ်ရာစီမံကိန်းကြီးရဲ့ တတိယမြောက်တိုက်က ယနှစ် ၇၅ ရာခိုင်နှုန်း ခန့်ကို ရင်းနှီးမြှုပ်နှံသူတွေက ဝယ်ယူထားပြီးပြီလို့ SPA ကပြောပါတယ်။ ပင်ငွေအလယ်အလတ်အဆင့် ဝယ်သူတွေအတွက် ရည်ရွယ်ထားတဲ့ ကြယ်ပုံစံ အဆောက်အအုံကြီး ၂၀ ရဲ့ တည်ဆောက်မှု ပြီးစီးမယ့်အချိန်ဟာ ၂၀၂၀ ပြည့်နှစ်မှာ ဖြစ်ပါတယ်။

လူနေတိုက်ခန်း ၈,၀၀၀ မှာ လူ ၂၅,၀၀၀ နေထိုင်နိုင်ဖို့ မျှော်မှန်းထားပြီး ဒီလူနေအိမ်ရာ စီမံကိန်းကြီးမှာ စီးပွားရေး လုပ်ငန်းတွေ၊ ဈေးဝယ်စင်တာတွေနဲ့ ကျင်း ၁၈ ကျင်းပါ ဂေါက်ကွင်းတစ်ကွင်းလည်း ပါဝင်ပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေဟာ စိုက်ပျိုးမွေးမြူရေးနဲ့ကုန်ထုတ်လုပ်မှု စီမံကိန်းသစ်တွေလို အခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် မြေနေရာတွေ အပါအဝင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေရဲ့ အာရုံကို ဆွဲဆောင်ထားပြီးသားဖြစ်တဲ့ မြေလွတ်ဟက်တာပေါင်းများစွာကို လေ့လာကြည့်ရှုနေကြပါတယ်။

ဒါပေမယ့် လျှပ်စစ်မီး၊ လမ်းနဲ့ ဆက်သွယ်ရေး ကွန်ရက်တွေအပါအဝင် အခြေခံအဆောက်အအုံနည်းပါးမှုဟာ မြေလွတ်များများ အသုံးပြုရတဲ့ စီမံကိန်းတွေကို အကျိုးအမြတ် ကောင်းကောင်းရနိုင်ဖို့အတွက်တော့ ရင်းနှီးငွေနဲ့ နည်းပညာတွေမှာ ပမာဏကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးထားရှိဖို့ လိုအပ်နေတယ်ဆိုတာ ဖော်ပြနေတာပါ။

ဒီအချက်ဟာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကို ရင်းနှီးမြှုပ်နှံမှုတွေ အလျှင်စလိုမလုပ်ဖို့ ဟန့်ထားတဲ့အရာဖြစ်ပါတယ်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံဟာ အလားအလာအခွင့်အရေးတွေ အများကြီးရှိတယ်ဆိုတာ လက်ခံပေမယ့် အများစုကတော့ မြေဈေးနှုန်းမြင့်မားမှု၊ လုပ်ငန်းလည်ပတ်မှုစရိတ်၊ မကျင့်သုံးရသေးတဲ့ ဥပဒေစနစ်နဲ့ ဆက်စပ်နေတဲ့ ဥပဒေဆိုင်ရာ မရေရာမှုတွေ စတဲ့အချက်တွေဟာ ပမာဏကြီးတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးတွေလုပ်ဖို့ စောလွန်းနေသေးတယ်ဆိုတာ ဖော်ပြနေရာရောက်တယ်လို့ ယူဆထားကြပါတယ်။

"အခုချိန်မှာတော့ ရင်းနှီးမြှုပ်နှံသူတွေဟာ 'စောင့်ကြည့်လေ့လာမယ်'ဆိုတဲ့ သဘောထားကိုပဲ ခံယူထားကြပါတယ်"လို့ တိုနီပီကွန်းက ပြောပါတယ်။ **စာစီ။ ဘာသာပြန်သည်။** ■

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေနိုင်မယ့် ...

စာမျက်နှာ ၁၂ မှ

အရောင်းအဝယ်လုပ်ရာမှာ အဆင်ပြေစေဖို့ အရေးတကြီးဖြေရှင်းဖို့ လိုအပ်နေပါတယ်။

နောက်ဆုံးအချက်ကတော့ လူမှုရေး ကိစ္စတွေပဲ ဖြစ်ပါတယ်။ အလုပ်သမားတွေရဲ့ လုပ်ခလစာနဲ့ပတ်သက်ပြီး အထူးသဖြင့် အလုပ်သမားအင်အားကို အများဆုံးအသုံးပြုရတဲ့ စက်ရုံမျိုးတွေမှာ အချင်းများရတဲ့ကိစ္စတွေ မကြာသေးခင်က ဖြစ်ပွားခဲ့တာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်လာတာနဲ့အမျှ အလုပ်သမားအခွင့်အရေးနဲ့ အလုပ်သမားတွေ သက်သာချောင်ချိရေး စတာတွေကိုလည်း ထည့်သွင်းစဉ်းစားပေးရမှာ ဖြစ်ပါတယ်။

ဒီအခြေအနေကို မှတည်ပြီး မြန်မာအစိုးရဟာ အလုပ်သမားသမဂ္ဂဆိုင်ရာ ဥပဒေသစ်နဲ့ တခြားသက်ဆိုင်ရာ စည်းမျဉ်းတွေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အလုပ်သမား ပြဿနာဟာ သိမ်မွေ့နက်နဲတဲ့ ကိစ္စတစ်ခုဖြစ်ပေမယ့် အလုပ်သမားနဲ့ အလုပ်ရှင်ကြားထဲက လိုပ်ခဲ့တည်းလည်း အခြေအနေကို ပူးပေါင်းညှိနှိုင်းတဲ့ နည်းလမ်းသုံးပြီး ဖြေရှင်းသင့်သလို လိုအပ်ဝါရင် အစိုးရကလည်း ကြားဝင်ဖျန်ဖြေပေးသင့်ပါတယ်။

တစ်ဖက်နဲ့တစ်ဖက် နားလည်မှု လွဲနေတဲ့ အသေးအဖွဲလေးတွေဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့ အငြင်းပွားမှုတွေကို ဖြစ်စေတဲ့အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုသင့်ပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ တောင်ကိုရီးယားလုပ်ငန်းရှင်တွေကိုလည်း နှစ်နိုင်ငံကြားက မတူညီတဲ့ စီးပွားရေးပတ်ဝန်းကျင် အခြေအနေတွေကို နားလည်အောင် လေ့လာထားဖို့နဲ့ ကိုယ်နိုင်ငံမှာထက် ပိုပြီးကြိုးစားအားထုတ်ကြဖို့ အကြံပြုထားပါတယ်။ မြန်မာနိုင်ငံရဲ့ ရိုးရာအစဉ်အလာတွေ၊ ဓလေ့ထုံးစံတွေ၊ ယဉ်ကျေးမှုတွေနဲ့ ဘဝနေထိုင်မှုပုံစံတွေကိုလည်း နားလည်အောင် လေ့လာထားဖို့ လိုပါတယ်။

လိုအပ်တဲ့ သတင်းအချက်အလက်တွေကို စုဆောင်းပြီး ရရှိထားတဲ့ အချက်အလက်တွေကို အသေးစိတ်စိစစ်သုံးသပ်ဖို့ လိုသလို အလားအလာရှိတဲ့ ဒေသခံလုပ်ငန်း အစုစပ်ပါတနာတွေနဲ့ လုပ်ငန်းတူချင်း ဆက်သွယ်ရေး စနစ်ပိုကျယ်ပြန့်လာအောင်လည်း ကြိုးပမ်းဖို့ လိုပါတယ်။ ဒါ့ပြင် လိုအပ်ပါက အစိုးရအဖွဲ့ တာဝန်ရှိသူတွေနဲ့လည်း အသေးစိတ်ဆွေးနွေးတိုင်ပင်ဖို့ လိုပါတယ်။

တစ်ချိန်တည်းမှာပဲ လူမှုရေးတာဝန်တွေမှာလည်း ပူးပေါင်းပါဝင်ဖို့ အရေးကြီးတယ်ဆိုတဲ့ အချက်ကို သတိပြုဖို့လည်း လိုပါတယ်။

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လျင်မြန်တဲ့ တိုးတက်ပြောင်းလဲမှုတွေနဲ့ အပြောင်းအလဲတွေရဲ့ သဘောသဘာဝနဲ့ လေးနက်မှုကိုလည်း နားလည်သဘောပေါက်ဖို့လိုပါတယ်။

အခက်အခဲတွေ ပေါ်ပေါက်လာစေနိုင်တဲ့အတွက် အခွင့်အလမ်းတွေ အရင်ကထက် ပိုပြီး ဖွင့်ပေးထားမယ်လို့ အများစုက ပြောကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာမယ့် ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပါဝင်လှုပ်ရှားကြဖို့ အလားအလာကောင်းတဲ့ တောင်ကိုရီးယား လုပ်ငန်းရှင်တွေကို ကျွန်တော်ကဖိတ်ခေါ်ပါတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံမှာလာပြီး ကုမ္ပဏီတွေဖွင့် ရင်းနှီးမြှုပ်နှံကြတဲ့အတွက် အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ တောင်ကိုရီးယား အနုပညာနဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်တဲ့အတွက် ကိုရီးယားယဉ်ကျေးမှု၊ ဘဝနေထိုင်မှုပုံစံနဲ့ အတွေးအခေါ်တွေကို မြန်မာတွေ နားလည်ထားကြပါတယ်။ **သီရိမင်းထွန်း၊ ဘာသာပြန်သည်။** ■

(မစ္စတာကင်ဟေးယောင်သည် မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားနိုင်ငံ၏ လက်ရှိသံအမတ်ကြီးဖြစ်သည်။)

ပိတ်ဆို့မှုတွေဟာ စီးပွားရေးအတွက် အနှောင့်အယှက်

ဖစ်တိုးရီးယားဘာရုစ်

မြန်မာနိုင်ငံဟာ နိုင်ငံရေးနဲ့ စီးပွားရေးဖြုပြင်ပြောင်းလဲမှုတွေလုပ်လာတာနဲ့အမျှ အနောက်နိုင်ငံတွေကလည်း ဒီပြောင်းလဲမှုတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို လျှော့ချပေးပြီး အရှေ့တောင်အာရှနိုင်ငံတွေနဲ့ လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကူညီအားပေးနေပါတယ်။

အနောက်အုပ်စုက မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို လျှော့ချပေးလိုက်တာဟာ သမ္မတဦးသိန်းစိန်ရဲ့ ပြုပြင်ပြောင်းလဲရေးအစီးရကို ထောက်ခံတဲ့လက္ခဏာတစ်ရပ်အဖြစ် လိုက်လိုက်လှဲလှဲကြိုဆိုတာဝလိုဆိုပေမယ့် ဒီအခြေအနေဟာ ရင်းနှီးမြှုပ်နှံမှုတွေကို ရုတ်တရက် အလုံးအရင်းနဲ့ ဝင်ရောက်လာအောင် မလုပ်ပေးနိုင်သေးပါဘူးလို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

အနောက်နိုင်ငံရဲ့ စီးပွားရေးပိတ်ဆို့မှုတွေ လျှော့ချပေးလိုက်တာဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှုတိုးပွားလာအောင် မြှင့်တင်ပေးနိုင်ပေမယ့် မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ထပ်မံဝင်ရောက်လာအောင် ဆွဲဆောင်နိုင်ဖို့ အများကြီးလုပ်ပေးဖို့ လိုနေပါသေးတယ်လို့ ဩစတြေးလျနိုင်ငံ Macquarie တက္ကသိုလ်မှာ မြန်မာ့စီးပွားရေးဘာသာရပ်ကို လေ့လာ သင်ကြားနေတဲ့ ဂျာရက်ဘစ်ဆင်ဂါ (Jared Bissinger) ကပြောပါတယ်။

"ရင်းနှီးမြှုပ်နှံမှုတွေဟာ လူတိုင်း ထင်ထားသလို တစ်ခါတည်း ဝုန်းဆို အလုံးအရင်းနဲ့ ပင်လာမှာမဟုတ်ပါဖူး။ ကုမ္ပဏီတွေက မြန်မာနိုင်ငံကို လာကြည့်နေကြပါတယ်။ ဒါပေမယ့် အကုန်လုံးက ငွေမထည့်ကြသေးဝါဘူး။ စီးပွားရေးတစ်ခု တိုးတက်မှုရလာဖို့အတွက်ဆိုရင် အချိန်တွေ အများကြီးယူရပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေကလည်း အဲဒီလိုပဲ ဖြစ်လာမှာပဲ" လို့ မစ္စတာ ဘစ်ဆင်ဂါက ပြောပါတယ်။

> ရင်းနှီးမြှုပ်နှံမှုနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ပိတ်ဆို့မှုတွေကို အမေရိကန်က ရုပ်ဆိုင်းပေးလိုက်တာဟာ သဘောတရားအရ ကောင်းပုံရပေမယ့် အဓိကအရေးပါတဲ့ ပိတ်ဆို့မှုတွေကတော့ . . .

အနောက်အင်အားကြီးနိုင်ငံတွေ ဖြစ်တဲ့ ဥရောပသမဂ္ဂ၊ ကနေဒါ၊ ဩစတြေးလျနဲ့ အမေရိကန်နိုင်ငံတို့ဟာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အမျိုးမျိုး သောပိတ်ဆိုမှုတွေကို တစ်ဆင့်ချင်း လျှော့ချနေကြသလို နိုင်ငံခြားကုမ္ပဏီတွေရဲ့ ကိုယ်စားလှယ်တွေကလည်း ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းတွေကို ပြုံးခဲ့တဲ့လအနည်းငယ်ကပဲ လာရောက်လေ့လာခဲ့ကြပါတယ်။

"အရေးယူမှုတွေကို ကျွန်တော်တို့ အဓိက သတ်မှတ်ထားတဲ့ အနေအထားအထိ အမြေခံအားမြင့် လျှော့ချပေးခဲ့ပါပြီ" လို့ ပိတ်ဆိုမှုများ လျှော့ချကြောင်း အမေရိကန်နိုင်ငံက ကြေညာချက်ထုတ်ပြန်ခဲ့တဲ့နေ့မှာ အမေရိကန်သံရုံးမှ ဒုတိယအကြီးအကဲ အလီနာနာဂီ (Eleanor Nagy)က ယခင်အစိုးရနဲ့ ဆက်စပ်ပတ်သက်မှုရှိတယ်လို့ ယူဆရတဲ့ကုမ္ပဏီတွေနဲ့ လုပ်ငန်းရှင်တွေကို အမေရိကန်အစိုးရက နာမည်ပျက်စာရင်းသွင်းထားကြောင်း မြန်မာတိုင်း(မ်)ကို ပြောပြပါတယ်။

ရင်းနှီးမြှုပ်နှံမှုအသစ်တွေနဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေ မြန်မာပြည်တွင်း ဝင်ရောက်ခွင့်ပေးလိုက်တာတွေဟာ သမ္မတဦးသိန်းစိန်ရဲ့ အစိုးရကို အားပေးထောက်ခံတဲ့ လက္ခဏာတစ်ရပ်ဖြစ်ပြီး ဒီမိုကရေစီလမ်းကြောင်းဆီ ရှေ့ဆက်သွားနိုင်ဖို့ အားပေးအားမြှောက်ပြုပေးမှာပါလို့ မစ္စနာဂီက ပြောပါတယ်။

စီးပွားရေးပိတ်ဆိုမှုလျှော့ချပေးတာတွေဟာ မှန်ကန်တဲ့လမ်းကြောင်းက ထိရောက်တဲ့ ခြေလှမ်းတစ်ရပ်အဖြစ် အမေရိကန်နိုင်ငံက လက်ခံသင့်ဝါတယ်။ ဒါပေမယ့် အဲဒါတွေဟာ မကြာသေးခင်က ပေါ်ပေါက်လာတဲ့ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေအပေါ် အမေရိကန်ရဲ့ တုံ့ပြန်မှုတွေပဲဖြစ်တယ်လို့ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံဆိုင်ရာဗြိတိန်သံအမတ်ဟောင်းလည်းဖြစ် အကျိုးအမြတ်မရှာတဲ့ အဖွဲ့တစ်ဖွဲ့ ခြစ်တဲ့ Network Myanmar အဖွဲ့ရဲ့ဥက္ကဋ္ဌလည်း ဖြစ်တဲ့ ဒဲရစ်တန်ကင်က ပြောပါတယ်။

" ဘွတ်ရှ်အစိုးရလက်ထက်က အမြော်အမြင်မရှိ ခပ်တုံးတုံး အတွေးတွေနဲ့ ချမှတ်ခဲ့တဲ့ ပိတ်ဆိုအရေးယမှုတွေကို အမေရိကန်အစိုးရက ယေဘုယျ ဖျက်သိမ်းပေးခဲ့ပြီး ရိုက်ခတ်မှုအနည်းငယ်သာရှိနိုင်တဲ့ ပိတ်ဆို့မှုမျိုးကိုပဲ အလေးထားချမှတ်ထားတယ်" လို့ ၎င်းက ဆိုပါတယ်။

"ရင်းနှီးမြှုပ်နှံမှုနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ပိတ်ဆို့မှုတွေကို အမေရိကန်က ရုပ်ဆိုင်းပေးလိုက်တာဟာ သဘောတရားအရ ကောင်းပုံရပေမယ့် အဓိကအရေးပါတဲ့ ပိတ်ဆိုမှုတွေကတော့ အရင်အတိုင်းပဲရှိနေပါသေးတယ်"။

"ခုအခြေအနေက မြန်မာနိုင်ငံအပေါ် တုံ့ပြန်ရုံသက်သက်ပါပဲ။ ဒီလိုမျိုး အကြောင်းပြပြီး ခိုးကျူးတာတွေက ဘဏ္ဍာရေး၊ စီးပွားရေးနဲ့ ပွံ့ဖြိုးရေးအကူအညီကန့်သတ်ချက်တွေကို တစ်ကြိမ်တည်းနဲ့ ရုပ်သိမ်းလိုက်တဲ့ နော်ဝေနဲ့ ဩစတြေးလျနိုင်ငံတို့လို အခြေအနေကို ဖန်တီးယူပြီး ချဉ်းကပ်တဲ့သူတွေရဲ့ ပုံစံနဲ့ ဆန့်ကျင်ဘက်ဖြစ်နေသလို ပိတ်ဆို့မှုတွေအကုန်လုံး ရုပ်သိမ်းတာထက် ဆိုင်းငံ့ထားတာကိုပဲ ရွေးချယ်ခဲ့တဲ့ ဥရောပသမဂ္ဂနိုင်ငံတွေနဲ့ ကနေဒါနိုင်ငံတို့လို အင်အားကြီးနိုင်ငံတွေရဲ့ သတိထားဆောင်ရွက်တဲ့မူဝါဒတွေနဲ့လည်း မတူပါဘူး' လို့ သူကပြောပါတယ်။

ကျန်ရှိနေသေးတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့မှုတွေကိုပါ ရုပ်သိမ်းပေးမှာမြစ်ပြီး ဩစတြေးလျပိုင်ကုမ္ပဏီတွေကို အားပေးတဲ့ လက္ခဏာတစ်ရပ်အဖြစ် မြန်မာနိုင်ငံနဲ့ ပြန်လည်ချိတ်ဆက်မိစေဖို့ ဩစတြေးလျနိုင်ငံက စတင်လှမ်းဝင်လာတော့မယ်လို့ ဩစသြေးလျနိုင်ငံခြားရေးဝန်ကြီး ဘော့ဘ်ကား ဇွန်လအတွင်း ရန်ကုန်ကို လာခဲ့စဉ် ပြောကြားခဲ့ပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ပိတ်ဆိုမှုတွေ ရုပ်သိမ်းပေးတဲ့ ဆောင်ရွက်ချက်ဟာ မြည်တွင်းကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတိုးတက်စေမှာဖြစ်တယ်လို့ ဩစတြေးလျအစိုးရရဲ့ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးအဖွဲ့ခွဲ Austrade က ဘောဂဗေဒအရာရှိချုပ်ဟောင်းတစ်ဦး ဖြစ်သူ တင်မ်ဟာကုဒ်က ပြောပါတယ်။

သံသံဆွေး ဘာသာပြန်သည်။ ■

BAGAN CAPITAL

WE PROUDLY ANNOUNCE THE OPENING OF OUR NAY PYI TAW OFFICE

MYANMAR DEDICATED INVESTMENT & ADVISORY

HONG KONG ▪ YANGON ▪ NAY PYI TAW

WWW.BAGANCAPITAL.COM